www.burmeseclassic.com



ကမ္ဘာမကျေသော်လည်း ဥဒါန်းမကျေသည့်
အထိမ်းအမှတ်အဖြစ် နှစ်စဉ်နှစ်တိုင်း
ဩဂုတ်လ (၉) ရက်နေ့တွင်
ငြိမ်းချမ်းရေးခေါင်းလောင်းကို ထိုးကြသည်။ ယင်းခေါင်းလောင်းသံသည်
အဏုမြူဗုံးကျသည့်အတွက်
မီးလောင်ကျွမ်းသောနာဂါစကီ
သစ်ငုတ်တိုပေါ်၌ နားနေသည့်
ငြိမ်းချမ်းရေးချိုးငှက် ကျူးရင့်လိုက်သော
ငြိမ်းချမ်းရေးတေးသံဖြစ်သည်

# ပါရဂူ ဂျပန်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၄၀၀၉၈၆၀၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၀၁၁၈၃၁၀၀၉
မျက်နှာဖုံးဒီဇိုင်း ◆ အံ့ဘွယ်
အတွင်းစာစီ ◆ မြစ်ခွဲဇူဝင်းကွန်ပျူတာ
ထုတ်ဝေသည့်လ ◆ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ
အကြိမ် ◆ ပထမအကြိမ်
အုပ်ရေ ◆ ၅၀၀
ထုတ်ဝေသူ ◆ ဦးသန်းမြင့်(၀၁၀၄၀)၊
လင်းလင်းစာပေ၊
အမှတ်(၄/၂၉)၊မြဝတီမင်းကြီးလမ်း၊
၁၀–မိုင်ကုန်းအင်းစိန်ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ ◆ ဦးဇော်မင်း (W!zard)၊
အမှတ်(၁၉၈)၊ ၃၃–လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ် ◆ ဦးတိုးဝင်း(၀၂၇၁၁)၊
နေလရောင်အော့ဖ်ဆက်၊(၉၆/ခ)၊
၁၁–လမ်း၊ ရန်ကုန်မြို့။
စာအုပ်ချုပ် ◆ ဝပ၀ိုးနှင့်အဖွဲ့
တန်ဖိုး ◆ ၁၀၀၀ ကျပ်

၈၉၂
ပါရဂူ
ဂျပန် / ပါရဂူ။ – ရန်ကုန် ။
လင်းလင်းစာပေ ၊ ၂၀၀၉။
၁၂၈ – စ ။ စင်တီ။
(၁) ဂျပန်

# ပါရဂူ

■

ဂျပန်

www.burmeseclassic.com

www.burmeseclassic.com

### ၃ွတာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

## အမှာစကား

အိန္ဒိယပြည်မှလွဲလျှင် မိမိ စိတ်အဝင်စားဆုံးတိုင်းပြည်သည် ဂျပန်ပြည်ဖြစ်သည်။ ဂျပန်ပြည်ကို အဘယ်ကြောင့် စိတ်ဝင်စားသနည်း။ ဂျပန်ပြည်သည် ဗုဒ္ဓဘာသာတိုင်းပြည်တစ်ပြည်ဖြစ်သည်။ ဂျပန်ပြည်၌ ပြန့်ပွားထွန်းကားနေသော ဗုဒ္ဓဘာသာမှာ မဟာယာန ဗုဒ္ဓဘာသာ ဖြစ်သည်။ မဟာယာန ဗုဒ္ဓဘာသာ၌လည်း စိတ်ပါဝင်စားစရာအချက်အလက်များစွာပါရှိသည်။

ဂျပန်ပြည်၌ လေးစားအပ်သော ကျင့်ကြံအားထုတ်မှုများ ပြုလုပ်နေကြသော မဟာယာန ဗုဒ္ဓဘာသာဂိုဏ်းပေါင်း ၃၀ ကျော်လောက်ရှိသည်။ ယင်းဂိုဏ်းပေါင်း ၃၀ ကျော်ထဲက မိမိ၏ အာရုံကို အဆွဲဆောင်နိုင်ဆုံးသောဂိုဏ်းမှာ နီချီရင်းဂိုဏ်းဖြစ်သည်။

နီချီရင်းဂိုဏ်းသည် မိမိ၏ အာရုံကို အဘယ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အဆွဲဆောင်နိုင်ဆုံးဂိုဏ်း ဖြစ်နေသနည်း။ နီချီရင်းဂိုဏ်းသည် 'သဒ္ဓမ္မပုဏ္ဍရိက'သုတ်ကို အခြေခံလျက် တည်ထောင်ထားသော ဂိုဏ်းဖြစ်သည်။

'သဒ္ဓမ္မ ပုဏ္ဍရိက'သုတ်သည် လောကဟိတအတွက် ဆောင်ရွက်ရန် အလေးအနက်တိုက်တွန်း နှိုးဆော်ထားသော သုတ်ဖြစ်သည်။

အများအကျိုး ဆောင်ရွက်ရန်အတွက်၊ လောကဟိတ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားမှုရှိသော မိမိအပေါ်တွင် လောကဟိတဆောင်ရွက်ရန် လှုံ့ဆော်အားပေးသော သဒ္ဓမ္မပုဏ္ဍရိကသုတ်ကို အခြေခံလျက် တည်ထောင်ထားသော နီချီရင်းဂိုဏ်း ဩဇာစူးရှ သက်ရောက်မှုရှိနေသည်မှာ အဆန်း မဟုတ်ပေ။

ဂျပန်ပြည်ကို စိတ်ဝင်စားခြင်း၏ အခြားအကြောင်း တစ်ရပ်မှာ ဂျပန်စာပေဖြစ်သည်။ အာရှနိုင်ငံများထဲက အိန္ဒိယပြည်မှလွဲ၍ စာပေနှင့်ပတ်သက်ပြီး မိမိစိတ်အဝင်စားဆုံး နိုင်ငံမှာလည်း ဂျပန်နိုင်ငံဖြစ်နေသည်။ ဂျပန်နိုင်ငံ၌ ဝတ္ထုစတင် ရေးသားသော အဦးဆုံးကာလမှစ၍ ဆွဲဆောင်နေသော ကြီးမားသည့် အကြောင်းတစ်ရပ် ဖြစ်နေသည်။

ထို့ကြောင့် ဘာသာရေးအခြေခံအရလည်းကောင်း၊ စာပေ အခြေခံအရလည်းကောင်း မိမိအပေါ်၌ ဩဇာစူးရှနေသော ဂျပန်ပြည်နှင့် ပတ်သက်သည့် ဆောင်းပါး စာတမ်းများကို



ရံဖန်ရံခါ မြန်မာစာပေလောက၏ တစ်ခန်းကဏ္ဍအဖြစ် မိမိ တင်ပြလာခဲ့သည်။ ယခု 'ဂျပန်'အမည်ဖြင့် ထုတ်ဝေသော စာအုပ်၌ မိမိ ရေးသားထားသော ဂျပန်ပြည်နှင့် ပတ်သက်သည့် ဆောင်းပါးစာတမ်းများကို မြန်မာစာဖတ် ပရိသတ် ရှေ့မှောက် တင်ပြခွင့်ရသည့်အတွက် အကြီးအကျယ် ပီတိ သောမနဿ ဖြစ်ရသည်။

ပါရဂူ

၁၀.၁၁.၀၀

www.burmeseclassic.com

www.burmeseclassic.com

## မိုးနှင့် ဂျပန်စာ

နေ့ရက် ။ ။ ၁၉၄၃ နိုဝင်ဘာ ၂၅၊

အချိန် ။ ။ ည ၃ နာရီ၊

နေရာ ။ ။ သန်လျင်မြို့မင်းကျောင်း။

ဥဩသံနှစ်သံရှိသည့်အနက် ဥဩငှက်တွန်ကျူးသံက နားဝင်ချိုပြီး စစ်ကာလ မိုးကျဲလေယာဉ်ရောက်လာချိန် သတိပေးသော ဥဩသံက နားဝင်ဆိုးပြီး ငှက်ဆိုးထိုးသံနှင့်တူသည်။

ည ၈ နာရီလောက် ရှိပြီ။ ငှက်ဆိုးထိုးသံ ထွက်ပေါ်လာသည်။ သန်လျင်မြို့သည် ရန်ကုန်မြို့ တစ်ဖက်ကမ်း၌ရှိနေသည်ဖြစ်၍ ရန်ကုန် ကောင်းကင်ပြင် မိုးကြဲလေယာဉ်ပျံရောက်လာတိုင်း ရန်ကုန်၌သာမက သန်လျင်၌လည်း အမင်္ဂလာဥဩသံ ပေါ်လာတတ်သည်။ ဥဩသံ ကြားရ၍ ထုံးစံ



အတိုင်း ကျောင်းအောက်ဆင်းပြီး ရန်ကုန်မြို့ဘက် လှမ်းမျှော်ကြည့်ကြသည်။

ရန်ကုန်ကောင်းကင်ပြင်၌ ရန်သူလေယာဉ်ပျံ ရောက်နေပြီ။ မီးကျည်သုံးဆယ်ကျော်လောက်ချပြီး သဲသဲမဲမဲ ဗုံးကြဲတိုက်ခိုက်နေသည်ကို တွေ့ရသည်။ ရန်ကုန်ကောင်းကင်ပြင်က အင်္ဂလိပ်လေယာဉ်ပျံများနှင့် ရန်ကုန်မြေပြင်က ဂျပန်စစ်တပ်၏ တိုက်ပွဲကို ရန်ကုန် တစ်ဖက်ကမ်း သန်လျင်မြို့ဘက်မှ လှမ်းမျှော်ကြည့်ရသည်မှာ စိတ်ပါဝင်စားစရာကောင်းလှသည်။

ညအချိန် ဥဩဆွဲပြီဆိုလျှင် ကျောင်းအောက်ဆင်းလျက် ကျောင်းအနောက်ထောင့်မှ ရန်ကုန်မြို့ပေါ်က ကောင်းကင်ယံတိုက်ပွဲကို စိတ်ပါဝင်စားစွာ ကြည့်လေ့ရှိကြသည်။ ယခုလည်း ရန်ကုန်မြို့ပေါ်က ကောင်းကင်ယံတိုက်ပွဲကို ကြည့်ရှုနေကြသည်။ အချိန် သိပ်မကြာလိုက်ပါ။ ရန်သူရှင်းပြီဆိုသည့် ဥဩထပ်ဆွဲသောအခါ ကျောင်းပေါ်ပြန်တက်ပြီး အိပ်ကြသည်။

သို့သော်လည်း ရန်သူလေယာဉ်ပျံသည် ကျေနပ်အားရသွားပုံ မရသေးပေ။ ည ၃ နာရီထိုးခါနီး၌ ရန်သူလေယာဉ်လာနေသည်ဟူသော သတိပေးဥဩဆွဲသံ ကြားရပြန်သည်။ ညဦး ၈ နာရီလောက်က တစ်ကြိမ်၊ ကျောင်းအောက်ဆင်းခဲ့ရပြီဖြစ်၍ ယခုတစ်ကြိမ် ဥဩအဆွဲတွင် တော်တော်နှင့်မထ

www.burmeseclassic.com

www.burmeseclassic.com



ကြသေးဘဲ ပေအိပ်နေကြသည်။ နားကွဲမတတ် ကျယ်လောင်သော အမြောက်သံများကို ကြားရမှ မထလျှင် မဖြစ်တော့ဘဲ အိပ်မှုန်စုန်မွှား အိပ်ရာကထပြီး ကျောင်းအောက်ဆင်း၍ ညဦးက ကြည့်သောနေရာ ကျောင်းအနောက်ထောင့်ကပင် ကောင်းကင်ယံ တိုက်ပွဲကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေကြသည်။ ငရဲပန်းကို ရွှေမန်းထင်နေကြသည်။ ကောင်းကင်ယံတိုက်ပွဲတွင် အလှရှာနေကြသည်။ တစ်ယောက်နှင့်တစ်ယောက် အလဲထိုးသော လက်ဝှေ့ပွဲကို ဩဘာပေးနေကြသည်။ ကျွဲခတ်သောပွဲကို လက်ခုပ်တီးနေကြသည်။ မကြာမီအချိန်အတော အတွင်း မိမိတို့ မြေဇာပင်ဖြစ်လာမည့်အရေးကို လုံးဝမတွေးတော မိကြပေ။

ရန်သူလေယာဉ်ပျံသည် အောက်ကထိုးထားသော ဆပ်ချလိုက် မီးရောင်ထဲတွင် ဖမ်းမိနေသည်။ မီးရောင်အောက်က ပိုးဖလံကောင်လေးလို ဖြစ်နေသည်။ လေယာဉ်ပစ်အမြောက်သံများ အဆက်မပြတ် ပြင်းပြင်းထန်ထန် ပေါ်လာသောအခါ ရန်သူလေယာဉ်ပျံသည် အနောက်ရှုးရှုးသို့ ခပ်သုတ်သုတ် ပျံပြေးသည်။ ကျွန်တော်တို့ လူစုသည် 'ကျတော့မယ်ကွ' ဟု ဟစ်အော်ဆူညံလျက် ရန်သူလေယာဉ်ပျံအကျကို စောင့်စား ကြည့်ရှုနေကြသည်။

ထိုအခိုက် အနောက်ရှုးရှုးမှ ဂျပန်တိုက်လေယာဉ်က စက်သေနတ်နှင့် ပစ်ခတ်သောကြောင့် ရန်သူလေယာဉ်သည်



သန့်လျှပ်မြိုဘက်ကွေ့လာသည်။ ဖြစ်လိမ့်မည်ဟု လုံးဝမမျှော်လင့်သောကြောင့် အကြောက်အလန့် ကင်းရှင်းစွာဖြင့် ဦးခေါင်းပေါ်ရောက်နေသော လေယာဉ်ပျံကို မော်ကြည့်နေကြသည်။ ထိုအခိုက် 'ရှီ' ဟူသော ဗုံးကျသံ ကြားလိုက်ရမှ ရုတ်တရက် မြေကြီးပေါ် ဝပ်လိုက်ကြသည်။ တတ်သမျှ မှတ်သမျှ ဂါထာမန္တန်များကိုရွတ်ဆိုရင်း ဘုရားကိုသာ တ,နေရသည်။ ဗုံးသံများကြောင့် နားကွဲမတတ် ဖြစ်သွားသည်။ ဗုံးဆန်မှန်ပြီး သေခြင်းဆိုးနှင့် သေရတော့မည်မှာ တော်တော်ကလေး ကျိန်းသေသော်လည်း သေမင်း မျက်စိမှောက်သွားဟန်တူ၏။

ဗုံးကျသံ စဲသွားသည်ဖြစ်၍ ကပျာကယာ လူးလဲထပြီး ကျောင်းဝင်းထဲ ပြေးဝင်လာသောအခါ ကျောင်းအရှေ့ဘက် အိမ်မှ 'ကယ်ပါ ယူပါ' ဟု ဟစ်ကြွေးနေကြသော ဒုက္ခသည် တစ်စု၏ ကြင်နာဖွယ် အော်ဟစ်သံများကို မီးလောင်ဗုံးကျ၍ မီးဟုန်းဟုန်းတောက်နေသော အိမ်များကြားထဲက ထွက်ပေါ်လာသည်ကို ကြားနေရသည်။ ပတ်ဝန်းကျင်တစ်ပိုက်၌ မီးခိုးတွေ တစ်ဆုံနက်မှောင်မိုက်နေသည်။ ကမ္ဘာပျက်သည်ဆိုသည်မှာ ထိုပုံစံအတိုင်းပင် ဖြစ်လိမ့်မည်ဟု တွေးနေမိသည်။ ထိတ်လန့်ကြောက်ရွံ့လှသောကြောင့် ရင်တဒိတ်ဒိတ် ခုန်နေသည်။ ထိုအချိန်ထိ ဘုရားကိုသာ တ,နေရတုန်းပင်ဖြစ်သည်။

ဓမ်းကျောင်းဝင်းထဲ ဗုံးသုံးလုံးကျသည်။ ကျွန်ုပ်တို့ ဝပ်လိုက်သောနေရာနှင့် အနီးကပ်ဆုံးဗုံးမှာ လေး ငါး ခြောက်လံ

www.burmeseclassic.com



လောက်သာ ခြားလိမ့်မည်။ အနီးအနား ပတ်ဝန်းကျင်တစ်ဝိုက်၌ မိုး ၇ လုံး၊ ၈ လုံး ကျသည်။

ဤမျှ သေတွင်းနှင့် နီးကပ်နေသော်လည်း ကျွန်ုပ်တို့အားလုံး အံ့ဩဖွယ် အသက်ဘေးက လွတ်သွားကြသည်။ နောက်တစ်လလောက်ကြာမှ ကျောင်းတိုင်ဆရာတော် ဦးခေမိန္ဒ၏ အဖျားရောဂါ တော်တော်နှင့် မပျောက်သောကြောင့် ဓါတ်တာသာဒင် စမ်းသပ်ကြည့်သောအခါ ကျောထဲ မိုးဆန်အစသေးသေးလေး ဝင်ရောက်နေရာယူနေသည်ကို တွေ့ရ၍ ထုတ်ပစ်လိုက်ရသည်။

ကျောင်းဆောင်တွေ ပျက်စီးသွားသည်။ ကျောင်းအပေါ်ထပ်က မိမိအိပ်သောခုတင် မိုးဆန်ထိမှန်သွားသည်။ ကျွန်ုပ်တို့ ကောင်းကင်ယံတိုက်ပွဲကို ကြည့်နေသောနေရာ၌လည်း မိုးဆန်များကျနေသည်ကို အထိတ်တလန့် တွေ့မြင်ရသည်။ ရန်သူလေယာဉ်သည် သန်လျင်မြို့ကို တမင်တကာ မိုးချခြင်းဟုတ်ဟန်မတူပေ။ စက်သေနတ်ဘေး၊ အမြောက်ဘေးကြောင့် ပြေးရလွယ်အောင် ဝိတ်လျှော့သွားခြင်း ဖြစ်ဟန်တူသည်။

ယင်း သေကံမရောက် သက်မပျောက်သော နေ့ရက်ဝန်းကျင်၌ပင် ဂျပန်စာ စာသင်ကျောင်း ရောက်သွားသည်။

မိမိတို့ ကျောင်းဝင်းတစ်ဝိုက်၌ မိုး ၇ လုံး၊ ၈ လုံးကျပြီးခဏမဆိုင်းပင် ဂျပန်စစ်သားများ 'ကွိကွကွိကွ'နှင့် မိုးကျသည့်နေရာသို့ ပေါက်ချလာကြသည်။ မကွဲသေးသော မိုးများလည်း ရှိသေး၍ ရှင်းလင်းပစ်ဖို့ တာဝန်ရှိသောကြောင့် မိုးကျသည့်နေရာသို့ ဂျပန်စစ်သားများ လာကြည့်ကြခြင်းဖြစ်သည်။ ကောင်းကင်ယံတိုက်ပွဲကို ကြည့်နေကြသော မိမိတို့အဖွဲ့တွင် ဒုလ္လဘာရဟန်းဝတ်သော လူငယ်တစ်ယောက်လည်းပါသည်။ ဒုလ္လဘာရဟန်းသည် ဂျပန်ကျောင်းတက်နေသူဖြစ်၍ ဂျပန်စကားပြောတတ်သည်။ မိုးကျသည့်နေရာသို့ ရောက်လာသော ဂျပန်စစ်သားများထဲတွင် ဂျပန်စကားသင်ပေးသော စစ်သားလည်း ပါလာသည်။ ဒုလ္လဘာရဟန်းက သူ၏ ဂျပန်ဆရာစစ်သားကို တွေ့ရသောအခါ 'ဆင်းသေ ဆင်းသေ'ဟု ခေါ်လိုက်ပြီး ရဟန်းနှင့် သာမဏေများ ဂျပန်စာသင်ချင်နေကြသည်ဟု ပြောပြလိုက်သည်။ သေတွင်းနှုတ်ခမ်း ရောက်နေချိန်၌ပင် ဒုလ္လဘာရဟန်းက ကြုံတောင့်ကြုံခဲဆိုပြီး ဂျပန်စကားသင်လိုသော မိမိတို့၏ဆန္ဒကို ထုတ်ဖော်ပြောပြလိုက်ခြင်းဖြစ်သည်။ ဂျပန်စစ်သားက ဒုလ္လဘာရဟန်းပြောသော စကားကို မှတ်သားသွားသည်။

နောက်တစ်ပတ်လောက် ကြာသောအခါ သန်လျင်မြို့ မိန့်ကျိုးဂျက်ကျောင်းတွင် ဖွင့်ထားသော ဂျပန်စာသင်ကျောင်း၌ ရဟန်းနှင့် ကိုရင်လေး ငါးပါးလောက် ရောက်နေကြသည်။ ကိုရင်နှင့် ရဟန်းများထဲတွင် မိမိလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ထိုအချိန်က ဂျပန်ပြည်က ဂျပန်စာသင်ပေးမည့် ဂျပန်ဆရာများ ရောက်မလာမီစပ်ကြား ဂျပန်စစ်သားက



www.burmeseclassic.com

www.burmeseclassic.com



ယာယီဂျပန်စာပြဆရာ တာဝန်ယူနေခြင်းဖြစ်သည်။ အစ ပထမ၌ ဂျပန်ကျောင်းတွင် အဆင်မပြေမှုကလေးများ တွေ့ကြုံရသည်။ စာသင်ချိန် ရောက်ရှိလာသောအခါ ကျောင်းသားအားလုံး မတ်တတ်ရပ်ပြီး အရိုအသေပြုကြရသည်။ ဤတွင် ရဟန်းနှင့် ကိုရင်များအတွက် ပြဿနာဖြစ်လာသည်။ ပထမအများနည်းတူ မတ်တတ်ရပ်ပြရသေးသည်။ ဂျပန်စာသင်ပေးသူမှာ ဂျပန်စစ်သားဖြစ်သောကြောင့် ယာယီမျှသာ ဖြစ်ပြီး မကြာမီအတောအတွင်း ဂျပန်နိုင်ငံမှ ဂျပန်ကျောင်းဆရာနှစ်ဦး ရောက်လာသည်။ ဆရာကြီး၏ အမည်က 'ခါတော့'ဖြစ်ပြီး လက်ထောက်ဆရာ၏အမည်က 'ခါနာ့မိနေ့'ဟု ခေါ်သည်။ ခါနာ့မိနေ့က လူရွှင်။ အင်္ဂလိပ်စကားလည်း အနည်းအကျဉ်း ပြောတတ်သည်။ ဂျပန်စာသင်ချိန်၌ အင်္ဂလိပ်စကား ညှပ်ညှပ်ပြောသည်။ ဂျပန်ကျောင်းသားများ မတ်တတ်ရပ်ပြီး အရိုအသေပြုသည်ကို ကြည့်လျက် ခါနာ့မိနေ့က 'တခြားကျောင်းသားများကတော့ ဦးခေါင်းငုံ့ပြီး အရိုအသေပြုကြတယ်၊ ကိုရင်တွေ ဦးပဉ္စင်းတွေကတော့ ဦးခေါင်းမငုံ့ဘဲ ရင်ကော့ပြီး အရိုအသေပြုကြတယ်'ဟု ခပ်ရွှတ်ရွှတ်ခပ်နောက်နောက် ပြောသည်။ ဆရာခါတော့သည် အလွန်သဘောထားပြည့်ဝသော ဂျပန်ကျောင်းဆရာကြီး ဖြစ်သည်။ သင်တန်းစချိန် မတ်တတ်ရပ်ပြီး အရိုအသေပြုခြင်းသည် ဘုန်းကြီးရဟန်းများနှင့် အပ်စပ်သည့် အလုပ်မဟုတ် ဟူ၍



တင်ပြသောအခါ ဂျပန်ကျောင်းဆရာကြီး ခါတော့က နားလည်မှုရှိသွားပြီး ဘုန်းကြီးရဟန်းများ နေချင်သလိုနေနိုင်သည်ဟု ခွင့်ပြုလိုက်သည်။

သုံးလလောက် သင်ရုံနှင့် ဂျပန်စကား ပြောတတ်လာသည်။ တချို့ လူငယ်ကျောင်းသားများ သုံးလလောက် ဂျပန်ကျောင်းတက်ပြီး ဂျပန်စကား ပြောတတ်လာသောအခါ ဂျပန်စကားပြန် ထွက်လုပ်ကြသည်။ မိမိတို့ကမူ ဂျပန်စာ တတ်လိုသောကြောင့် မပျက်မကွက် ကျောင်းတက်ပြီး ဂျပန်စာသင်ကြသည်။ ကျောင်းတွင် ယောက်ျားလေးများ၊ မိန်းကလေးများနှင့်ရောပြီး ဂျပန်စာသင်ရသည်။ တစ်နှစ်လောက်ကြာသောအခါ ဂျပန်စာ အတော်အတန် ဖတ်တတ်လာသည်။ ဂျပန်လို ခပ်လွယ်လွယ်ထုတ်သော စာစောင်များကိုပင် ဖတ်၍ရသည်အထိ ဖြစ်လာသည်။ ဂျပန်စာစောင်များတွင်ပါသော 'ဦးဉတ္တမ'နှင့် 'ခင်မျိုးချစ်'အကြောင်း ဖတ်ရသည်မှာ ထိုအချိန်က ဖြစ်သည်။ စာစောင်များတွင် 'ခန်ဂျိ'ခေါ် ခက်ခဲသော စာလုံးများ ပါရှိသော်လည်း ယင်းစာလုံးများ၏ ဘေး၌က ဖတ်၍လွယ်ကူသော 'ကတခန' 'ဟိရခန'စာလုံးများဖြင့် အဓိပ္ပာယ်ဖော်ထားသောကြောင့် 'ခန်ဂျိ'စာလုံးများကိုလည်း ဖတ်၍ရသည်။

ရန်ကုန်မြို့၌လည်း ဂျပန်စာသင်ကျောင်းရှိသည်။ ရန်ကုန် ဂျပန် စာသင်ကျောင်းသည် မြန်မာတစ်ပြည်လုံး မြို့ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



၌ရှိသော ဂျပန်စာသင်ကျောင်းများ၏ ဗဟိုဌာနသဖွယ် ဖြစ်နေသည်။ ဗဟိုဌာနဖြစ်သော ရန်ကုန် ဂျပန်စာသင်ကျောင်းမှ မြန်မာတစ်ပြည်လုံးရှိ ဂျပန်စာသင်ကျောင်းများအတွက် သတင်းစာ ထုတ်ဝေသည်။ ယင်းသတင်းစာ၌ 'ရှင်ပါရဂူ' အမည်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားဖူးသည်။ ဆောင်းပါး၏ခေါင်းစဉ်မှာ 'မြန်မာသစ်နှင့် သာသနာသစ်'ဖြစ်သည်။ တစ်နှစ်သင်တန်းပြီးသောအခါ၌လည်း ကျောင်းထွက်မသွားဘဲ 'ကင်ခယုက'ခေါ် အထူးတန်းကို ဆက်လက်တက်ကြသည်။ အထူးတန်းတွင် ခက်ခဲသော စာလုံးများဖြစ်သည့် 'ခန်ဂျိ'များကို အတော်များများ သင်ပေးသည်။

၁၉၄၃ ခု၊ နိုဝင်ဘာ ၂၅ ရက်နေ့မှစ၍ ဂျပန်စာသင်လာခဲ့သည် မှာ ၁၉၄၄ ခု၊ မေလ ၅ ရက် ဂျပန်စစ်တပ်နှင့်အတူ ဂျပန်ဆရာနှစ်ယောက် သန်လျင်မြို့မှ ဆုတ်ခွာသွားကြသည့် အချိန်အထိ တစ်နှစ်နှင့် ခုနစ်လတိတိ ဂျပန်စာ သင်ခဲ့သည်။ ဂျပန်စကားကိုလည်း ကောင်းကောင်းပြောတတ်သည်။ ဂျပန်စာကို ဖတ်တတ် ရေးတတ်သည်အထိ ဖြစ်လာသည်။ တစ်ခါတစ်ရံ မိမိပြောသော ဂျပန်စကားကို ကြားရသည့်အတွက် ဂျပန်တချို့ပင် အံ့အားသင့်သွားကြသည်။ တစ်ခါ 'ဆာကေ'ခေါ် အရက်နှင့် ပတ်သက်ပြီး ဂျပန်တစ်ယောက် နှစ်ယောက်နှင့် စကားစပ်ကြသောအခါ ကျွန်တော်က 'ကိုယ့်က အရက်ကို သောက်တာကောင်းပေမယ့် အရက်က မြန်



သောက်တာ ကိုယ်ခံရရင်တော့ မကောင်းဘူး'ဟူ၍ ဂျပန်စကားပုံတစ်ခုအတိုင်း ဂျပန်လို ပြောလိုက်သောအခါ ဂျပန်နှစ်ယောက် အံ့အားသင့်သွားကြသည်။

သို့သော်လည်း ဂျပန်ခေတ် နိဂုံးချုပ်သွားသည်နှင့် တစ်ပြိုင်နက် မိမိ၏ ဂျပန်စာလေ့လာမှုလည်း မရှိတော့ပြီ ဖြစ်သောကြောင့် မိမိတတ်ထားသော ဂျပန်စကားနှင့် ဂျပန်စာသည် မိမိ၏ အမှတ်သညာထဲတွင် တစ်စတစ်စ မှေးမှိန်ကွယ်ပျောက်သွားသည်။ အကယ်၍ ဂျပန်စာအုပ်များကို စဉ်ဆက်မပြတ် လေ့လာဖတ်ရှုနေခဲ့ပါမူကား မိမိတတ်မြောက်ထားသော ဂျပန်စကားနှင့် ဂျပန်စာသည် ယခုအချိန်အထိ ဆက်လက်ရှင်သန်နေပေလိမ့်မည်။

၁၉၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဗရာဏသီမြို့သို့သွားပြီး ပညာသင်ကြားသည်။ ဂျပန်စာ သင်သောနှစ်နှင့် ၃ နှစ်လောက်သာ ခြားသောကြောင့် ထိုအချိန်အထိ ဂျပန်စကား မေ့မသွားသေးပေ။ မိဂဒဝုန်၌ နေစဉ်အတွင်း ဂျပန်လူမျိုး ဘုရားဖူးများ လာကြသည်။ ဘုရားဖူးလာသော ဂျပန်ဧည့်သည်များနှင့် ဂျပန်လိုစကား ပြောကြည့်၍ရသေးသည်။ ဂျပန်ဧည့်သည်များနှင့် မိမိ ဂျပန်လိုပြောသည်ကို တွေ့မြင်ကြသောအခါ မိဂဒဝုန် မဟာဗောဓိအသင်းတိုက်ရှိ သီဟိုဠ်ရဟန်းတော်များက ချီးမွမ်းစကား ပြောကြသည်။ အင်္ဂလိပ်စကားသာ၌ စကားကိုသာ တတ်မြောက်ထားကြသော သူတို့သည် ဂျပန်

www.burmeseclassic.com



နည့်သည်များနှင့် တွေ့သည့်အခါ ဂျပန်လို ပြောချင်ကြသည်။ သို့ရာတွင် ကမ္ဘာစစ်အတွင်းက မိမိတို့လို ဂျပန်လူမျိုးများနှင့် အထိအတွေ့မရှိသောကြောင့် ဂျပန်စကားပြောချင်လျက်နှင့် မပြောနိုင် ဖြစ်နေကြသည်။

၁၉၅၆ ခုနှစ် နယူးဒေလီမြို့ အာရှစာရေးဆရာများ ညီလာခံ၏ အတွင်းရေးမှူးအဖွဲ့သို့ သွားရောက်စဉ်ကလည်း ဂျပန်စာသင်ခဲ့သည်မှာ ၁၂ နှစ်လောက် ကြာခဲ့ပြီဖြစ်စေကာမူ ဂျပန်စကား အထိုက်အလျောက် ပြောတတ်သေးသည်။ ဂျပန်ပြည်မှ လာသော ဂျပန်စာရေးဆရာ 'ယောရှိဟောတ'ကို ဂျပန်လိုရောကြည့်သည်။ မိမိတွေ့ဖူးသော ဂျပန်လူမျိုးတိုင်း နိုင်ငံခြားသားများ ဂျပန်စကားပြောလျှင် ဝမ်းသာအားရဖြစ်ကြသည်။ အိန္ဒိယလူမျိုးများလို မဟုတ်ပေ။

အိန္ဒိယလူမျိုးများကမူ ဟိန္ဒီလို ပြောသည်ကို အထင်မကြီးဘဲ အင်္ဂလိပ်လိုပြောမှ အထင်ကြီးကြသည်။ သို့သော်လည်း ဂျပန်လိုပြောသည့်အခါ 'ယောရှိဟောတ'သည် ဝမ်းသာအားရသည့် အမူအရာမပြဘဲ မျက်နှာပျက်ပျက်သွားသည်။

မိမိက ဂျပန်လိုပြောသည့်အခါတိုင်း သူ မျက်နှာပျက်သွားသည်ကိုသာ တွေ့နေရပြီး နောက်ဆုံး ယောရှိဟောတ ကိုယ်တိုင်က မနေနိုင်တော့ဘဲ 'ကျုပ်ကို ဂျပန်လို မပြောပါနှင့်၊ အင်္ဂလိပ်လိုသာ ပြောပါ၊ ခင်ဗျား ဂျပန်လိုပြောတာ ကြားရတော့ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်လူမျိုးတွေ



ခင်ဗျားတို့တိုင်းပြည် ကျူးကျော်ဝင်ရောက်ပြီး စိုးမိုးသွားခဲ့တာ သတိရပြီး စိတ်မကောင်းဖြစ်ရတယ်'ဟု ဝမ်းနည်းပက်လက် ပြောရှာသည်။ ထိုအခါကျမှပင် သူ့သဘောမှန်ကို သိရှိသွားပြီး ဂျပန်လို မပြောတော့ဘဲ အင်္ဂလိပ်လိုသာ ပြောရသည်။

ယောရှိဟောတသည် ဂျပန်ဝတ္ထုရေးဆရာတစ်ယောက် ဖြစ်သည်။ သူ၏ဝတ္ထုများသည် ငြိမ်းချမ်းရေးကို သရုပ်ဖော်ထားသော ဝတ္ထုများဖြစ်သည်။ 'ငြိမ်းချမ်းရေးသမား'တစ်ဦး ဖြစ်သည့်အတွက် ကျွန်တော် ဂျပန်လိုပြောသည့်အခါ အတိတ်ကို ပြန်သတိရပြီး မျက်နှာပျက်ပျက်သွားခြင်း ဖြစ်သည်။

နောက်ပိုင်းတွင် အလေ့အကျင့်နှင့် လုံးဝကင်းကွာသည် ဖြစ်၍ မိမိ အမှတ်သညာထဲတွင် ရှိနေသော ဂျပန်စကားနှင့် ဂျပန်စာသည် တစ်နှစ်ပြီးတစ်နှစ် မှေးမှိန်လာခဲ့သည်မှာ ယခု အချိန်တွင်ကား မိမိ အမှတ်သညာထဲတွင် 'အာရိဂတ္တော' စသော စကားလုံးတချို့တလေလောက်သာ ကျန်တော့သည်။

**ကလျာ၊ ၂၀၀၂ ခု၊ မတ်လ၊ မှတ် ၂၀၅**

www.burmeseclassic.com

www.burmeseclassic.com

## ဘာသာစကား

ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားသော ဘာသာစကားပင်ဖြစ်စေကာမူ ထိုဘာသာစကားနှင့် အချိန်ကြာမြင့်စွာ ကင်းကွာနေပါက အမှတ်သညာထဲက ပျောက်ကွယ်သွားလိမ့်မည်။ မိမိ၏ အမိဘာသာစကားကိုပင် နှစ်ပေါင်းများစွာ အသုံးမပြုလျှင် မှေးမှေးပျောက်ပျောက် ဖြစ်သွားလိမ့်မည်။

ဂျပန်ခေတ်က ကျွန်တော် ဂျပန်စာသင်ဖူးသည်။ မြန်မာနိုင်ငံတွင် ဂျပန်များ လွှပ်တစ်ပြက်စိုးမိုးစဉ်က မြန်မာနိုင်ငံမြို့ကြီးများတွင် ဂျပန်တို့သည် ဂျပန်စာသင်ကျောင်းများ ဖွင့်လှစ်ပြီး ဂျပန်စာသင်ပေးကြသည်။ ရန်ကုန်မြို့ ဘုရားလမ်းရှိ ဂျပန်စာသင်ကျောင်းသည် ဗဟိုဌာနဖြစ်ပြီး တခြားမြို့မှာရှိ ဂျပန်စာသင်ကျောင်းများမှာ ဗဟိုဌာန၏ ဌာနခွဲများသဖွယ် ဖြစ်နေကြသည်။ ရန်ကုန်မြို့၌ ဦးဥတ္တမ၏နှမ ဒေါ်အိမ်စိုး



ကလည်း သီးခြား ဂျပန်စာသင်ကျောင်းတစ်ကျောင်း ဖွင့်လှစ်ထားသည်။

ကျွန်တော် ဂျပန်စာသင်သော ကျောင်းမှာ သန်လျင်မြို့ စိန့်ကျွေဂျက်အမည်ရှိ ယခင် သာသနာပြုကျောင်းဟောင်းတွင် ဖွင့်လှစ်ထားသော ဂျပန်စာသင်ကျောင်းဖြစ်သည်။ ဂျပန်နိုင်ငံမှ ပညာရေးဝန်ထမ်း ဂျပန်ကျောင်းဆရာများကိုယ်တိုင် တာဝန်အရ လာရောက် ဂျပန်စာသင်ပေးကြသည်။ ထိုဂျပန်စာသင်ကျောင်းတွင် ကျွန်တော် နှစ်နှစ်တိတိ ဂျပန်စာသင်ခဲ့သည်။ ပထမတစ်နှစ်မှာ ရိုးရိုးတန်းဖြစ်သည်။ ဒုတိယနှစ်က အထူးတန်းဖြစ်သည်။ ဂျပန်စကားပြောနိုင်ရုံသက်သက်လောက်ကတော့ လေး၊ ငါးလလောက်သင်လျှင် တတ်သည်။ သို့သော်လည်း စာဖတ်တတ်ဖို့မှာ မလွယ်ပေ။

ဂျပန်စာတွင် ကတခန၊ ဟီရခန၊ ခန်ဂျိဟူ၍ အက္ခရာစာလုံး သုံးမျိုးရှိသည်။ ကတခနနှင့် ဟီရခနစာလုံးများကို ဖတ်နိုင်ဖို့ မခဲယဉ်းသော်လည်း ခန်ဂျိကိုဖတ်နိုင်ဖို့အတွက်မှာမူ အလွန်ခက်ခဲသည်။ တရုတ်စာလုံးများလို ဘူးသီးငါးပေါင်းကြော်များ ဖြစ်ကြသည်။ ဂျပန်စာအုပ် စာတမ်းများနှင့် ဂျပန်စာနယ်ဇင်းများ၌ ရေးထားသော ဂျပန်စာမှာ ခန်ဂျိစာလုံးများက အများစုဖြစ်သည်။ ထို့ကြောင့် ခန်ဂျိမဖတ်တတ်ဘဲနှင့် ဂျပန်စာ ဖတ်၍မရပေ။

အထူးတန်းသည် ဂျပန်စာဖတ်နိုင်အောင် သင်ပေးသော

www.burmeseclassic.com

www.burmeseclassic.com



အတန်းဖြစ်၍ အထူးတန်းတက်နေစဉ်အတွင်း ဂျပန်စာကို အတော်ကလေး ဖတ်နိုင် ရေးနိုင်လာသည်။ ထိုအချိန်က ရန်ကုန်မြို့ ဌာနချုပ် ဂျပန်စာသင် ကျောင်းကြီးမှ တစ်ပြည်လုံးရှိ ဂျပန်စာသင်ကျောင်းများ၌ ဂျပန်စာသင်နေကြသော အထူးတန်းကျောင်းသားများအတွက် ဂျပန်ဘာသာ စာစောင် ထုတ်ဝေသည်။ မှတ်မိသမျှ နှစ်ကြိမ်လောက်သာ စာစောင် ထွက်လာသည်။ ထိုစာတွင် 'ရှင်ပါရဂူ'အမည်နှင့် ကျွန်တော် ဆောင်းပါးတစ်ပုဒ် ရေးဖူးသည်။ ကျွန်တော်တို့ကျောင်းမှ ကျောင်းအုပ်ဆရာကြီးက ကျွန်တော် ဂျပန်ဘာသာဖြင့် ရေးထားသော ဆောင်းပါးကိုယူသွားပြီး ဌာနချုပ်သို့ ပို့ပေးသည်။ ထိုဆောင်းပါးကို ဂျပန်ဘာသာစာစောင်တွင် ထည့်သွင်းဖော်ပြသည်။

ဂျပန်ပြည်မှ တစ်ခါတစ်ရံ ရောက်လာသော ဂျပန်ဘာသာ စာနယ်ဇင်းများကိုလည်း ဖတ်ရသည်။ ထိုအချိန်က ဖတ်ရသော ဂျပန်ဘာသာစာစောင်များထဲတွင် 'ဦးညတ္တမ'နှင့် 'ခင်မျိုးချစ်'အကြောင်း ရေးထားသော ဆောင်းပါးများကို ယခုထက်တိုင် သတိရနေသည်။

တစ်လောက စာအုပ်အဟောင်းများနှင့် ဖိုင်အဟောင်းများကို ရှင်းစဉ် 'နိပ္ပန်ဗုဒ္ဓဘာသာသမိုင်း'ခေါင်းစဉ်နှင့် လက်ရေးမူစာတမ်းတစ်ခုကို သွားတွေ့သည်။ စာရွက်များမှာ အချိန်ကလည်း ကြာ၊ ရေလည်းထိသဖြင့် တချို့နေရာတွင်



ဖတ်၍မရတော့ပေ။ တချို့နေရာများကလည်း စုတ်ပြဲပြီး တစ်စစီ ဖြစ်နေကြသည်။ လက်ရေးမှာ မိမိလက်ရေးဖြစ်သည်။ ထိုစာတမ်းကို တွေ့ရသောအခါ 'ဘယ်တုန်းက ငါ ဒီစာရေးထားတာ ဖြစ်ပါလိမ့်'ဟု အတော်စဉ်းစားယူရသည်။ နောက်မှ သတိရလာသည်။ ဂျပန်ကျောင်းတက်နေစဉ်အတွင်း ရေးသောစာတမ်းဖြစ်သည်။

ကျွန်တော်တို့၏ ဂျပန်ကျောင်း၌ ဂျပန်ဆရာသုံးဦးရှိသည်။ နောက်မှရောက်လာသော တတိယဂျပန်ဆရာသည် စာအတော်ဖတ်ထား ပုံရသည်။ ကျွန်တော် စာပေဗဟုတ လိုက်စားသည်ကို သိသည်ဖြစ်၍ ထိုဂျပန်ဆရာက ဂျပန်ဘာသာဖြင့် 'နစ်ပွန်ဘွကျွယောရှိ'အမည်ရှိ 'နိပ္ပန် ဗုဒ္ဓဘာသာသမိုင်းစာတမ်း' တစ်ခု ရေးပေးသည်။ ယင်းစာတမ်းမှာ ယခု ကျွန်တော်၏ ဖိုင်ဟောင်းထဲတွင် တွေ့ရသော 'နိပ္ပန်ဗုဒ္ဓဘာသာ သမိုင်းစာတမ်း'၏ မူရင်းဖြစ်သည်။ ယင်းမူရင်းလည်း ယခုထက်တိုင် ကျွန်တော့်ထံတွင် ရှိနေသည်။ ယင်းစာတမ်းကို ထိုအချိန်က ကျွန်တော် မြန်မာပြန်ထားခြင်းဖြစ်သည်။ ထိုအချိန်က နိပ္ပန်ဗုဒ္ဓဘာသာအကြောင်း အကျယ်တဝင့်ရေးထားသော မြန်မာစာအုပ်စာတမ်းလည်း မရှိသေးပေ။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသောစာအုပ် ရှိချင် ရှိမည်။ သို့သော်လည်း ထိုအချိန်က ကျွန်တော် အင်္ဂလိပ်စာ မဖတ်တတ်သေးပေ။ ယခု တွေ့ရသော 'နိပ္ပန်ဗုဒ္ဓဘာသာ သမိုင်း

www.burmeseclassic.com

www.burmeseclassic.com



စာတမ်းမှာ ထိုဂျပန်ဆရာ ရေးပေးသော ဂျပန်ဘာသာ 'နိပ္ပန်ဗုဒ္ဓဘာသာသမိုင်း' မှ ကျွန်တော် တိုက်ရိုက်ပြန်ထားသော စာတမ်းဖြစ်သည်။ ထိုစာတမ်း၌ပါသော အချက်အလက်အချို့ကို ကောက်နုတ်တင်ပြလိုက်ပါသည်။

နိပ္ပန်နိုင်ငံ ဗုဒ္ဓဘာသာအကြောင်းကို ရေးရာတွင် ပထမ သာသနာဝင်ကို ရာဇဝင်ခေတ်ကြီးခုနစ် ခေတ်နှင့် ပိုင်းခြား၍ ရေးပြမည်။ မြန်မာ့ရာဇဝင်၌ ပုဂံခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ် စသည်ဖြင့် ရာဇဝင်အပိုင်းကဏ္ဍခေတ်ကြီးများ ရှိသကဲ့သို့ နိပ္ပန်ရာဇဝင်၌လည်း အဆုကခေတ်၊ နာရခေတ် စသည်ဖြင့် ဘုရင်ကေရာဇ် ထီးနန်းစိုက်သည့် မင်းနေပြည်ဌာနကို အစွဲပြု၍ ရာဇဝင်တော်ကြီးများ ရှိသည်။ နိပ္ပန်ဗုဒ္ဓဘာသာ သာသနာဝင်ချုပ်ကို ရေးရာ၌ လွယ်ကူစွာ သိစေရန်အတွက် ရာဇဝင်ခေတ်ကို ခေတ်ကြီးခုနစ် ခေတ်ဖြင့် အကျဉ်းချုံးပိုင်းခြား၍ ရေးသားထားခြင်း ဖြစ်လေရာ နိပ္ပန်ရာဇဝင်လိုက်စားသူများသည် ဤစာ၌ ထည့်သွင်းမရေးသားဘဲ ကြွင်းကျန်နေသေးသော ရာဇဝင်ခေတ်များရှိသေးကြောင်းကိုလည်း သတိပြုရမည်ဖြစ်သည်။

အဆုကခေတ်သည် နိပ္ပန်နိုင်ငံသို့ ဗုဒ္ဓဘာသာ အစောဆုံးဝင်ရောက်လာသော ခေတ်ဖြစ်သည်။ နိပ္ပန်သက္ကရာဇ် ၁၂၁၂ ခုနှစ်၊ သာသနာ သက္ကရာဇ် ၁၀၉၅ ခုနှစ်၊ (လွန်ခဲ့သော ၁၃၉၃ ခုနှစ်က) ၂၉ ဆက်မြောက် ကင်မေတင်နော် ဘုရင်



ကေရာဇ်လက်ထက်၌ ကျုံဆင်(ကိုရီးယား) တိုင်းပြည် (ထိုအခါက ကျုံဆင်နိုင်ငံကို ရှိရုံကုဒရဟူ၍ ခေါ်သည်။)မှ ဗုဒ္ဓဘာသာ နိပ္ပန်နိုင်ငံသို့ ရောက်လာခဲ့၍...

၃၃ ဆက်မြောက် ဘုရင်မှာ စွီကောတင်နော်အမည်ရှိ ကေဇီဘုရင်မ ဖြစ်လေရာ ရှောတောကုမင်းသားသည် အိမ်ရှေ့ဥပရာဇာမင်းအဖြစ်နှင့် တိုင်းပြည်နိုင်ငံ အုပ်ချုပ်စီမံခန့်ခွဲရေးတွင် တာဝန်လွှဲအပ်ခြင်းခံရသောကြောင့် နိပ္ပန်နိုင်ငံကို အေးချမ်းသာယာစွာ အုပ်ချုပ်၍ တိုင်းပြည်တိုးတက်ကြီးပွားအောင်လည်း အမျိုးမျိုးကြိုးပမ်းဆောင်ရွက်ခဲ့သည်။ စွီကောဘုရင်မသည် ရှောတောကုမင်းသားကြီး၏ အရီးတော်ဖြစ်သည်။

ရှောတောကုမင်းသားသည် ငယ်ရွယ်စဉ်အခါကစ၍ ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာ ကိုးကွယ်ဆည်းကပ်လာခဲ့သည် ဖြစ်၍ နိပ္ပန်သက္ကရာဇ် ၁၂၅၃ ခု၊ သာသနာ ၁၄၃၄ ခုနှစ်တွင် အိုဆာကာမြို့၌ တင်နောကျိ အမည်ရှိ ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထိုကျောင်းတော်သည် ယခုအချိန်အထိ အိုဆာကာမြို့ရှိ တင်နောကျိတောင်ကုန်းပေါ်တွင် မြင့်မားစွာတည်ရှိလျက် နိပ္ပန်ဘာသာဖြင့် ဘောကျူနောတော ခေါ်သည့် စေတီတော်မှာလည်း မြန်မာနိုင်ငံ လေးဆူဓာတ်ပုံ ရွှေတိဂုံဆံတော်ရှင် စေတီတော်ကဲ့သို့ နေ့စဉ်မပြတ် ပရိသတ် စည်ကား၍ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ကိုးကွယ်လဲလျောင်းရာဌာန ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဩရယုဂျိ ကျောင်းတော်ကြီးတွင် ခွန်းဒေါ၊ ဘောဂျူးဒော တော၊ ဒိုက်ခေါ်ဒေါ စသည်ဖြင့် အဆောက်အအုံများရှိ၏။ ခွန်းဒေါ်ဟူသည်မှာ ဗုဒ္ဓရုပ်ပွားကို တည်ထားကိုးကွယ်သော ဂန္ဓကုဋီဘုရားကျောင်းတော် ဖြစ်၏။ ထိုဂန္ဓကုဋီကျောင်းတော်၌ နိပ္ပွန်နိုင်ငံတွင် ရှေးအကျဆုံး အဟောင်းဆုံးဖြစ်သော ဗုဒ္ဓရုပ်ပွားတော်ကို ကိုးကွယ်တည်ထားသည်။ ဂန္ဓကုဋီဘုရားကျောင်းတော်၏ ဘေးပတ်လည်နံရံတွင်ကား သေသပ်လှပသော မြတ်စွာဘုရားရှင်၏ "ရုပ်ပုံ"ကားများကို ရေးသား လျက် ရှိ၏။ ဘောဂျူးဒောတောဟူသည်မှာ ဓာတ်တော် မွေတော်များကို ဌာပနာ၍ တည်ထားကိုးကွယ်ခြင်း ဖြစ်သော ကြောင့် မြန်မာနိုင်ငံစေတီတော်များနှင့် သဏ္ဌာအဓိပ္ပာယ်တူ သော်လည်း ပုံသဏ္ဌာန်မှာ ကွဲပြား၏။ ဘောဂျူးဒောတော၏ ပုံသဏ္ဌာန်မှာ အဆင့်ငါးဆင့်ရှိ မြင့်မားသော ပြာသာဒ် အဆောင် ဖြစ်၏။ ဒိုက်ခေါ်ဒေါ ဟူသည်မှာ ရဟန်းသံဃာ တော်များ ပရိယတ္တိ၊ ပဋိပတ္တိသင်ကြားအားထုတ်ကြသော ကျောင်းဆောင်ဖြစ်၏။ ဩရယုဂျိကျောင်းတော်ကြီးသည် အထူးပင် သပ်ရပ်လှပ၍ တင့်တယ်ကောင်းမွန်သော ကျောင်း တော်ကြီးဖြစ်၏။

ရှောတောကုမင်းသားသည် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ သာသနာတော်မြတ်၏ မိဘသဖွယ် ဂုဏ်ကျေးဇူးတရား ကြီးမားပေသော ပုဂံပြည် အနော်ရထာမင်းကဲ့သို့ နိပ္ပွန်ဗုဒ္ဓ



ဘာသာပင်မကို မြေတောင်မြှောက်တင် စည်ပင်ပွင့်လန်းစေ ခဲ့သော နိပ္ပွန်ဗုဒ္ဓဘာသာ၏ ကျေးဇူးရှင်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်သည်။ နိပ္ပွန် ၁၂၈၁ သာသနာ ၁၄၇၂ ခုနှစ်တွင် ရှောတောကုမင်းသားသည် နတ်ရွာစံ ကံတော်ကုန်လေသော ကြောင့် နိပ္ပွန်ပြည်အလုံး ကျေးဇူးရှင်မိဘပျောက်ဆုံးသကဲ့သို့ ယူကျုံးမရ ပူဆွေးကြ၏။

ဆိုခဲ့ပြီးသော အဆုကခေတ် နိပ္ပွန်ဗုဒ္ဓဘာသာသည် ကိုရီးယားကိုဖြတ်၍ နိပ္ပွန်နိုင်ငံသို့ ပျံ့နှံ့ဝင်ရောက်လာခြင်း ဖြစ်သောကြောင့် ကိုရီးယားတိုင်းပြည်မှ ရဟန်းသံဃာတော်များ လည်း မြောက်မြားများစွာ နိပ္ပွန်နိုင်ငံ လာရောက်၍ ဗုဒ္ဓတရား တော်များကို ဟောကြားဖြန့်ဖြူးကြသည်။ ရှောမုဘုရင်သည် တိုင်း ၆၆ တိုင်း၊ (ထိုအခါက နိပ္ပွန်ပြည်သည် မြန်မာနိုင်ငံ အင်းဝပြည်၊ ဟံသာဝတီပြည် စသည်ကဲ့သို့ တိုင်း ၆၆ တိုင်း၊ ပြည် ၆၆ ပြည်အားဖြင့် ကွဲပြားနေသည်။)တို့၌ အသီးသီး ကောအနုတွန်းဂျိ (ပြည်သူ့ကျောင်းတော်)ဟူသော ကျောင်းတော် နှင့် ကောကုဘွန်းနီဂျိဟူသော ဘိက္ခုနီကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းသည် (၁၄၀၁)။ နာရနေပြည်တော်တွင် ကား ၆၆ တိုင်းအဝင်အပါ နိပ္ပွန်တစ်ပြည်လုံး၏ ဗဟိုဌာနချုပ် ကျောင်းတော်ကြီးအဖြစ် တောဒိုက်ဂျိအမည်ရှိ ကျောင်းတော် ကြီးကို ဆောက်လုပ်လှူဒါန်း၍ ထိုကျောင်းတော်ကြီးတွင် အသစ်ကျုပ်ချွတ် ကြေးဆင်းတုတော်ကြီးသွန်းလုပ်၍ တည်ထား

www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်သည်။ (နိုပွန် ၁၄၀၇)။ ထိုဗုဒ္ဓရုပ်ပွား ကြေးဆင်းတုတော်ကြီးသည် ပေ ၅၃ ပေကျော်ရှိ၍ မှုံးမြင်တွေ့ရှိသောလူတို့မှာ မည်သူတစ်ဦးတစ်ယောက်မျှ မအံ့သြဘဲ မနေနိုင်ကြပေ။ ထိုဗုဒ္ဓရုပ်ပွား ကြေးဆင်းတုတော်ကြီး၏ ဘုရားတန်ဆောင်းကြီးမှာလည်း နှောင်သောအခါ ခဏခဏ အသစ်တစ်ဖန်ပြုပြင်ဆောက်လုပ်သည်ဖြစ်သောကြောင့် သေးငယ်သွားသော်လည်း ယခု ကြွင်းကျန်ထင်ရှား တည်ရှိနေသော အဆောက်အအုံ၏အမြင့်မှာ ပေ ၁၅၀ ကျော်ရှိ၍ သစ်သားဖြင့်ဆောက်လုပ်သော အဆောက်အအုံတို့တွင် ကမ္ဘာပေါ်၌ အကြီးဆုံးအဆောက်အအုံအဖြစ်ဖြင့် ထင်ရှားကျော်စော၍နေ၏။

၄၃ ဆက်မြောက် ဂင်မျောဂင်နော်၊ ၄၅ ဆက်မြောက် ရှောမုတင်နော်၊ ၄၆ ဆက်မြောက် ခေကင်တင်နော် ဘုရင်များသည် ဗုဒ္ဓဘာသာကို ယုံကြည်ခြင်းပြင်းပြလှ၍ ဆံကိုပယ်ပြီးလျှင် သာသနာ့နယ်ဝင်၍ ရဟန်းပြုကြ၏။ ဘုရင်ဧကရာဇ်မင်းတို့ကိုယ်တိုင်က ဦးစီးခေါင်းဆောင် ပြုလုပ်၍ ဗုဒ္ဓဘာသာကို ကြည်ညိုကိုးကွယ်ကြသောကြောင့် ဗုဒ္ဓဘာသာ သာသနာတော်သည် နိပွန်တစ်ပြည်လုံး ပျံ့နှံ့သွားလျက် ရဟန်းကောင်း၊ ရဟန်းမြတ်များလည်း အများအပြား ထွန်းကားပေါ်ပေါက်ခဲ့၏။ ထိုခေတ်အခါက ပေါ်ပေါက်သော ရဟန်းသံဃာတော်အထဲတွင် ဂရောဝိအမည်ရှိ မထေရ်မှာ နိပွန်တစ်ပြည်လုံးလှည့်လည်ကြွရောက်၍ ဦးစီးခေါင်းဆောင်ကာ ကျောင်း



တိုက်တည်ထောင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြုလုပ်ခြင်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ သင်္ဘောဆိပ် စသည်တို့ကို ပြုလုပ်စီမံခြင်း စသော သတ္တဝါများ၏ အကျိုးကို ပြုစုဆောင်ရွက်တော်မူသောကြောင့် လူတို့သည် ထိုမထေရ်အား အထူးပင် မြတ်နိုးကြည်ညိုကြ၍ ‘ဂရောဝိဗောဓိသတ်’ဟု ခေါ်ကြသည်။

တရုတ်ပြည်မှ သာသနာပြုရဟန်းတော် အမြောက်အမြား နိပွန်နိုင်ငံ လာရောက်ကြလျက် ဗုဒ္ဓသာသနာတော်ကို ဖြန့်ဖြူးကြလေ၏။ ထိုခေတ် တရုတ်ပြည်မှ နိပွန်နိုင်ငံသို့ ကြွရောက်လာကြသော ရဟန်းတော်များထဲတွင် ထင်ရှားကျော်စောဆုံး ဆရာတော်တို့မှာ ဂန်ဂျင်နှင့် ဒေါ်ဂျင်အမည်ရှိ ဆရာတော်များ ဖြစ်ကြ၏။ ဂန်ဂျင်ဆရာတော်သည် နိပွန်သက္ကရာဇ် ၁၄၁၄ ခုနှစ်၌ နိပွန်ပြည် ကြွရောက်၍ ရစ်ရှုဂိုဏ်းကို တည်ထောင်သည်။ (ရစ်ဟူသည်မှာ ဝိနည်းသိက္ခာပုဒ်အဓိပ္ပာယ်ရ၍ ရှုမှာ ဂိုဏ်းကို ဆိုလိုသည်။) ရှစ်ရဂိုဏ်းသည် ဝိနည်းသိက္ခာပုဒ်ကို အလေးပြု၍ ထိန်းသိမ်းစောင့်ရှောက်သော ဂိုဏ်းဖြစ်သောကြောင့် ဟိနယာန(ထေရဝါဒ) မြန်မာ့သာသနာတော်နှင့် သဘောအဓိပ္ပာယ် ဆင်တူသည်။ ဂန်ဂျင်ဆရာတော်သည် နိပွန်သက္ကရာဇ် ၁၄၁၉ မြန်မာသက္ကရာဇ် ၄၂၉ ခုနှစ်၌ နာရမြို့တော်တွင် တောရှောဒိုက်ဂျိအမည်ရှိ ကျောင်းတော်ကို တည်ထောင်သည်။ ထိုကျောင်းတော်သည်

www.burmeseclassic.com



ယခုထက်တိုင်ပင် ရှိနေသေး၏။ ၄င်းပြင် ဂန်ဂျင်ဆရာတော်သည် နိပွန် ၁၄၂၂၊ မြန်မာ ၄၂၃ ခုနှစ်တွင် တောရှောဒိုက်ဂျိကျောင်းတော်ကြီး၌ သိမ်သမုတ်သည်။ ထိုခေတ်အခါက နိပွန်ပြည်ရှိ ရဟန်းတော်များသည် ထိုသိမ်တွင် ကံကြီးကံငယ်ကိစ္စ ဆောင်ရွက်ကြသည်။ ဂန်ဂျင်ဆရာတော်သည် နိပွန် ၁၄၂၃၊ မြန်မာ ၄၃၃ ခုနှစ် သက်တော် ၇၇ ခုတွင် ပျံလွန်တော်မူသွားသည်။

ခုရှုနှင့် ကျောဂျိဆိုဂိုဏ်းမှာ ဟိနယာန ဗုဒ္ဓဘာသာဖြစ်၍ အမည် နာမရှိရုံသာလျှင်ရှိလျက် ဂိုဏ်းတသီးတခြား ကွဲပြားကြီးပွားခဲ့ခြင်းမရှိပေ။ ခေဠွန်းရှုနှင့် ရစ်ရှုဂိုဏ်း နှစ်ဂိုဏ်းမှာ မဟာယာန ဗုဒ္ဓဘာသာဖြစ်၍ ယခုလည်း ကြီးပွားထွန်းကားလျက် ရှိသည်။ ခေဠွန်းရှုဂိုဏ်း၏ အချက်အခြာ ဗဟိုဌာနကျောင်းမှာ တောဒိုက်ဂျိကျောင်းတော်ဖြစ်၍ ရစ်ရှုဂိုဏ်း၏ အချက်အခြာ ဗဟိုဌာနချုပ်ကျောင်းမှာ တောရှောဒိုက်ဂျိကျောင်းတော် ဖြစ်သည်။

ထိုကဲ့သို့ ရဟန်းကောင်း၊ ရဟန်းမြတ်များ ပေါ်ထွက်လာခဲ့၍ ဗုဒ္ဓသာသနာ ရောင်ဝါပွင့်လင်းခဲ့သော်လည်း စိတ်ထားသေးသိမ် ယုတ်မာသူများ သာသနာဘောင် ဝင်ရောက်လာခဲ့သည်ကစ၍ သာရေး နာရေး တစ်စတစ်စ အင်အားဆုတ်လျက် ညစ်သွမ်းညှိုးမှိန်သွားသည်။ ဂင်းဘောနှင့် ဓေါခယော အမည်ရှိ ရဟန်းတော်တို့သည် ဘုရင်မင်းမြတ်၏ ကြည်ညို



ကိုးကွယ်ခြင်း ခံရလေသောကြောင့် သာသနာတွင် အဆင့်အမြင့်ဆုံး သာသနာပိုင်ချုပ်အဖြစ်ဖြင့် မြှောက်စားချီးမြှင့်ခြင်းကိုပင် ခံရသည်။ ထို မထေရ်နှစ်ပါးမှာ အခွင့်အရေးရသောအခါ ရရှိသော အခွင့်အရေးကို အလွဲသုံးစားပြုလျက် ရဟန်းဖြစ်လျက် မာန်မာနတက်ကြွပြီးလျှင် တိုင်းပြည်အုပ်ချုပ်ရေး၌ စွက်ဖက်လုပ်ကိုင်ခဲ့ကြသည်။

နာရခေတ် ဗုဒ္ဓဘာသာသည် တဖြည်းဖြည်း အင်အားဆုတ်ယုတ်ပျက်ပြားလာသည်ဖြစ်၍ အသစ်တစ်ဖန် သာသနာသစ် ပြုပြင်ဖန်တီးဖို့ရန် စီမံကြိုးစားသူကား မင်းဆက် ၅၀ မြောက် ခံမုတင်နော် ဘုရင်မင်းမြတ်ဖြစ်၏။ ခံမုတင်နော်ဘုရင်သည် မြန်မာ့သာသနာဝင်တွင် သာသနာ ပြုစုပျိုးထောင်ရေးကို အထူးသဖြင့် အားပေးကြိုးပမ်း သာသနာပြု ဓမ္မစေတီမင်းကြီးနှင့် တူသည် (သာသနာ သက္ကရာဇ် ၁၀၁၂ ခုနှစ် ဟံသာဝတီမင်းဆက် ၁၀ ဆက်မြောက် ဓမ္မစေတီမင်းကြီးသည် သာသနာသစ်ပြုပြင်ဖန်တီးရန်အတွက် မောဂ္ဂလာန မထေရ်နှင့် သောမမထေရ်ကို တောင်းပန်လျှောက်ထားပြီးလျှင် သီဟိုဠ်(သီရိလင်္ကာ)ကျွန်းသို့ ကြွစေ၍ သန့်ရှင်းစင်ကြယ်သော သာသနာအဆက်အနွယ်ကို ဆက်သွယ်ပြန့်ပွားဖို့ရန် ကြိုးစားအားထုတ်ကြသည်။

ဂျပန်ဘာသာမှ မြန်မာပြန်ဆိုထားသော နိပွန်ဗုဒ္ဓဘာသာ သမိုင်းအကြောင်း ကောက်နုတ်ချက်ကို ဖော်ပြရခြင်းမှာ ဂျပန်

www.burmeseclassic.com

www.burmeseclassic.com



စာ မည်သည့်အဆင့်အထိ မိမိ သင်ကြားခဲ့သည်ဆိုသည်ကို သိစေလိုသောကြောင့်ဖြစ်သည်။ သို့သော်လည်း အမိဘာသာ စကားသည်ပင် နှစ်ပေါင်းများစွာ အလေ့အကျင့် ပြုလုပ်ခြင်း မရှိသောအခါ အမှတ်သညာထဲတွင် ပျောက်ကွယ်သွားသည်။

ဂျပန်ခေတ်က ဂျပန်စာ ရေးနိုင်၊ ဖတ်နိုင်လောက်အောင် သင်ကြားထားသော်လည်း ဂျပန်စာ၊ ဂျပန်စကားနှင့် နှစ်ပေါင်းများစွာ ကင်းကွာနေခဲ့သည်ဖြစ်သောကြောင့် ယခုအခါတွင်ကား မိမိ၏ အမှတ်သညာထဲတွင် မိမိဂျပန်စကားလည်း မရှိတော့ပေ။ ဂျပန်စာလည်း မရှိတော့ပေ။

**နွယ်နီမဂ္ဂဇင်း၊ မှတ် ၁/၉၉၊ ဇန်နဝါရီ**

□

## ဂျပန်ဝတ္ထုနှင့် မြန်မာစာပေလောက

၁၉၈၆ ခုနှစ်လောက်က ကျွန်တော်၏ စတုတ္ထအကြိမ် အိန္ဒိယခရီးအတွင်း နယူးဒေလီမြို့ ရောက်သွားခိုက် နယူးဒေလီမြို့မှ စောင်ရေ ၁ သိန်းကျော် ထုတ်ဝေရသော ‘ပန်ကျဂျာနယ’ ဟိန္ဒီဘာသာ အပတ်စဉ်ဂျာနယ်တစ်ခုက ကျွန်တော့်ကို အင်တာဗျူးလုပ်သည်။ မြန်မာနိုင်ငံနှင့် ပတ်သက်သော အကြောင်းအရာများကိုလည်း မေးသည်။ မြန်မာစာပေနှင့် ပတ်သက်သော အကြောင်းအရာများထဲတွင် မြန်မာဝတ္ထုတို အကြောင်းလည်း ပါလာ၍ ကျွန်တော်က အာရှဝတ္ထုများထဲတွင် ‘*အိန္ဒိယဝတ္ထုနှင့် ဂျပန်ဝတ္ထုကလွဲရင် မြန်မာဝတ္ထုအဆင့်အတန်းလည်း မနိမ့်ပါဘူး*’ဟူ၍ အဖြေပြန်ပေးခဲ့သည်။

ကျွန်တော်၏ အဖြေစကားထဲတွင် အာရှနိုင်ငံ စာပေထဲက ဝတ္ထုတိုနှင့်ပတ်သက်ပြီး အိန္ဒိယဝတ္ထုနှင့် ဂျပန်ဝတ္ထုကို ဦးစားပေးပြောခဲ့သည်။ ကျွန်တော် ပြောခဲ့စဉ်က အမှတ်မထင်

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့သော်လည်း တိုက်တိုက်ဆိုင်ဆိုင်ပင် အာရှနိုင်ငံများ ထဲက စာပေနှင့်ပတ်သက်ပြီး နိုဗယ်ဆုရရှိသူများမှာ အိန္ဒိယ နိုင်ငံနှင့် ဂျပန်နိုင်ငံက ဖြစ်နေသည်။

အိန္ဒိယနိုင်ငံမှ နိုဗယ်ဆုရရှိသူမှာ ဘင်ဂါလီကဗျာဆရာ ကြီး ရာဗိန္ဒြာနတ်တဂိုးဖြစ်ပြီး ဂျပန်နိုင်ငံမှ စာပေနှင့်ပတ်သက် ပြီး နိုဗယ်ဆု ရရှိသူများမှာ ခါဝါဘာတနှင့် ကင်ဇာဘူရိုတို့ ဖြစ်ကြသည်။

ဂျပန်ဝတ္ထု၏ အရှေ့ဦးခေတ်မှာ ၈ ရာစုနှစ်အဆုံး ၉ ရာစုနှစ် အစလောက်ဖြစ်သည်။ မြန်မာသမိုင်းအမြင်နှင့် ကြည့်မည်ဆိုလျှင် ခန့်မှန်းခြေ ပုဂံခေတ်မတိုင်မီလောက်က ဖြစ်လိမ့်မည်။

ဂျပန်တွင် ထိုအချိန်ကစ၍ ဝတ္ထုတိုများ စတင်ရေးသား လာကြသည်။ သို့ရာတွင် မြန်မာဝတ္ထုသမိုင်း၏အစ၌ ဗုဒ္ဓ ဩဇာလွှမ်းမိုးမှု ရှိနေသကဲ့သို့ပင် ဂျပန်ဝတ္ထုသမိုင်း စတင်ခဲ့ပေါ် တွင်လည်း ကနဦး ဂျပန်ဝတ္ထုတိုများသည် ဗုဒ္ဓဩဇာလွှမ်းမိုး မှု ခံကြရသည်။

သာဓကထုတ်ပြီး ပြောရမည်ဆိုလျှင်···

(၁) ကွန်ဂျာကုမို နိုတတိုရီ (Collection of Tales, Past and Present) သည် ဟိုရန်ခေတ်နောက်ပိုင်း အမည် မသိ စာရေးဆရာ တစ်ဦးရေးသော ဝတ္ထုတိုပေါင်းချုပ်ဖြစ် သည်။ ယင်းဝတ္ထုတိုပေါင်းချုပ်၌ ကဏ္ဍ ၃ ခု ဝတ္ထုတိုပုဒ်



ရေပေါင်း ၁၀၀၀ မျှရှိပြီး အိန္ဒိယပုံဝတ္ထု၊ တရုတ်ပုံဝတ္ထု၊ ဂျပန်ပုံဝတ္ထုများ ပါဝင်သည်။ ဝတ္ထုတိုင်း၏အစတွင် 'မူခါရှိ' (Once Upon a Time၊ ရှေးရှေးတုန်းက၊ အတိတ်တော)ဟူသော စကားလုံးဖြင့် အစပြုထားသည်။ ယင်းဝတ္ထု စပုံစနည်းကို ကြည့်လျှင် အာရှနိုင်ငံများသည် စာပေနှင့်ပတ်သက်လာလျှင် တစ်ဦးနှင့်တစ်ဦး အပေးအယူရှိကြသည်ဆိုသည့်အကြောင်း သိရှိရသည်။

ယင်းဝတ္ထုတိုပေါင်းချုပ်ထဲက အများစု၌ ဗုဒ္ဓတရား အဆုံးအမ ဩဇာလွှမ်းမိုးမှု ရှိနေသည်။ နောက်ပိုင်း ဂျပန် စာရေးဆရာများဖြစ်ကြသော အကုတာဂါဝ၊ ယူနိုဆုကေ၊ တာနီဇာကီ၊ ယူနီကိုဒိုနှင့် အခြားစာရေးဆရာ အတော်များများ သည် မိမိတို့ဝတ္ထုများအတွက် ယင်းဝတ္ထုတိုပေါင်းချုပ်မှ အတွေးအခေါ်၊ ဝတ္ထုရေးနည်း ရယူကြသည်။ ယင်းဝတ္ထုတို ပေါင်းချုပ်သည် နာမည်ကျော် ဂင်ဂျိဝတ္ထုနှင့် ကာမာကူရ ခေတ်၏ အကျော်ကြားဆုံးဝတ္ထုဖြစ်သော ဟိကေဝတ္ထု၏ ကြားကာလ၌ ပေါ်လာသောဝတ္ထုဖြစ်သည်။

(၂) ကာမာကူရခေတ်တွင် ပေါ်ပေါက်လာသော နာမည် ကျော် ဝတ္ထုတိုများမှာ ဟိကေဝတ္ထု (Tale of The Heike)၊ ဟိုဂျိုကိ (The Foot Square Hut) တို့ဖြစ်ကြသည်။ ယင်း ဝတ္ထုများအပေါ်၌ ဗုဒ္ဓဓမ္မ၏ဩဇာလွှမ်းမိုးမှု ရှိသည်မှာ ထင်ရှားနေသည်။ အကျော်ကြားဆုံးဝတ္ထုဖြစ်သော ဟိကေ

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထု၏အစ၌ ဗုဒ္ဓဒေသနာတော်ဖြစ်သော အနိစ္စတရား ဩဇာလွှမ်းမိုးနေသည့်အကြောင်းကို စာပေသမိုင်းလိုက်စားသူ ဂျပန်အမျိုးသားတိုင်း သိရှိနားလည်ကြသည်။

ကိစ္စများမြောင် လူတို့ဘောင်မှ ခွာရှောင်သွားသော ရသေ့ရဟန်းတစ်ဦးဖြစ်သည့် ကာမိနိုချိုမေရေးသော ဟိုဂျိုကီဝတ္ထုလည်း ဓမ္မသဘောတရားဖြင့် အစပြုထားသည်ကို တွေ့ရသည်။

(၃) အူဂျီရှူအီးမိုနိုဂါတိုရီ (Tale From The Uji Collection) ဝတ္ထုလည်း ဗုဒ္ဓတရားသဘောကို လွယ်ကူသော စကားလုံးများဖြင့် ရေးခြယ်ထားသော ဝတ္ထုပင်ဖြစ်သည်။

(၄) မုရောမာချိခေတ် (၁၃၃၃၊ ၁၆၀၀)ခေတ်တွင်လည်း ဗုဒ္ဓတရား ဩဇာလွှမ်းမိုးနေသော ဝတ္ထုများ ပေါ်ပေါက်ခဲ့သည်။ အိုတိုဂီဆိုရီ (Nursery Tales) သည် ထင်ရှားသော ဝတ္ထုတိုပေါင်းချုပ် ဖြစ်သည်။ ဗုဒ္ဓဘာသာနှင့် ရှင်တိုဘာသာ၏ ဩဇာလွှမ်းမိုးမှုခံရသော အခြားဝတ္ထုမှာ ဟွန်ရှိမိုနိုဖြစ်သည်။

ယင်းဝတ္ထုတိုပေါင်းချုပ်၌ သကျမုနိဗုဒ္ဓ၊ အမိတာဘာဗုဒ္ဓ၊ သူရိယ၊ စန္ဒ အစရှိသည်များကို သရုပ်ဖော်ထားသည်။

(၅) တိုကုဂါဝါ (၁၆၀၀-၁၈၆၀)ခေတ်၌ ထွက်ပေါ်လာသော ဝတ္ထုများအနက် ဗုဒ္ဓဘာသာနှင့် တစ်နည်းမဟုတ် တစ်နည်း ဆက်စပ်မှုရှိသော ဝတ္ထုတစ်ခုမှာ ဆုကေဒါအာကီ



နာရီ (၁၇၃၄-၁၈၀၉)၏ အုဂက်ဆု မိုနိုကာတိုရီ (Tales of Moonlight and Rain) သည် ထင်ရှားကျော်ကြားသော ဝတ္ထုဖြစ်သည်။ ယင်းဝတ္ထု၌ ဝတ္ထုရေးဆရာသည် ဗုဒ္ဓဘာသာ ဆန့်ကျင်ဘက် အတွေးအခေါ်များကို ယူဆသူဖြစ်၍ ဗုဒ္ဓဘာသာ၏ အနှစ်သာရကို လျစ်လျူရှုထားသော်လည်း ဘာသာရေးလောကအကြောင်းကိုမူ သရုပ်ဖော်ထားသည်။

(၆) ခေတ်သစ်ဂျပန်စာပေကို ဒုတိယကမ္ဘာစစ်မဖြစ်မီ အချိန်နှင့် ဒုတိယကမ္ဘာစစ်ပြီးချိန် နှစ်မျိုးနှစ်စား ခွဲခြားထား၍ ရသည်။

ဒုတိယကမ္ဘာစစ် အတွေ့အကြုံရှိခဲ့သူ မျက်မှောက် ဂျပန်လူမျိုး များအတွက် ဂျပန်၏ အရှုံးသည် မေ့ပျောက်၍မရနိုင်သော နာကြည်းမှု ဖြစ်နေသည်။ ၁၉၄၅ ခုနှစ်ကစ၍ ဂျပန်လူမျိုးတို့သည် အောက်ခြေမှစပြီး ကမ္ဘာနှင့်ပတ်သက်သော မှန်ကန်သောအသိ ဖြစ်ပေါ်လာခဲ့သည်။ အကြမ်းဖျင်းအားဖြင့် ပြောရမည်ဆိုလျှင် ခေတ်သစ်ဂျပန်ပြည်သူများ၏ စုပေါင်းလှုပ်ရှားမှုများနှင့် စိတ်ဝင်စားမှုများ၌ များသောအားဖြင့် ဗုဒ္ဓဓမ္မ၊ အခြေခံလူသားဝါဒ၊ အမျိုးသားရေး၊ ရှင်တိုဘာသာ၏ ဩဇာလွှမ်းမိုးမှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မာ့က်စ်ဝါဒ၊ ဂျပန် ခရစ်ယာန် လူသားဝါဒများ ပါဝင်ပတ်သက်နေသည်ကို တွေ့ရှိရသည်။

နောက်ပိုင်း စာပေဝတ္ထုများမှာ ယင်းအတွေးအခေါ်

www.burmeseclassic.com

www.burmeseclassic.com



များကို အခြေခံပြီး ပေါ်ပေါက်လာကြသော ဝတ္ထုများဖြစ်သည်။

ဂျပန်ဝတ္ထုရှည်များနှင့်ပတ်သက်၍ ဂျပန်ဝတ္ထုသမိုင်း၌ အစောဆုံး၊ နာမည်အကျော်ကြားဆုံး၊ အအောင်မြင်ဆုံးဝတ္ထုသည် အခန်း ၅၄ ခန်းရှိသော ဂင်ဂျိနိုဂါတာရီ (Tale of Genji) ဖြစ်သည်။ ယင်းဝတ္ထုကို ရေးသူမှာ အမျိုးသမီးစာရေးဆရာ ဖြစ်သည်။ အစောဆုံး၊ နာမည်အကျော်ကြားဆုံး၊ အအောင်မြင်ဆုံး ဂင်ဂျိဝတ္ထု၌ပင် ဗုဒ္ဓဓမ္မသြဇာလွှမ်းမိုးမှု ရှိနေသည်။

ဝတ္ထု၏ အဓိကဇာတ်ဆောင် ဂင်ရှင်သည် မဟာယာန ဗုဒ္ဓဘာသာ သုခဝတီဘုမိ၏ ပညာရှင်ကြီး ဖြစ်နေသည်။

ဒိုင်ယာရီပုံသဏ္ဌာန်ဖြင့် ရေးထားသော ဟိုဂျိုကိဝတ္ထုလည်း ဗုဒ္ဓ ဓမ္မသြဇာလွှမ်းမိုးနေသော ဝတ္ထုဖြစ်သည်။ ခင်ကြီးတစ်ပါး၏ မှတ်တမ်းအနေမျိုးဖြင့် ရေးထားသည်။ ကာမာကူရာခေတ်ကာလ ကဟိနိုယာမတောင်၌ ခင်ကြီးတစ်ပါး၏ အသွင်မျိုးဖြင့်နေသော ကာမိုနိုချိုမေ၏ ဘဝကို ပုံဖော်ထားသော ဝတ္ထုဖြစ်သည်။

ဇာတ်ဆောင်ပုဂ္ဂိုလ်၏ လောကီခွာရှောင်ရခြင်း၏ ရည်ရွယ်ချက်၊ ဘဝနှင့် ပတ်သက်သော ဇာတ်ဆောင်၏ ထင်မြင်ယူဆချက်များကို ခြယ်မှုန်းပြထားသည်ဖြစ်၍ ဗုဒ္ဓ ဓမ္မသြဇာ လွှမ်းနေသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။



မေဂျီခေတ် (၁၈၆၈-၁၉၁၂)၌ ပေါ်ပေါက်လာသော စာရေးဆရာများထဲက ရှိမေ၊ မိုရီအိုဂိုင်၊ နာဆူမီ၊ ဆိုစေကီ၊ အာဂုတဂါဝါ၊ ယူနိုဆိုကီတို့သည် ထင်ရှားကျော်ကြားသူများ ဖြစ်ကြသည်။ အာဂုတဂါဝါသည် ရှေးရှေးဂန္ထဝင်ကျမ်းများကို လည်းကောင်း၊ ဗုဒ္ဓဘာသာအတွေးအခေါ်များကိုလည်းကောင်း အခြေခံပြီး ဝတ္ထုများကို ရေးသားသော စာရေးဆရာဖြစ်သည်။ ၁၉၂၇ ခုနှစ်၌ ရေးသားသော သူ၏ (Suicide) ဝတ္ထုသည် ခေတ်သစ်ဂျပန်စာပေ၏ အဓိကဦးတည်ချက်ဖြစ်သော အလျင်အမြန် တိုးတက်ပြောင်းလဲလာသည့် ခေတ်သစ်ပြောင်းလဲမှု အတွေ့အကြုံရှိထားသော ဂျပန်ခံစားမှုကို သင်္ကေတသဘော ဖြင့် ရေးသားထားသော ဝတ္ထုဖြစ်သည်။ ဂျပန်နိုင်ငံ၌ အာဂုတဂါဝါစာပေဆုအမည်ဖြင့် တည်ထောင်ထားသော စာပေဆု တစ်ဆု ရှိသည်။

ခါဝါဘာတာ၊ ကင်ဇာဘူရို၊ တာနီဇာကီ၊ ဂျူနီချိ၊ ဂိုနီရှီမာ၊ ယူကီရို၊ အာဘေးကိုဘိုတို့သည် ဂျပန်ခေတ်သစ် ဝတ္ထုစာရေးဆရာများ ဖြစ်ကြပြီး ယင်းစာရေးဆရာများ၏ ဝတ္ထုများကို နိုင်ငံခြားဘာသာစကားများဖြင့်လည်း ဘာသာပြန်ဆိုကြသည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း စစ်ပြီးခေတ်တွင် ကျော်ကြားလာသော မူရာကာမိရု (အာဂုတဂါဝါ စာပေဆုရှင်)၊ မူရာကာမိ၊ အာရကီယောရှိ၊ မိုတိုဘနာနာတို့၏

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုများလည်း ဘာသာပေါင်းများစွာတို့ဖြင့် ဘာသာပြန်ဆိုကြသည့်အတွက် ယင်းစာရေးဆရာများသည် ထူးထူးခြားခြား ထင်ပေါ်ကျော်ကြားသွားကြသည်။

ဂျပန်စာပေနှင့် မြန်မာစာပေ၏ ဆက်သွယ်မှုကို ပြောရမည်ဆိုလျှင် ဒုတိယကမ္ဘာစစ်အတွင်း မဓေါ်ဘဲနှင့် ရောက်လာကြသော ဂျပန်ဧည့်သည်များ တစ်စုံတစ်ခုသော အချိန်အတိုင်းအတာအထိ မြန်မာနိုင်ငံ၌ နေသွားကြပြီးသည့်နောက်ပိုင်းတွင် မြန်မာနှင့် ဂျပန်သည် စာပေဆက်သွယ်မှု ရှိလာခဲ့သည်။ စာပေဆန်ဆန် ဂျပန်စာအုပ်များကို ပထမဦးဆုံး မြန်မာပြန်သော စာရေးဆရာမှာ လူထုဒေါ်အမာ ဖြစ်သည်။ လူထုဒေါ်အမာသည် ဒုတိယကမ္ဘာစစ်အတွင်းက ရှုံ့နှင့် စစ်သား၊ ပန်းနှင့် စစ်သား ဂျပန်စာအုပ်များကို မြန်မာပြန်ဆိုခဲ့သည်။ ဒုတိယကမ္ဘာစစ် နောက်ပိုင်းတွင်ကား ဂျပန်ဝတ္ထုမြန်မာပြန်များ အရေအတွက် အတော်များများ ထွက်ပေါ်လာကြသည်။ ဂျပန်ဝတ္ထုမြန်မာပြန်ထဲက ထင်ရှားသော ဝတ္ထုများမှာ မြန်မာ့စောင်း၊ နားဆွဲလေး၊ နှင်းပွင့်တိုင်းပြည် စသည်များတို့ ဖြစ်သည်။ ယင်းဝတ္ထုများထဲက နားဆွဲလေးဝတ္ထုသည် အမျိုးသားစာပေဆုဆွတ်ခူးရရှိသော ဂျပန်ဝတ္ထု မြန်မာပြန်ဖြစ်သည်။

ဂျပန်ဝတ္ထုများကို ဂျပန်ဘာသာမှ တိုက်ရိုက်မြန်မာပြန်သော စာရေးဆရာတစ်ဦးလည်း ပေါ်ပေါက်လာသည်။ ယင်းစာရေးဆရာမှာ ရဲမြလွင် ဖြစ်သည်။ ရဲမြလွင်သည် ဘော့ကျန်၊ မြန်မာ့စောင်း၊ ကျွန်ုပ်သည် ကြောင်တစ်ကောင်ဖြစ်သည်၊ မဟူရာနှလုံးသား၊ အိုးရှင်း၊ မီးဖိုချောင်ကလေး၊ ကြိုးကြာတစ်ထောင်၊ ရက် ၂၀၀ စစ်ပွဲဝတ္ထုများကို ဂျပန်ဘာသာမှ မြန်မာဘာသာ တိုက်ရိုက်ဘာသာပြန်ထားသည်။



ကျွန်တော်လည်း ဂျပန်ဝတ္ထုတိုနှစ်ပုဒ် မြန်မာပြန်ဖူးသည်။ ပထမ မြန်မာပြန်သော ဝတ္ထုတိုမှာ အာဂုတဂါဝါ၏ 'ခုမော့နော့အိတော'ဖြစ်သည်။ မြန်မာလို ဘာသာပြန်စဉ်က ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ဘာသာစကား သင်ကြားဆည်းပူးနေချိန်ဖြစ်သောကြောင့် 'ခုမော့နော့အိတော'ကို 'ပင့်ကူချည်မျှင်'အမည်ဖြင့် ဂျပန်ဘာသာမှ တိုက်ရိုက်ဘာသာပြန်ဆိုခဲ့သည်။ ကျွန်တော်၏ 'ပင့်ကူချည်မျှင်'ဝတ္ထုကို ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း စာစောင်များ၌လည်း ထည့်သွင်းဖော်ပြသည်။ ယမန်နှစ်က ထုတ်ဝေခဲ့သော '*ဘုရားကျောင်းမှ တံမြက်စည်းလှည်းသမား*'အမည်ရှိ ကျွန်တော်၏ ဘာသာပြန်ဝတ္ထုတိုပေါင်းချုပ် စာအုပ်ထဲတွင်လည်း ထည့်သွင်းဖော်ပြထားသည်။ အာဂုတဂါဝါ၏ ဝတ္ထုများသည် များသောအားဖြင့် ဓမ္မသြဇာလွှမ်းနေသော ဝတ္ထုများ ဖြစ်သည့်အတိုင်း 'ပင့်ကူချည်မျှင်'တွင်လည်း ဓမ္မသြဇာ လွှမ်းမိုးနေသည်ကို တွေ့ရသည်။

အခါတစ်ပါး၌ ရေကန်ကြီးတစ်ကန်၏ ကန်ပေါင်ရိုးတွင် မြတ်စွာဘုရား စင်္ကြံကြွနေတော်မူသည်။ စင်္ကြံကြွနေတော်

www.burmeseclassic.com

www.burmeseclassic.com



မှုနိုက် မြတ်စွာဘုရားသည် ကန်ပေါင်ရိုးပေါ်မှ ရေကန်အောက်ခြေ လှမ်းကြည့်တော်မူလိုက်သောအခါ အလွန်တရာနက်သော ငရဲပြည်ကို လှမ်းတွေ့မြင်တော်မူသည်။ ငရဲပြည်၌ ငရဲခံနေကြရသော ငရဲသားများကိုလည်း တွေ့တော်မူသည်။ ထိုအခါ မဟာကရုဏာသက်တော်မူသော မြတ်စွာဘုရားသည် ပင့်ကူတစ်ကောင်၏ ချည်မျှင်ကို ရေကန်ထဲချလိုက်သည်တွင် ပင့်ကူချည်မျှင်သည် ငရဲပြည်သို့ကျသွားပြီး ငရဲခံနေသော ကန္တတသည် ပင့်ကူချည်မျှင်ကိုဆွဲပြီး တက်လာသည်။ ခရီးအတော်ပေါက်လာသောအခါ ကန္တတသည် အောက်ဘက် လှမ်းကြည့်လိုက်သည်တွင် သူ ဆွဲတက်လာသော ပင့်ကူချည်မျှင်အစကို တခြားငရဲသားများလည်း ဆွဲတက်လာကြသည်ကို တွေ့မြင်ရသည်ဖြစ်၍ 'ဟေ့ကောင်တွေ ဒါ ငါ့ချည်မျှင်ကွ၊ ငါ့ကို အပေါ်ဆွဲတင်တဲ့ ချည်မျှင်။ မင်းတို့နဲ့ ဘာမှမဆိုင်ဘူး၊ ဆင်းကြ' ဟု အော်ပြောလိုက်သည်။ ထိုအခိုက် ပင့်ကူချည်မျှင်သည် ကန္တတ ဆွဲတက်လာသော နေရာက ထောက်ခနဲပြတ်သွားပြီး ကန္တတလည်း ငရဲအိုးထဲ ပြန်ကျသွားသည်။ ဝတ္ထုရေးဆရာသည် ဓမ္မကျမ်းဂန်၌ အကြီးမားဆုံး အကုသိုလ်စိတ်အဖြစ် သတ်မှတ်ထားသည့် မှောလိုဝန်တိုစိတ်၊ ဣဿာမစ္ဆရိယစိတ်ကို ရည်ညွှန်းဖော်ပြထားခြင်း ဖြစ်သည်။

ကျွန်တော် မြန်မာပြန်သော ဒုတိယဂျပန်ဝတ္ထုတိုမှာ တာဂိုမားရှင်ဂျီ၏ (Where did spring come from) ဖြစ်



သည်။ ယင်းဝတ္ထုမှာ မျောက်များအကြောင်းကို သင်္ကေတသဘောဖြင့် ရေးသားသောဝတ္ထုဖြစ်သည်။ တာဂိုမားရှင်ဂျီသည် နိုင်ငံရေး၊ လူမှုရေး ပြဿနာများနှင့်ပတ်သက်ပြီး မိမိ၏အတွေးအခေါ်ကို သင်္ကေတသဘောဖြင့် တိရစ္ဆာန်များကို ဇာတ်ကောင်ထားလျက် ဝတ္ထုရေးသားလေ့ရှိသည်။ ကျွန်တော် မြန်မာပြန်သော ဒုတိယ ဂျပန်ဝတ္ထုတိုသည် နိုင်ငံရေးသို့မဟုတ် လူမှုရေးစနစ်သစ်တစ်ခုနှင့်ပတ်သက်ပြီး သင်္ကေတသဘော သို့မဟုတ် နေယျတ္ထသဘောဖြင့် ရေးသားထားသော ဝတ္ထုဖြစ်သည်။ ကျွန်တော်၏ ဝတ္ထုတိုပေါင်းချုပ် စာအုပ်ထဲ၌မူ ယင်း ဒုတိယဂျပန် မြန်မာဝတ္ထုကို အဆင်မပြေသဖြင့် မထည့်လိုက်ရပေ။

မောင်ဆုရှင်လည်း တာဂိုမားရှင်ဂျီ၏ ဝတ္ထုစာအုပ်သုံးအုပ်ကို မြန်မာပြန်ဆိုသည်။ ယင်းဘာသာပြန်စာအုပ်သုံးအုပ် ထုတ်ဝေဖြန့်ချိသည့် အထိမ်းအမှတ်ဖြင့် ကရဝိက် ဟိုတယ်တွင် ဂျပန်ဗောင်ဆေးရှင်းနှင့် မြန်မာနိုင်ငံ စာပေစာနယ်ဇင်းအသင်းမှ ပူးတွဲပြီး အခမ်းအနား ကျင်းပပြုလုပ်သည်။ ယင်းအခမ်းအနား၌ စာရေးဆရာနှင့် ဘာသာပြန်ဆရာ နှစ်ဦးစလုံးပင် မိန့်ခွန်းပြောကြားကြသည်။

ဂျပန်ဝတ္ထုများကို မြန်မာဘာသာပြန်သကဲ့သို့ပင် မြန်မာဝတ္ထုများကိုလည်း ဂျပန်ဘာသာပြန်ဆိုသည်။ ဂျပန်ဘာသာပြန်ဆိုသော မြန်မာဝတ္ထုများထဲတွင် မြန်မာစာရေးဆရာများ

www.burmeseclassic.com

www.burmeseclassic.com



ရေးသားသော ဝတ္ထုတိုများ ပါဝင်ပြီး လုံးချင်းဝတ္ထုအနေဖြင့် ဂျာနယ်ကျော်မမလေး၏ 'သွေး' ဝတ္ထုကိုလည်း ဂျပန်ဘာသာ ပြန်ဆိုထားသည်။

ယင်းကဲ့သို့ စာပေနှင့်ပတ်သက်ပြီး အပေးအယူလုပ်ကြခြင်းသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်စပ်နေသော ပေါင်းကူးတံတားသဖွယ်ဖြစ်နေ၍ နှစ်နိုင်ငံ၏ ဘာသာပြန်လုပ်ခြင်းသည် နိုင်ငံနှစ်နိုင်ငံ၏ ချစ်ကြည်ရေးကို ခိုင်မာအောင် ပြုလုပ်သွားနိုင်ပေလိမ့်မည်။

□

## ပင့်ကူချည်မျှင်

တစ်နေ့သ၌ သကျမုနိဗုဒ္ဓသည် နတ်ပြည် နတ်လောကရှိ ကြာရေကန်၏ ကန်ပေါင်ရိုးပေါ်၌ စင်္ကြံလျှောက်နေတော်မူသည်။

ရေကန်ထဲတွင် ပွင့်နေကြသော ကြာပွင့်အားလုံးသည် ပုလဲပမာ ဖြူဖွေးနေကြသည်။ ကြာပွင့်ဗဟိုချက်မရှိ ရွှေရောင်ဝတ်မှုန်ဝတ်ဆံတို့မှ ပြောမပြနိုင်လောက်အောင် မွှေးကြိုင်သောရနံ့သည် ပတ်ဝန်းကျင်တစ်ခွင်ရှိ လေထဲတွင် အပြည့်ဖြစ်နေသည်။

နတ်ပြည် နတ်လောက၏ နံနက်ခင်းအချိန်ဖြစ်သည်။

အချိန်အတန်ငယ်ကြာသွားသောအခါ သကျမုနိဗုဒ္ဓသည် ကန်ပေါင်ရိုးပေါ်၌ ရပ်တန့်လျက် ကန်ရေပြင်ကို ဖုံးအုပ်ထားသော ကြာရွက်များ၏အကြားမှ အောက်ဘက်၌ မြင်တွေ့နေရသော ရှုခင်းကို ကြည့်တော်မူလိုက်သည်။ ထိုအခါ မှန်ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြည့်လိုက်သကဲ့သို့ ကျောက်သလင်းပမာ ကြည်လင်နေသော ကန်ရေပြင်ကို ထွင်းဖောက်လျက် အဝေး၌ရှိနေသော သွေးကန်နှင့် လုံတောင်ကို တွေ့မြင်တော်မူသည်။

ထို့နောက် သကျမုနိဗုဒ္ဓသည် ငရဲအောက်ခြေ၌ တခြားငရဲသားများနှင့်အတူ တွန့်လိမ်ကောက်ကွေးပြီး ငရဲခံနေရသော ကန္ဒာတအမည်ရှိ လူတစ်ယောက်ထံ မျက်စိရောက်သွားသည်။

ကန္ဒာတသည် လူသတ်၊ အိမ်မီးရှို့ စသော ဒုစရိုက်အလုပ်များကို ကျူးလွန်ပြုလုပ်လာခဲ့သော ဓားပြကြီးတစ်ယောက်ဖြစ်သည်။ သို့ရာတွင် သုစရိုက်အလုပ်တစ်ခုကိုလည်း ပြုလုပ်ဆောင်ရွက်ခဲ့ဖူးသည်။ တစ်နေ့သောအခါ၌ တောနက်တစ်ခုထဲ ဖြတ်သွားစဉ် လမ်းပေါ်၌ တွားသွားနေသော ပင့်ကူငယ်လေးတစ်ကောင်ကို တွေ့မြင်သည်။

ကန္ဒာတသည် ပင့်ကူကို နင်းချေသတ်ပစ်ရန် ခြေထောက်ကြွလိုက်သည်။ သို့ရာတွင် 'မည်မျှပင်သေးငယ်သောသတ္တဝါဖြစ်သော်လည်း ဤပင့်ကူတွင်လည်း အသက်ရှိ၏။ ဤပင့်ကူကို အကြောင်းမဲ့ သတ်ဖြတ်မပစ်သင့်' ဟူသော အတွေးပေါ်လာသည်။

ယင်းသို့ အတွေးပေါ်လာသည်ဖြစ်၍ ကန္ဒာတသည် ပင့်ကူကို အသက်ချမ်းသာပေးလိုက်သည်။

ငရဲပြည်ကို လှမ်းကြည့်ရှုသော သကျမုနိ မြတ်စွာဘုရား



သည် ပင့်ကူအား ကန္ဒာတ အသက်ချမ်းသာပေးခဲ့သည်ကို သတိရသွားတော်မူသည်။ ယင်းကုသိုလ်ကောင်းမှုကြောင့် သကျမုနိ မြတ်စွာဘုရားသည် အကယ်၍ ဖြစ်နိုင်ပါလျှင် ကန္ဒာတအား ငရဲမှထုတ်ဆယ်ကယ်တင်ရန် အကြံဖြစ်တော်မူလာသည်။ ဘေးပတ်ဝန်းကျင်ကို ကြည့်တော်မူလိုက်သောအခါ ကံအားလျော်စွာ နတ်ပြည်နတ်လောက၏ ပင့်ကူတစ်ကောင် ကျောက်စိမ်းရောင် ကြာရွက်များပေါ်၌ လှပသော ငွေရောင်ချည်မျှင် ရက်ထုတ်နေသည်ကို တွေ့မြင်တော်မူသွားသည်။

သကျမုနိဗုဒ္ဓသည် ပင့်ကူချည်မျှင်ကို လက်တော်နှင့် အသာအယာကိုင်ပြီးလျှင် ပွင့်အာနေကြသော ပုလဲနှင့်တူသည့် ကြာဖြူပွင့်များ ကြားထဲက အောက်ဘက် အလွန်တရာ ဝေးကွာသောအရပ်၌ တည်ရှိနေသည့် ငရဲ၏ အောက်ခြေသို့ ချတော်မူလိုက်သည်။

ငရဲပြည်ရှိ သွေးကန်ထဲတွင် ကန္ဒာတသည် တခြားငရဲခံရသူများနှင့် အတူတကွ မြုပ်ချည်ပေါ်ချည် ဖြစ်နေသည်။

ပိန်းပိတ်မှောင်နေသည့် ပတ်ဝန်းကျင် တစ်ခွင်လုံး၌ အမိုက်မှောင်ထဲက တစ်ခါတစ်ရံ မှိန်မှိန်မွှားမွှား ပေါ်ထွက်လာသည်ဟု ထင်ရသော အရာများမှာ ထိတ်လန့်ကြောက်ရွံ့ဖွယ် လုံတောင်မှ မှိန်မှိန်မွှားမွှား မပြတ်မသား မြင်ရသော သံတံများဖြစ်သောကြောင့် ထိုမြင်ကွင်းမှာ ပြော၍မပြနိုင်လောက်

www.burmeseclassic.com

www.burmeseclassic.com



အောင်ပင် စိုးရွံ့ထိတ်လန့်ဖွယ် မြင်ကွင်းဖြစ်နေသည်။ ပို၍ဆိုးသည်မှာ ထိုနေရာပတ်ဝန်းကျင်တစ်ဝိုက်၌ ဘယ်ဆီကြည့်လိုက်ကြည့်လိုက် သုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေခြင်းဖြစ်သည်။ မကြာခဏ ထွက်ပေါ်လာသော တစ်ခုတည်းသောအသံမှာမူ ငရဲခံနေရသူများ၏ မသဲမကွဲညည်းတွားသံပင် ဖြစ်သည်။

ယင်းသို့ ညည်းတွားသံ ပေါ်နေသည်မှာ ငရဲကျနေသူများ ငရဲ၏ ညှဉ်းပန်းနှိပ်စက်ခြင်း မှန်သမျှကို ခါးစည်းခံနေကြရသည်ဖြစ်၍ မောဟိုက်နွမ်းနယ်နေကြသောကြောင့်ဖြစ်သည်။ အသံထွက်ငိုကြွေးရန်အတွက်ပင် အင်အားမရှိကြတော့ပေ။

ထို့ကြောင့် ဓားပြအကြီးစားပင် ဖြစ်စေကာမူ ကဏ္ဍတသည်လည်း သွေးကန်ထဲတွင် သွေးမွန်းနေသဖြင့် အသက်ပျောက်တော့မည့် ဖားကဲ့သို့ တွန့်လိမ်ကောက်ကွေးနေသည်။

သို့ရာတွင် တစ်နေ့သ၌ ကဏ္ဍတသည် ဦးခေါင်းမော့လျက် သွေးကန်အထက်က ကောင်းကင်ပြင်ကို ကြည့်လိုက်သောအခါ မနုဿလူသားတို့၏ မျက်စိအကြည့်ဒဏ်ကို ထိတ်လန့်ကြောက်ရွံ့နေသည့်ပမာ တိတ်ဆိတ်ငြိမ်သက်နေသော အမှောင်ထုအတွင်း၌ လက်တစ်ခါ မိုန်တစ်ချီနှင့် ဝေးကွာသီခေါင်သော အထက်တန်ပြည်မှ သူ့ထံသို့ ဦးတည်ကျလာသော ပင့်ကူချည်မျှင်တစ်မျှင်ကို တွေ့မြင်သွားသည်။



ပင့်ကူချည်မျှင်ကို တွေ့မြင်ရသည့်အခါ ကဏ္ဍတသည် ဝမ်းသာလွန်းလှသဖြင့် အမူမဲ့အမှတ်မဲ့ လက်ပန်းပေါင်းခတ်လိုက်သည်။ အကယ်၍ ကဏ္ဍတသည် ယင်းချည်မျှင်ကို ဆွဲပြီး တဖြည်းဖြည်းတက်သွားလျှင် အမှန်တကယ်ပင် ငရဲမှ လွတ်မြောက်သွားနိုင်ဖွယ်ရှိသည်။

ထိုမျှသာမက အဆင်ပြေသွားပါမူကား ကဏ္ဍတသည် နတ်ပြည် နတ်လောကသို့ပင် ဝင်ရောက်သွားနိုင်ကောင်းသွားနိုင်ပေလိမ့်မည်။ ထို့နောက်တွင်ကား သူ့အနေဖြင့် နောက်ထပ်တစ်ဖန် လှံတောင်ပေါ်သို့လည်းကောင်း၊ သွေးကန်အတွင်းသို့လည်းကောင်း ပြန်ကျစရာအကြောင်း မရှိတော့ပေ။

ယင်းသို့ ဆုံးဖြတ်ပြီးလျှင် ကဏ္ဍတသည် အချိန်ဆိုင်းမနေတော့ဘဲ ချည်မျှင်ကို လက်နှစ်ဖက်ဖြင့် ခပ်တင်းတင်းဆုပ်ကိုင်လျက် တက်သွားသည်။

ဓားပြအကြီးစားဖြစ်၍ ကဏ္ဍတသည် ယင်းကဲ့သို့ ကြိုးဆွဲ၍ အပေါ်တက်သည့် အလေ့အထကောင်းကောင်းရနေသူဖြစ်သည်။

သို့ရာတွင် ငရဲနှင့် နတ်ပြည်မှာ တစ်နေရာနှင့် တစ်နေရာ မိုင်ပေါင်းသိန်းသန်းမက ဝေးကွာသည်ဖြစ်၍ မည်မျှပင်အလောသုံးဆယ်ဖြစ်နေသော်လည်း ကဏ္ဍတအနေနှင့် နတ်ပြည်ရောက်အောင် လွယ်လင့်တကူ ရောခနဲတက်သွား၍မှာမူ မဖြစ်နိုင်ပေ၊ အချိန်အတန်ကြာမျှ တက်သွားပြီးသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ကဏ္ဍာတသည် မောဟိုက်လာပြီးလျှင် နောက်ထပ် တစ်ချီတစ်မောင်း ဆွဲတက်သွားနိုင်သည့် အခြေအနေပင် မရှိတော့ပေ။

နောက်ထပ်ဆက်၍ ဘာလုပ်ရမှန်း မသိသောကြောင့် ကဏ္ဍာတသည် တစ်အောင့်လောက်နားဦးမည်ဟု ဆုံးဖြတ်ပြီးလျှင် ချည်မျှင်တွင် တွဲလွဲခိုလျက် အောက်ဘက်ငုံ့ကြည့်လိုက်သည်။

ရှိသမျှအားကို ဖျစ်ညှစ်ထုတ်လျက် ကြိုးစားပမ်းစားတက်လာသည်ဖြစ်၍ တစ်ခဏအလွန်က သူ မြုပ်ချည်ဝေါချည်ဖြစ်နေခဲ့ရသော သွေးကန်သည် အောက်ဘက်က အမှောင်ထုထဲတွင် ငုပ်လျှိုးကျန်ရစ်ခဲ့သည်။

ထို့ပြင် မလက်တလက်ဖြစ်နေသော ကျောချမ်းစရာ ထိုလုံတောင်သည်လည်း သူ၏အောက်ဘက်တွင် ရောက်နေသည်။

အကယ်၍ သူသည် ယခုနှုန်းအတိုင်း ဆက်တက်သွားပါက မိမိ မျှော်လင့်ထားသည်ထက်ပင် လွယ်ကူစွာ ငရဲက လွတ်မြောက်ကောင်း လွတ်မြောက်သွားနိုင်ပေလိမ့်မည်။

လက်နှစ်ဖက်ကို ချည်မျှင်ဖြင့် ရစ်ပတ်ထားပြီးလျှင် ကဏ္ဍာတသည် 'ယောကျ်ားဘသား၊ ယောကျ်ားဘသား' ဟု အော်လျက် ငရဲကျလာသည့်အချိန်မှစ၍ နှစ်ပေါင်းများစွာ



အတွင်း တစ်ခါဖူးမျှ မဟာစ်အော်ဖူးသောအသံဖြင့် ဟာစ်အော်ရယ်လိုက်သည်။

သို့ရာတွင် အောက်ဘက်တွင်ရှိသော ပင့်ကူချည်မျှင်တစ်ဖက်စွန်း၌ မရေမတွက်နိုင်သော ငရဲခံနေရသူများသည် ပုရွက်ဆိတ်တန်းကြီးပမာ အုပ်မနိုင် ထိန်းမရ သူ့နောက်အတင်းတက်လိုက်လာကြသည်ကို မြင်သွားသည်။

ယင်းမြင်ကွင်းကို တွေ့မြင်ရသောအခါ ကဏ္ဍာတသည် အလွန်တရာ အံ့သြထိတ်လန့်သွားပြီးလျှင် ပါးစပ်အဟောင်းသားနှင့် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားသည်။

ဤသေးမျှင်သော ချည်မျှင်သည် သူတစ်ယောက်တည်းသော ဝန်ဖြင့်ပင် ပြတ်ထွက်သွားနိုင်သည်။ ယခု လူအားလုံး၏ အလေးချိန်ကိုမူ အဘယ်မှာ ထိန်းထားနိုင်မည်နည်း။

အကယ်၍ ဤချည်မျှင်သည် လမ်းခုလတ်တွင် ရှောင်တခင် ပြတ်သွားပါက အပင်ပန်းအဆင်းရဲခံပြီး မြင့်မားသော ဤနေရာသို့အထိရောက်အောင် တက်လာသော မိမိသည်ပင် ငရဲသို့ ဒလိမ့်ခေါက်ကွေး ပြန်ကျသွားပေလိမ့်မည်။ ယင်းသို့ဖြစ်လျှင် ဒုက္ခကြီးစွာ ရောက်ရလိမ့်မည်။

ထိုအချိန်အတောအတွင်း ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာသော ငရဲခံနေရသူများသည် နက်ချိပ်နေသော သွေးကန်၏ အောက်ခြေမှ တလိမ့်လိမ့် တလွန့်လွန့်တွက်လာကြပြီးလျှင် မလက်တလက် အရောင်ထွက်နေသော ချည်မျှင်

www.burmeseclassic.com

www.burmeseclassic.com



သေးသေးကလေးကို ဆုပ်ကိုင်ပြီး တသီတတန်းကြီး ကုတ်ကပ်တွယ်တက်လာကြသည်။

အကယ်၍ မိမိကသာ အချိန်မီမဟန့်တားလျှင် ချည်မျှင်သည် အလယ်က နှစ်ပိုင်းပြတ်ပြီး မိမိနှင့်အတူတကွ ငရဲကောင်တွေအားလုံး ဒလိမ့်ခေါက်ကွေး ကျသွားကြမည်မှာ အမှန်ဖြစ်သည်။

ထို့ကြောင့် ကန္ဒာတသည် "ဟေ့··· ငရဲကောင်တွေ၊ ဒီပင့်ကူချည်မျှင်က ငါ့ပစ္စည်းကွ၊ မင်းတို့ ဘယ်သူ့ခွင့်ပြုချက်နှင့် တက်လိုက်လာကြတာလဲ၊ ဆင်းကြ၊ အကုန်ဆင်းကြ" ဟု အော်ပြောလိုက်လေသည်။

ကန္ဒာတ ဘာလုပ်နိုင်တော့မည်နည်း။ အော်ဟစ်ချိန်ပင်မရလိုက်တော့ဘဲ လေထဲ ပျံဝဲကျလာပြီးလျှင် ဂျင်တစ်လုံးကဲ့သို့လည်ပြီး အမိုက်မှောင်တွင်းသို့ ဖောက်ထိုးကျသွားသည်။

ထို့နောက်တွင်ကား နတ်ပြည် နတ်လောက၏ သေးမျှင်ပြီး မလက်တလက် အရောင်ထွက်နေသည့် တစ်ခုတည်းသော ပင့်ကူချည်မျှင် သည်သာလျှင် လလည်းမရှိ၊ ကြယ်လည်းမရှိသော ကောင်းကင်အလယ်၌ လွင့်နေလေသည်။

နတ်ပြည် နတ်လောကရှိ ကြာကန်၏ ကန်ပေါင်ရိုးပေါ်၌ ရပ်နေတော်မူသော ဗုဒ္ဓသည် ယင်းအဖြစ်အပျက်ကို မတုန်မလှုပ် ရှုစားနေတော်မူသည်။ ရေထဲပစ်ချလိုက်သော ကျောက်တုံးတစ်တုံးကဲ့သို့ သွေးကန်ထဲတွင် ကန္ဒာတ စုပ်ခဲ



မြုပ်သွားသည်ကို မြင်တွေ့ရသောအခါ ဗုဒ္ဓသည် ဝမ်းနည်းကြေကွဲစွာဖြင့် တစ်ဖန် စင်္ကြံကြွနေတော်မူလေသည်။

မိမိတစ်ကိုယ်တည်းသာလျှင် ငရဲမှ လွတ်မြောက်လိုသည့် ကန္ဒာတ၏ အကြင်နာမဖက်သော၊ တစ်ကိုယ်ကောင်းဆန်သော နှလုံးသား၊ ယင်းစိတ်ထား သဘောထားအားလျော်စွာ အပြစ်ဒဏ်ခံရပြီး ငရဲတစ်ဖန် ပြန်ကျသွားရခြင်း၊ ယင်းအဖြစ်အပျက်များမှာ ဗုဒ္ဓ၏ အမြင်၌ ကရုဏာသက်စရာ ဖြစ်နေသည်။

သို့ရာတွင် နတ်ပြည် နတ်လောက၏ ကြာကန်အတွင်း၌ ပွင့်နေကြသော ကြာပန်းကြာပွင့်များမှာမူ ယင်းအကြောင်းအရာများနှင့် ပတ်သက်၍ စိုးစဉ်းမျှပင် ဂရုမပြုကြပေ။

ပုလဲနှင့်တူသော ကြာဖြူပွင့်တို့သည် ဗုဒ္ဓ၏ခြေတော်ရင်း၌ ဖူးတံများကို ဝှေ့ယမ်းနေကြသည်။ ယင်းကဲ့သို့ ဝှေ့ယမ်းနေစဉ် ဗဟိုချက်မ၌ရှိသော ရွှေရောင်ဝတ်မှုန်ဝတ်ဆံတို့မှ ထူးထူးခြားခြား ကြိုင်သင်းနေသည့် ပန်းရနံ့သည် ပတ်ဝန်းကျင်တစ်ခွင်၌ ပျံ့နှံ့သွားလေသည်။

(Ryunosuke Akutagawa ၏ "The Spider's Thread")

▢

www.burmeseclassic.com

## ကျပန် လူဝင်စား

### (၁)

အထက်ဖော်ပြပါ အဖြစ်အပျက်သည် ဝတ္ထုမဟုတ်ပေ။ ယုတ်စွအဆုံး ပြောရလျှင် ကျွန်ုပ်၏ ဝတ္ထုတစ်ပုဒ် မဟုတ်ပေ။ ရှေးဂျပန်မှတ်တမ်းတစ်ခု၏ ဘာသာပြန်သာလျှင် ဖြစ်သည်။ ထပ်ပြီးပြောရလျှင် လက်မှတ်ထိုးထားသော၊ ချိတ်ပိတ်ထားသော၊ ယခုမျက်မှောက်ရာစု (၁၉ ရာစု) နွေးစွဲတပ်ထားသော အခန်းဆက်မှတ်တမ်းတစ်ခု၏ ဘာသာပြန်ဖြစ်သည်။ စာရေးဆရာ အတော်များများသည် ယင်းမှတ်တမ်းများကို အသုံးချကြသည်။ အထူးအားဖြင့် 'ဘွတ်ခယောကျတ္တဝချင်ရှူး' အမည်ရှိ ထူးခြားဆန်းကြယ်သည့် ဗုဒ္ဓဘာသာ ဝတ္ထုတို ပေါင်းချုပ်ရေးသော စာရေးဆရာအား သူ၏ ဝတ္ထုတိုပေါင်းချုပ် ဝတ္ထု ၂၆ ဝတ္ထုမြောက်အတွက် ဇာတ်လမ်း ဇာတ်ကွက်



ပေးသော မှတ်တမ်းများ ဖြစ်ပေသည်။ သို့ရာတွင် ယခု ဘာသာပြန်မှာမူ တိုကျိုပုဂ္ဂလိက စာကြည့်ပိဋကတ်တိုက်မှ လက်ရေးမူကို ဘာသာပြန်ထားခြင်း ဖြစ်သည်။ ကျွန်ုပ်အနေနှင့်မူ မူရင်းဇာတ်လမ်း၏ အောက်ခြေမှတ်ချက်များကို ဖြည့်စွက်ရေးသားသည်မှတစ်ပါး တခြား မိမိ၏ မည်သည့် အာဘော်ကိုမှ ထည့်သွင်းရေးသားထားခြင်း မရှိပေ။

ဇာတ်လမ်းအစကို ဖတ်ရသည်မှာ ပျင်းရိငြီးငွေ့ဖွယ် ဖြစ်ချင်ဖြစ်နေမည် ဖြစ်သော်လည်း ဘာသာပြန်တစ်ခုလုံးကို အစအဆုံး ဖတ်ကြည့်ရန် အကြံဉာဏ်ပေးလိုသည်။ အကြောင်းမှုကား ဤဇာတ်လမ်းသည် အတိတ်ဘဝကို ပြန်လည်သတိတရရှိခြင်းကို ဖော်ပြထားသည့်အပြင် အခြားအကြောင်းအရာများစွာလည်း ပါဝင်နေသောကြောင့်ဖြစ်သည်။ ဤဇာတ်လမ်း၌ လွန်လေပြီးသော ဂျပန်မြေရှင်စနစ်နှင့် ပတ်သက်သော အကြောင်းအရာကိုလည်းကောင်း၊ ရှေးအတိတ် အဆင့်မြင့် ဗုဒ္ဓဘာသာ မဟုတ်သည့် ရှေးဟောင်းယုံကြည်ကိုးကွယ်မှုကိုလည်းကောင်း၊ အနောက်တိုင်းသားတစ်ဦးတစ်ယောက်အတွက် သဘောပေါက်ဖို့ရန် မလွယ်သည့် အချက်အလက်မျိုးကိုလည်းကောင်း၊ အတိတ်ဘဝနှင့် လူဝင်စားပြဿနာဆိုင်ရာ ယုံကြည်ယူဆချက်များကိုလည်းကောင်း ဖော်ပြထားသည်။ ယင်း အမြင်ဖြင့်ကြည့်လျှင် တရားဝင်စုံစမ်းစစ်ဆေးခြင်း၏ တိကျသောအဖြေသည်လည်းကောင်း၊ သက်သေခံ

www.burmeseclassic.com



...ထောက်အထားၡ ယုံကြည်စိတ်ချရမှုသည်လည်းကောင်း အရေးပါ အရာရောက်လှသည့် ပြဿနာများ မဟုတ်ကြ တော့ပေ။

(၂)

**၁။ တာမ္ဘန်ဒင်ပါချီရော၏ အစီရင်ခံစာမိတ္တူ**

*(မူဆာရှိပြည်နယ်၊ တာမာဂေါ်ရီခရိုင်၊ နာကာဒိုမူရာရွာ၌ နေသော ကျွန်ုပ်၏ ပိုင်နက်မြေပေါ်၌နေသော တောင်သူ လယ်သမား ဂျင်ဇော၏ ဒုတိယသား အသက်ကိုးနှစ်အရွယ်ရှိ ကာဆူလိုရော၏ အဖြစ်အပျက်။)*

ယမန်နှစ်ဆောင်းဦး တစ်ခုသောအချိန်၌ အထက်ဖော်ပြပါ ဂျင်ဇော၏သား ကာဆူလိုရောသည် သူ၏အစ်မအား မိမိ၏အတိတ်ဘဝအကြောင်းနှင့် လူဝင်စားဖြစ်လာပုံအကြောင်းကို ပြောပြသည်။ သို့ရာတွင် ကလေးတစ်ယောက် ပေါက်ကရ လျှောက်ပြောနေသည်ဟု ထင်မှတ်ယူဆပြီးလျှင် အစ်မဖြစ်သူက အလေးအနက်မထားပေ။ သို့ရာတွင် နောက်ပိုင်းတွင်လည်း ကာဆူလိုရောက သူ့အစ်မအား ယင်းအဖြစ်အပျက်ကိုပင် ထပ်တလဲလဲ ပြောပြနေသောအခါ အစ်မဖြစ်သူသည် အတော်ဆန်းတာပဲဟု ထင်မှတ်ယူဆသွားပြီးလျှင် သူ့မောင်လေး ပြောပြသည့်အကြောင်းကို သူ့မိဘများအား ပြောပြလိုက်သည်။



ယမန်နှစ် ဒွါဒသမလ အတောအတွင်း၌ ဂျင်ဇော ကိုယ်တိုင် ကာဆူလိုရောအား မေးမြန်းစုံစမ်းကြည့်သည်။ ထိုအခါ ကာဆူလိုရောက ပြောပြသည်။

သူသည် အတိတ်ဘဝက ကျူးဇော၏သား ဖြစ်ခဲ့သည်။ ကျူးဇောသည် မူဆာရှိပြည်နယ်၊ တာမာဂေါ်ရီခရိုင်၊ နယ်စားကြီး ကိုမိယာ၏ ပိုင်နက်နယ်မြေထဲက ရွာတစ်ရွာဖြစ်သော ဟိုဒိုကူဘိုမူရာရွာမှ လယ်သမားတစ်ဦးဖြစ်သည်။

ကျူးဇော၏သား (ကာဆူလိုရော)သည် ခြောက်နှစ်သားအရွယ်တွင် ကျောက်ပေါက်ပြီး ကွယ်လွန်သွားသည်။ ထို့နောက် အထက်တွင် ဖော်ပြခဲ့သည့် ဂျင်ဇော၏ အိမ်ထောင်မိသားစုတွင် ပြန်လည်မွေးဖွားလာသည်။

ယင်းအကြောင်းအရာသည် ယုံကြည်စရာမဟုတ်သော်လည်း သူငယ်က သူ့အကြောင်းကို ခရေစေ့တွင်းကျ ထပ်တလဲလဲ ပြောပြနေသည့်တွက် ရွာသူကြီးနှင့် ကျေးရွာလူကြီးများသည် ယင်းအဖြစ်အပျက်ကို တရားဝင် မစုံစမ်း မစစ်ဆေးဘဲ မနေနိုင်ကြတော့ပေ။ သူငယ်၏သတင်းသည် တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသည်။ ထိုသတင်းသည် ဟိုဒိုကူဘိုမူရာ၌ နေထိုင်သော ဟန်ရှိရောမိသားစုထံသို့လည်း ရောက်ရှိသွားသည်။ ထိုအခါ ဟန်ရှိရောသည် ကျွန်ုပ်၏ပိုင်နက်နယ်မြေပေါ်၌နေသော အထက်ဖော်ပြပါ တောင်သူလယ်သမား ဂျင်ဇော၏အိမ်သို့လာပြီး မေးမြန်း စုံစမ်းကြည့်ရာတွင် သူငယ်

www.burmeseclassic.com

www.burmeseclassic.com



ပြောပြသော ယခင်ဘဝက သူပုံပန်းသဏ္ဍာန်သည်လည်းကောင်း၊ သူ့မိဘ၏ အနေအထားသည်လည်းကောင်း၊ အတိတ်ဘဝက သူနေခဲ့သည့် အိမ်၏အခြေအနေသည်လည်းကောင်း အားလုံး တစ်သဝေမတိမ်းဖြစ်နေသည်ကို သိရှိရသည်။

ကာဆူလိုရောအား ဟိုဒိုကူဘိုမူရာရွာရှိ ဟန်ရှိရော၏ အိမ်သို့ ခေါ်သွားသည်။ ရွာသူရွာသားများက သူငယ်သည် လွန်ခဲ့သည့်နှစ် များမကြာမီက ခြောက်နှစ်သားအရွယ်တွင် ကွယ်လွန်သွားသော သူတို့ရွာက တောဇောနှင့် တစ်ပုံတည်း ပင်ဖြစ်သည်ဟု ပြောကြသည်။ ထိုအချိန်မှစ၍ မိသားစုနှစ်စု သည် တစ်ဦးအိမ်တစ်ဦး မကြာခဏ သွားလာလည်ပတ်နေ လေ့ရှိကြသည်။

အနီးအနားရွာများမှ လူများသည် ယင်းအဖြစ် အပျက်ကို ကြားသိသွားကြပုံရသည်။ ယခုတွင်ကား နေရာပေါင်း များစွာမှ လူများသည် ကာဆူလိုရောကို ကြည့်ရန် နေ့စဉ် မပြတ် ရောက်ရှိလာကြသည်။

အထက်ပါအချက်အလက်များမှာ ကျွန်ုပ်ပိုင်နက်နယ်မြေ တွင် နေထိုင်ကြသူများ ကျွန်ုပ်၏ ရှေ့မှောက်၌ ဝန်ခံ ပြောကြားချက်များဖြစ်သည်။ ကျွန်ုပ်၏နေအိမ်သို့ ဂျင်ဇောအား ဆင့်ခေါ်ပြီးလျှင် ကျွန်ုပ်ကိုယ်တိုင် ဂျင်ဇောအား မေးမြန်းစုံစမ်း ကြည့်သည်။ ကျွန်ုပ်မေးသော မေးခွန်းများနှင့် ပတ်သက်၍ ဂျင်ဇော၏ ဖြေကြားချက်များမှာ တခြားလူများပြောကြားသည့်



အထက်ဖော်ပြပါ ပြောကြားချက်များနှင့် ကွဲလွဲချက် မရှိပေ။

ကမ္ဘာပေါ်၌ ယင်းအကြောင်းအရာမျိုးနှင့် ပတ်သက် သော ကောလာဟလစကားများသည် ပြည်သူလူထုကြားထဲ တွင် အခါအားလျော်စွာ ပျံ့နှံ့နေလေ့ရှိကြသည်။ ယင်းသတင်း စကားမျိုးကို ယုံယုံကြည်ကြည်နှင့် လက်ခံနိုင်ဖို့ရန် မလွယ်ပေ။ သို့ရာတွင် ယခုအဖြစ်အပျက်ကိုမူ မိမိအား နမော်နမဲ့ နေနိုင် လွန်းသည်ဟု အပြစ်မဖို့နိုင်စေရန် ရည်သန်လျက် မိတ်ဆွေ တို့၏ ဝုဏ်သရေရှိများသို့ ပေါက်သွားစေရန် အစီရင်ခံရခြင်း ဖြစ်ပေသည်။

(ပုံ)တာမွန်ဒင်ပါချိရော

## ဘွန်ဆေးနှစ်၊ စတုတ္ထလ
## (၁၈၂၃)

**၂။ [ဆင်ဂကူဂျိကျောင်းတိုက် ဘုန်းတော်ကြီး တိုက်ကင်ထံ ကာရုနှာဝ်စိ ရေးပို့သော ပေးစာမိတ္တူ]**

တာမွန်ဒင်ပါချိရော၏ အစီရင်ခံစာမိတ္တူကို ယခုစာနှင့် အတူ ပေးပို့လိုက်ပါသည်။ ယင်းအစီရင်ခံစာမိတ္တူကို တပည့် တော်ထံသို့ ရှိဂါယော့မွန်ဆမ ဆောင်ယူလာခြင်း ဖြစ်ပါ သည်။ ယင်းအစီရင်ခံစာမိတ္တူကို အရှင်ဘုရားထံ ပေးပို့ခွင့် ရရှိသဖြင့် အလွန်တရာ ဝမ်းမြောက်ခြင်း ဖြစ်ရပါသည်။ ထိုအစီရင်ခံစာမိတ္တူကို တစ်နေ့က တပည့်တော်အားပြသည့်

www.burmeseclassic.com

www.burmeseclassic.com



ကွမ်ဖန်ဆမ၏ စာနှင့်အတူ သိမ်းဆည်းထားပါလျှင် အရှင်ဘုရားအတွက် အကျိုးရှိပါလိမ့်မည်။

**ဆဋ္ဌမလ၏ ၂၁ ရက်မြောက်နေ့**
**(အခြားနေ့စွဲမရှိ)**

**၃။ [ဆင်ဂကူကျောင်းတိုက် ဘုန်းတော်ကြီး တိုက်ကင်ထံ ကွမ်ဖန်ဆမ ရေးပို့သော ပေးစာမိတ္တူ]**

အရှင်ဘုရားထံသို့ ကာဆူလိုရော၏ လှူဝင်စားဘဝနှင့် ပတ်သက်သော အကြောင်းအရာကို ယခုစာနှင့်အတူ ပူးတွဲပေးပို့လိုက်ပါသည်။ ဗုဒ္ဓဘုရားသာသနာတော်နှင့် ပတ်သက်၍ ယုံကြည်မှုမရှိကြသူများအား ပါးစပ်ပိတ်သွားစေရန် အကူအညီအထောက်အပံ့ ဖြစ်စေရေး၌ အထူးအကျိုးသက်ရောက်မှု ရှိနိုင်သည်ဟု ယူဆလျက် လှူဝင်စားအကြောင်းကို အများကြိုက်ပုံစံမျိုးဖြင့် ရေးလိုက်ပါသည်။ အမှန်စင်စစ် ဤလှူဝင်စားအကြောင်းသည် စာပေပုံစံမျိုးဖြင့် ရေးသားထားခြင်းဖြစ်၍ ဖတ်ပျော် ရှုပျော် ရှိလိမ့်မည်ထင်ပါသည်။ ယင်းအမြင်အရ ကြည့်လျက် အရှင်ဘုရား စိတ်ပါဝင်စားလိမ့်မည် အထင်ရှိသဖြင့် ဤလှူဝင်စားအကြောင်းကို အရှင်ဘုရားထံ ပေးပို့လိုက်ရခြင်း ဖြစ်ပါသည်။ သို့ရာတွင် အဖြစ်အပျက်မှာ လီဆယ် ပြောပြထားသည့် အဖြစ်အပျက်မှုကား မဟုတ်ပေ။ အဖြစ်မှန်ပင် ဖြစ်ပါသည်။ ကာဆူလိုရော၏ အဘွား ပြောပြသည်ကို တပည့်တော်ကိုယ်တိုင် ကြားသိခဲ့ရခြင်း ဖြစ်ပါသည်။ အရှင်ဘုရား ဖတ်ပြီးလျှင် တပည့်တော်ထံ ပြန်ပို့တော်မူပါ ဘုရား။

(ပုံ) ကွမ်ဖန်

၂၀ ရက်နေ့ (နေ့စွဲမပါ)



**ကာဆူလိုရော၏ လှူဝင်စားဇာတ်လမ်း**

**၄။ [ဘုန်းတော်ကြီးတိုက်ကင်၏ မိတ်ဆက်စာချိုး နိဒါန်း]**

ယခုစာသည် အဖြစ်မှန်ကို ရေးသားထားသောစာဖြစ်သည်။ အကြောင်းမှုကား ကွမ်ဖန်ဆမကိုယ်တိုင် ရေးထားသော စာဖြစ်သောကြောင့်တည်း။ ကွမ်ဖန်ဆမသည် ယခုနှစ် တတိယလ ၂၂ ရက်မြောက်နေ့တွင် လှူဝင်စားအကြောင်းကို လေ့လာစုံစမ်းလိုသည့် အထူးကိစ္စဖြင့် (နာကာနိမူရာ)သို့ သွားရောက်ခဲ့သည်။ ကာဆူလိုရောနှင့် တွေ့ဆုံပြီးသောအခါ ကွမ်ဖန်ဆမသည် သူငယ်၏အဘွားအား အသေးစိတ် မေးမြန်းစုံစမ်းသည်။ ထို့နောက် ကွမ်ဖန်ဆမသည် အဘွား ပြောပြသည့်အတိုင်း အတိအကျ ရေးသားထားပါသည်။

ထို့နောက် ကွမ်ဖန်ဆမသည် ယခု စတုတ္ထလ ၁၄ ရက်နေ့တွင် ဤကျောင်းတိုက်သို့ ရောက်လာပြီးလျှင် ကာဆူလိုရော မိသားစုထံ သူ ရောက်ခဲ့ပုံအကြောင်းကို ပြောပြပါသည်။ ထို့ပြင် ကွမ်ဖန်ဆမသည် ထိုနှစ် ၂၂ ရက်မြောက်နေ့တွင် အထက်ဖော်ပြပါစာကို ကျွန်ုပ်အား ဖတ်ခွင့်ပြုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ရရှိသည့်အခွင့်အရေးကို လက်မလွှတ်စေဘဲ သူ၏စာကို ချက်ချင်း မိတ္တူရေးယူထားလိုက်ပါသည်။

(ပုံ) တိုက်ကင်ဆော

ဆင်ဂကူကျိုကျောင်း

ဘုန်းဆေး၏ ဆင့္ဘမနှစ် (၁၈၂၃)

စက်တင်ဘာလ၊ ၂၁ ရက်။

(မိတ္တူ)

၅။ [မိသားစုနှစ်စု၏ အမည်နာမများ]

(ဂျင်ဇောမိသားစု)

**ကာဆူလိုရော** ။ ဘွန်ခဒ္ဒါဒသမနှစ် (၁၈၁၅) ၁၀ လ၊ ၁၀ ရက်နေ့တွင် မွေးဖွားသည်။ ဘွန်ဆေး ဆင့္ဘမနှစ် (၁၈၂၃)[၁] တွင် ၆ နှစ်ပြည့်သည်။[၁] မူဆာရှိပြည်နယ်၊ တာမာဂေါရိခရိုင်၊ နာကာနိုမူရာရွာ၊ တာမွန်ဒင်ပါချီရော၏ ပိုင်နက်နယ်မြေ၌ နေသော လယ်သမား ဂျင်ဇော၏ ဒုတိယသား။

**ဂျင်ဇော**။ ကာဆူလိုရော၏ ဖခင်။ မိသားစုက ခေါ်သော အမည်မှာ ကိုယာဒါ ဖြစ်သည်။

ဘွန်ဆေး ဆင့္ဘမ (ယခု)နှစ်၌ ၄၉ နှစ်ပြည့်သည်။ ဆင်းရဲနွမ်းပါးသဖြင့် တောင်းများ၊ ပလိုင်းများ ရက်လုပ်ပြီး

၁။ ဂျပန်ပြည်၌ ကလေးမွေးဖွားလာလျှင် ကလေး၏အသက်ကို ရေတွက်ရာ၌ မည်သည့်လ၌ မွေးဖွားမွေးဖွား မွေးဖွားသည့်နှစ်ကို တစ်နှစ် ရေတွက် သတ်မှတ်လေ့ရှိကြသည် ဆိုသည့်အကြောင်းကို အနောက်နိုင်ငံ စာဖတ်ပရိသတ်များ မှတ်သားထားစေလိုသည်။



ယေဒိုသွား၍ ရောင်းချရသည်။ ယေဒို၌နေစဉ်အတွင်း တည်းခိုသောအဆောင်၏ အမည်မှာ ဆာဂါမိယာ ဖြစ်သည်။

**ဆေ**။ ဂျင်ဇော၏ ဇနီး၊ ကာဆူလိုရော၏ မိခင်။ ဘွန်ဆေး ဆင့္ဘမနှစ် (ယခုနှစ်)၌ ၃၉ နှစ်ပြည့်သည်။ ဆာမူရိုင်း မူရာကာကိချိတာရော၏ သမီး။ ကိချိတာရောသည် တစ်ခါက နယ်စားကြီး အိုဝါရီ၏အထံ၌ လေးသည်တော်အဖြစ် အမှုထမ်းသည်။ ၁၂ နှစ်သမီးအရွယ်တွင် ဟွန်ဒါဒိုက်နိုရှင် ဒိုနို၏ အိမ်၌ အိမ်ဖော်လုပ်သည်။ ဆေ ၁၃ နှစ်အရွယ်ရောက်လာသောအခါ ကိချိတာရောသည် တစ်စုံတစ်ခုသောအကြောင်းကြောင့် အလုပ်ပြုတ်ပြီး 'ရောနင်'[၁] ဖြစ်လာသည်။ ဘွန်စက်တင်ဘာနှစ် ၁၈၀၇ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကိတာချီရော ကွယ်လွန်သွားသည်။ သူ၏ သင်္ချိုင်းသည် ရှိမိုယူဆူကီရွာရှိ ဂျင်လိုဏ်း၏ အိရင်းဂျိသုသာန်၌ ရှိသည်။

**ဆူယာ**။ ကာဆူလိုရော၏ အဘွား။ ဘွန်ဆေး ဆင့္ဘမနှစ်၌ ၇၂ နှစ်ပြည့်သည်။ ငယ်ရွယ်စဉ်အခါက မတ်ဆူဒိုက်ရာ အိုကီနိုကာမိဒိုနို(ဒိုက်မျို)၏ အိမ်၌ အိမ်ဖော်လုပ်သည်။

**ဖူဆာ**။ ကာဆူလိုရော၏ အစ်မ၊ ယခုနှစ်တွင် ၁၅ နှစ်ပြည့်သည်။

၁။ လူသေလူလွှင့်၊ အရှင်သခင်မရှိဘဲ ခြေဦးတည့်ရာ လျှောက်သွားနေသော ဆာမူရိုင်း 'ရောနင်'သည် များသောအားဖြင့် ကြောင်းရာကောင်းသော မိုက်ရူးရဲလူတန်းစား ဖြစ်သည်၊ သို့ရာတွင် ပြင်းတို့တွင် နှစ်သက်စရာစရိုက်အချို့လည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



**အိုတိုဂျိရော**။ ကာဆူလိုရော၏ အစ်ကို၊ ယခုနှစ်တွင် ၁၄ နှစ်ပြည့်သည်။

**ဆူနေး**။ ကာဆူလိုရော၏ ညီမ။ ယခုနှစ်တွင် ၄ နှစ်ပြည့်သည်။

## (တန်ရှီရောမိသားစု)

**တောဓော**။ မူဆာရှိပြည်နယ်၊ တာမာဂေါရိခရိုင်၊ ဟိုဒိုကူဘိုရာရွာ၌ ဟိုဒိုကူဘိုမူရာရွာ၌ အသက် ၆ နှစ်အရွယ် ကွယ်လွန်သည်။ ဘွန်ခ ဒုတိယနှစ် ၁၈၀၅ ၌ မွေးပြီး ဘွန်ခ သတ္တမနှစ် ဒုတိယလ စတုတ္ထရက်နေ့ ၄နာရီခန့် (နံနက် ၁၀ နာရီ)တွင် ကွယ်လွန်သည်။ ကျောက်ရောဂါဖြင့် ကွယ်လွန်သွားခြင်းဖြစ်သည်။ ဟိုဒိုကူဘိုမူရာရွာ၏ ကုန်းမြင့်ပေါ်ရှိ ချင်းရှုးဝိုထီး အိုဂျိကျောင်းတိုက် သုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်သည်။ ယမန်နှစ် ဘွန်ပဥ္စမနှစ် ၁၈၂၂ သည် တောဓောအတွက် 'ဂျူဆန်ကွေကီ'[၁] နှစ်ဖြစ်သည်ဟု ဆိုသည်။

---

၁။ ဘဝတစ်ပါး ပြောင်းသွားသူအတွက် ရည်ရွယ်၍ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ သူ့နေ့ သူ့ရက်တွင် အချိန်မှန်မှန် အလှူဒါနပြုကြသည်မှာ ကွယ်လွန်ပြီးနောက် နှစ်တစ်ရာနေထိုင်သည်အထိ ဖြစ်သည်။ 'ဂျူဆန်ကွေကီ' အခမ်းအနားမှာ ကွယ်လွန်ပြီးနောက် ၁၃ နှစ်မြောက် ကွယ်လွန်သူအတွက် ရည်ရွယ်၍ ကျင်းပသော အခမ်းအနားဖြစ်သည်။ ၁၃ နှစ်မြောက်ဆိုသော်လည်း ကွယ်လွန်သည့်နှစ်ကို နေ့ရက်အချိန်ကာလ မည်မျှပင်ကြာကြာ တစ်နှစ်အဖြစ်သာ သတ်မှတ်သည်။



**ဟန်ရှီရော**။ တောဓော၏ ပထွေး။ မိသားစုခေါ်သောအမည် ဆူဇူကီး။ ဘွန်ဆေး ဆဋ္ဌမနှစ်၌ အသက် ၅၀ ပြည့်သည်။

**ရှစ်စု**။ တောဓော၏မိခင်။ ဘွန်ဆေး ဆဋ္ဌမနှစ်၌ ၄၉ နှစ်ပြည့်သည်။

**ကျူးဘေး**။ (နောက်ပိုင်း၌ တိုဂေါရော) တောဓော၏ ဖခင်အရင်း မူလအမည်မှာ ကျူးဘေးဖြစ်ပြီး နောက်ပိုင်း၌ တိုဂေါရော ဟု အမည်ပြောင်းသည်။ ဘွန်ခ ဆဋ္ဌမနှစ် ၁၈၀၉ အသက် ၄၈ နှစ်အရွယ်တွင် ကွယ်လွန်သည်။ ထိုအချိန်၌ တောဓော ၅ နှစ်သားအရွယ် ရှိပြီ။ ကျူးဘေးအစား ဟန်ရှီရောသည် 'အိရိမူကို'[၁] ဖြစ်လာသည်။

**ကလေးများ**။ သားနှစ်ယောက်၊ သမီးနှစ်ယောက်။ ယင်းကလေးများမှာ တောဓော၏ အမေနှင့်ရသော တန်ရှီရော၏ ကလေးများ ဖြစ်ကြသည်။

## ၆။ ပြုကြိုက်များသောပုံစံဖြင့် ကွမ်စမ်ဒိုနီ ရေးထားသော လူဝင်စားအကြောင်း မိတ္တူ

ယမန်နှစ် ကေဒသမလ တစ်နေ့သောအခါ၌ ကာဆူလိုရောသည် လယ်တောထဲတွင် သူ၏အစ်မ ဖုဆာနှင့် ကစားနေကြစဉ် သူ၏အစ်မအား မေးလိုက်လေသည်။

---

၁။ မိဘနှင့် တစ်အိုးတစ်အိမ်တည်းနေသော သမီး၏ ဒုတိယအိမ်ထောင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့အိမ်မှာ မွေးမလာခင်တုန်းက အစ်မ ဘယ်မှာနေခဲ့သလဲ'

ဖူဆာက ပြန်ပြောသည်။ 'ဟဲ့… မမွေးခင်တုန်းက ဘယ်မှာနေခဲ့သလဲဆိုတာ ငါ ဘယ်လိုလုပ် သိပါ့မလဲ'

တအံ့တသြဖြစ်သွားပြီးလျှင် ကာဆူလိုရော ပြောပြန်သည်။

'ဒီလိုဆိုရင် မမွေးခင်က ဖြစ်ပျက်ခဲ့တာတွေကို အစ်မ ဘာတစ်ခုမှ သတိပြန်မရဘူးလား'

'နင်ကရော သတိရလို့လား'

'ရတယ်၊ အရင်ဘဝတုန်းက ကျွန်တော် တိုဒိုကူဘိုရွာက ကျူူဗောဆန့်ရဲ့သား ဖြစ်တယ်၊ အဲဒီတုန်းက ကျွန်တော့်နာမည်က တောဇောလို့ခေါ်တယ်၊ အဲဒါတွေ အစ်မ မသိဘူးလား'

'ဟုတ်လား၊ အဲဒီလိုဆိုရင် ငါ နင့်အကြောင်း အမေနဲ့ အဖေကို ပြောပြလိုက်မယ်'

ကာဆူလိုရောသည် ချက်ချင်း ငိုသလို ရယ်သလိုဖြစ်သွားပြီးလျှင် ပြန်ပြောသည်။

'ရှိကြီးခိုးပါရဲ့ အစ်မ၊ အမေနဲ့ အဖေ့ကို ကျွန်တော့်အကြောင်း သွားမပြောလိုက်ပါနဲ့၊ အမေနဲ့ အဖေ သိသွားရင် မကောင်းပါဘူး'

ဖူဆာက အတန်ငယ် စဉ်းစားသလို လုပ်ပြီးမှ 'ကောင်းပြီ၊ ဒီတစ်ကြိမ်တော့ ငါ မပြောသေးဘူး၊ နောက်တစ်ကြိမ်နင် ပြောလို့ ဆိုလို့မရရင်တော့ ငါ နင့်အကြောင်း အမေနဲ့ အဖေကို ပြောပြလိုက်မှာပဲ'ဟု ပြောလေသည်။



ထိုနေ့မှစ၍ နောက်ပိုင်းအချိန်များ၌ မောင်နှမနှစ်ယောက် စကားပြော မတည့်ဖြစ်ကြသည့်အခါတိုင်း အစ်မလုပ်သူက သူ့မောင်အား 'ကောင်းပြီ၊ တစ်လောက နင်ပြောတဲ့အကြောင်း ငါ အမေနဲ့ အဖေကို ပြောပြလိုက်မယ်'ဟု ခြိမ်းခြောက်သည်။ ယင်းသို့ သူ့အစ်မက ခြိမ်းခြောက်သည့်အခါတိုင်း ကာဆူလိုရောသည် ငြိမ်ချက်သားကောင်းသွားသည်သာ များသည်။ ယင်းအဖြစ်မျိုး အကြိမ်များစွာ ဖြစ်ပျက်ခဲ့သည်။ တစ်နေ့သောအခါ၌ကား သူ့အစ်မက သူ့မောင်အား ခြိမ်းခြောက်ပြောဆိုနေသည်ကို မိဘလုပ်သူများ ကြားသွားကြသည်။ ကာဆူလိုရော မလုပ်သင့်တာ တစ်ခုခုလုပ်သည်ဟု ထင်မှတ်သွားကြပြီးလျှင် ဖူဆာအား မေးမြန်းစုံစမ်းကြည့်ကြသည်။ ထိုအခါကျမှ ဖူဆာသည် မနေသာတော့ဘဲ ကာဆူလိုရောအကြောင်းကို သူ့အမေနှင့် အဖေအား အမှန်အတိုင်း ပြောပြလိုက်သည်။ ဂျင်ဇောနှင့် သူ၏ဇနီးသည်လည်းကောင်း၊ ကာဆူလိုရော၏ အဘွားဖြစ်သူ ဆူယာသည်လည်းကောင်း ကာဆူလိုရောအကြောင်း ကြားသိကြရသောအခါ တအံ့တသြဖြစ်သွားကြပြီးလျှင် ကာဆူလိုရောကို ခေါ်လျက် ခြောက်တစ်လှည့် မြှောက်တစ်လှည့်နှင့် မေးမြန်းစုံစမ်းကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အစပထမတွင် ကာဆူလိုရောသည် အင်တင်တင်လုပ်နေသေးသည်။ မရမက မေးသောအခါကျမှ နောက်ဆုံးမပြောချင် ပြောချင်နှင့် ပြောပြသည်။ 'ကျွန်တော် တစ်ခုမကျန်အကုန်လုံး ပြောပြပါမယ်၊ ကျွန်တော် အရင်ဘဝက ဟိုဒိုကူဘိုရွာက ကျူးဘေးဆန့်ရဲ့သား ဖြစ်ခဲ့ပါတယ်၊ ကျွန်တော့်အမေရဲ့အမည်က အိုရှစ်ဇူယန်လို့ ခေါ်ပါတယ်၊ ကျွန်တော် ၅ နှစ်သားအရွယ်မှာ ကျွန်တော့်အဖေ ကျူးဘေးဆန် ကွယ်လွန်သွားပါတယ်၊ ကျွန်တော့်အဖေနေရာမှာ ဟန်ရှိရောဆန်လို့ ခေါ်တဲ့လူတစ်ယောက် ရောက်လာပါတယ်၊ ကျွန်တော့်ပထွေးကလည်း ကျွန်တော့်ကို သိပ်ချစ်တာပဲ၊ ဒါပေမဲ့ နောက်တစ်နှစ် ၆ နှစ်သားအရွယ်မှာ ကျွန်တော် ကျောက်ပေါက်ပြီး ဆုံးသွားပါတယ်၊ အဲဒီနောက် ၃ နှစ်မြောက်အချိန်မှာ အမေ့ဝမ်းထဲရောက်လာပြီး တစ်ဖန် မွေးဖွားလာရပြန်ပါတယ်'

သူငယ်၏ မိဘများနှင့် အဘွားသည် ကာဆူလိုရောပြောပြသည့်အကြောင်းကို ကြားရသောအခါ အတိုင်းထက်အလွန် အံ့ဩသွားကြသည်။ ဟိုဒိုကူဘိုရွာက ဟန်ရှိရောနှင့်ပတ်သက်၍ တတ်နိုင်သမျှ စုံစမ်းမည်ဟူ၍ ပိုင်းဖြတ်လိုက်ကြသည်။ သို့ရာတွင် နေရေး ထိုင်ရေး စားသောက်ရေးအတွက်နေ့စဉ်နှင့်အမျှ လုံးပန်းနေကြရသည်ဖြစ်၍ အခြားကိစ္စတစ်ခုခုကို ပြုလုပ်ဆောင်ရွက်ချိန် မရသောကြောင့် သူတို့၏အကြံကို လောလောဆယ် အကောင်အထည် မဖော်နိုင်အောင်ဖြစ်နေကြသည်။



ထိုအတောအတွင်း ကာဆူလိုရော၏မိခင် ၄ နှစ်သမီးအရွယ်[1] သမီးထွေး ဆူနေးအား ညစဉ်ညတိုင်း နို့တိုက်နေရသဖြင့် ကာဆူလိုရောသည် သူ့အဘွား ဆူယာနှင့် သွားသွားအိပ်သည်။ ကာဆူလိုရောသည် အိပ်ရာထဲတွင် သူ့အဘွားနှင့်စကားပြောနေတတ်သည်။ တစ်ည ကာဆူလိုရော စိတ်လိုလက်ရရှိနေစဉ် အဘွားဖြစ်သူသည် သူ့မြေး ကာဆူလိုရောအား အတိတ်ဘဝက သူ ကွယ်လွန်ချိန်၌ မည်သို့မည်ပုံဖြစ်ပျက်ခဲ့သည်ဆိုသည်ကို ချော့၍မေးသည်။ ထိုအခါ ကာဆူလိုရောက ပြောပြသည်။

'လေးနှစ်သားအရွယ်အထိ ကျွန်တော် အားလုံးသတိရတယ်၊ ဒါပေမဲ့ အဲဒီအချိန်ကစပြီး ကျွန်တော် တဖြည်းဖြည်းမေ့လာတယ်၊ အခုဆိုရင် ကျွန်တော် အတော်များများကိုမေ့သလောက်ဖြစ်သွားပြီ၊ ဒါပေမဲ့ ကျောက်ပေါက်ပြီး သေတာကိုတော့ မှတ်မိနေတယ်၊ ကျွန်တော့်ကို မြေအိုးကြီးထဲ[2]

၁။ ဂျပန်နိုင်ငံ၌ ဆင်းရဲသားလူတန်းစားအလွှာမှ ကလေးငယ်များသည် အနောက်နိုင်ငံမှ ကလေးသူငယ်များ နို့ဖြတ်သည့်အရွယ်အထိ နို့မဖြတ်ကြသေးပေ။ သို့ရာတွင် ဤ၌ ဖော်ပြထားသော 'လေးနှစ်သမီးအရွယ်'သည် အနောက်နိုင်ငံ ရေတွက်နည်းအရဆိုလျှင် သုံးနှစ်သမီးအရွယ်ထက်ပင် ငယ်နေသေးသည်။

၂။ ရေးအထက်ကျော် ကာရိကစ၍ ဂျပန်နိုင်ငံ၌ လူသေအလောင်းကို အိုးကြီးထဲမှာထည့်ပြီး မြှုပ်လေ့မြှုပ်ထရှိသည်။ အများအားဖြင့် ကိုမေခေါ် အနီရောင်မြေအိုးကြီးထဲမှာ ထည့်မြှုပ်ကြသည်။ ယင်းကဲ့သို့သောအိုးကြီးမျိုးကို ယခုထက်တိုင်ပင် အသုံးပြုကြတုန်းပင် ရှိသေးသည်။ သို့ရာတွင် လူသေအလောင်း အတော်များများကိုမူ အနောက်နိုင်ငံသားများ အတွေ့အကြုံနည်းသော သစ်သားခေါင်းထဲထည့်ပြီး မြှုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မှာထည့်ပြီး တောင်ပေါ်မှာ မြှုပ်ကြတာကို သတိရနေတယ်။ မြေကြီးထဲမှာ တွင်းကြီးတူးထားတယ်၊ လူတွေက အဲဒီတွင်းကြီးထဲကို အိုးကြီးကို ပစ်ချလိုက်ကြတယ်၊ ဝုန်းခနဲကျသွားသံကို ကျွန်တော် ကောင်းကောင်းကြားနေရတယ်၊ အဲဒီနောက် တစ်နည်းနည်းနဲ့ အိမ်ပြန်လာပြီး အိမ်က ကျွန်တော့်ခေါင်းအုံးပေါ်မှာ နားနေတယ်။[၁] မကြာခင်မှာပဲ ဘိုးဘိုးလို့ထင်ရတဲ့ အဘိုးကြီးတစ်ယောက် ပေါက်လာပြီး ကျွန်တော့်ကို ခေါ်သွားတယ်၊ ကျွန်တော်လိုက်သွားတဲ့အခါမှာ ဘာမှမရှိတဲ့အာကာသ ကောင်းကင်ပြင်မှာ ပျံနေရသလိုပဲ၊ ကျွန်တော်တို့ သွားနေတဲ့ အချိန်ဟာ ညလည်း မဟုတ်ဘူး၊ နေ့လည်း မဟုတ်ဘူး၊ တစ်ချိန်လုံး နေဝင်ချိန်လိုပဲ ဖြစ်နေတယ်၊ ကျွန်တော် ပူလည်း မပူဘူး၊ အေးလည်း မအေးဘူး၊ ဆာလည်း မဆာဘူး၊ ကျွန်တော်တို့ အဝေးကြီးရောက်သွားကြတယ်လို့ ထင်နေရတယ်၊ ဒါပေမဲ့ အိမ်မှာ လူတွေ စကားပြောနေကြတဲ့အသံကို သဲ့သဲ့ကြားနေရတယ်၊ ပြီးတော့ ကျွန်တော့်အတွက် ရွတ်ဖတ်နေတဲ့ 'နမ်ဗွတ်

၁။ ခေါင်းအုံးပေါ်တွင် ဦးခေါင်းတင်ပြီး လဲလျောင်းနေခြင်းမျိုး မဟုတ်ပေ။ ခေါင်းအုံး အနီး၌ ရစ်ဝဲနေခြင်း ဖြစ်သည်။ သို့မဟုတ် ခေါင်းအုံးပေါ်တွင် ပိုးကောင်တစ်ကောင် နားနေသကဲ့သို့ နားနေခြင်းမျိုးဖြစ်သည်။ ရုပ်မရှိသော ဝိညာဉ်သည် များသောအားဖြင့် အိမ်၏အမိုးပေါ်၌ နားနေသည်ဟု အဆိုရှိသည်။ နောက်ဝါကျ၌ ဖော်ပြပါရှိသော အဘိုးကြီး ကိုယ်ယောင်ပြခြင်းသည် ဗုဒ္ဓဘာသာ အယူအဆမဟုတ်ဘဲ ရှင်တိုဘာသာအယူအဆ ဖြစ်သည်။



ဆု'[၁] ဆိုတဲ့ အသံကိုလည်း ကြားနေရတယ်၊ အိမ်ကလူတွေ ဘုရားစင်မှာ ပူပူနွေးနွေး 'ဘိုတာမိုချိ'[၂] ကို ကပ်လှူကြတဲ့ အခါ ဆွမ်းတော်ပွဲက ထွက်လာတဲ့အနံ့ကို ကျွန်တော် ရှူရှိုက်တာလည်း မှတ်မိနေတယ်။

'ဘွားဘွား ဂုဏ်ပြုလေးစားထိုက်တဲ့ ကွယ်လွန်သူတိုကိုကေဆမတွေကို ပူပူနွေးနွေး အစားအစာ ပေးလှူဖို့ ဘယ်တော့မှ မမေ့ပါနဲ့၊ အဲဒီလို အလှူဒါနမျိုး ပေးကမ်းလှူဒါန်းတာဟာ အင်မတန်ကောင်းမြတ်ပါတယ်။[၃] အဲဒီနောက်တော့ အဲဒီအဘိုးကြီးဟာ ကျွန်တော့်ကို ကွေ့ပတ်ပြီး ဒီနေရာ ခေါ်လာတာကိုပဲ ကျွန်တော် သတိရတယ်၊ ရွာအပြင်ဘက်ကလမ်းကို ဖြတ်ကျော်လာတာကိုလည်း သတိရတယ်၊ ပြီးတော့ ကျွန်တော်တို့ ဒီရောက်လာကြတယ်၊ အဘိုးကြီးက 'မင်း အခု လူအဖြစ်ပြန်မွေးဖွားရမယ်၊ မင်း ကွယ်လွန်သွားတာ သုံးနှစ်ရှိသွားပြီ၊ မင်း ဒီအိမ်မှာ မွေးဖွားလာရမယ်၊ မင်းအဘွား

၁။ 'နမူအမ်ဒါဗွတ်ဆု' ကဲ့သို့သော ဘုရားရှိခိုးခြင်းမျိုးဖြစ်သည်။ 'နမ်ဗွတ်ဆု' သည် အမိဒါဂိုဏ်းဖြစ်သော ရှင်ရှူးဂိုဏ်းမှတစ်ပါး အခြားဗုဒ္ဓဘာသာဝင်များ အကြိမ်များစွာ ထပ်တလဲလဲ ရွတ်ဖတ်သံရွှာယ်သော ဘုရားရှိခိုးဖြစ်သည်။

၂။ 'ဘိုတာမိုချိ' သည် သကြားနှင့်လုပ်ထားသော ဆန်မုန့်တစ်မျိုးဖြစ်သည်။

၃။ ယင်းကဲ့သို့ ညွှန်ကြားအကြံပေးခြင်းမျိုးကို ဂျပန်ဗုဒ္ဓဘာသာ စာပေ၌ မကြာခဏ တွေ့ရတတ်သည်။ ဤတွင် သုံးငယ်ပြောသော 'တိုကိုကေဆမ' သည် ဘဝတစ်ပါး ပြောင်းသွားသူများ၏ ဝိညာဉ်ကို ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာမယ့် အမယ်ကြီးတာ သိပ်စိတ်သဘောကောင်းတယ်၊ မင်း ဒီအိမ်မှာ လူပြန်ဖြစ်တာ ကုသိုလ်ကံ ကောင်းတယ်လို့ မှတ်ရမယ်'လို့ ကျွန်တော့်ကို ပြောပြတယ်။ အဲဒီလိုပြောပြီး တော့ အဘိုးကြီး ထွက်သွားတယ်၊ အိမ်အဝင်ဝက 'ကတိ' သစ်ပင်အောက်မှာ ကျွန်တော် ခဏရပ်နေရသေးတယ်။ အဲဒီ နောက် ကျွန်တော် ခြံထဲဝင်လာတယ်၊ အဲဒီအချိန်မှာ အိမ်ထဲက တစ်ယောက်ယောက် စကားပြောနေတဲ့အသံ ကြားရတယ်၊ တစ်ယောက်က 'ဒီအလုပ်လုပ်တဲ့ လုပ်စာနဲ့ မလောက်လို့ အမေ ယေဒိုသွားပြီး အလုပ်လုပ်မယ်'လို့ ပြောတယ်။

'ငါ အိမ်ထဲ မဝင်သေးဘူးလို့ တွေးပြီး ခြံထဲမှာ သုံးရက် လောက် နေသေးတယ်၊ သုံးရက်မြောက်နေ့ကျမှ အမေ ယေဒို မသွားတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ အဲဒီညမှာပဲ ကျွန်တော် တရုတ်ကပ်အပေါက်ကြားက အိမ်ထဲဝင်လာတယ်၊ အိမ်ထဲ ရောက်လာတော့ 'ကာမာဒို'[၁] ဘေးမှာ သုံးရက်နေရတယ်၊ ပြီးတော့မှ အမေ့ဝမ်းဗိုက်ထဲ[၂] ဝင်ရတယ်၊ ဘယ်လိုဝေဒနာ

၁။ ဂျပန်လူမျိုးတို့၏ စားဖိုဆောင်၌ရှိသော မီးဖိုဖြစ်သည်။ ယင်းစကားလုံး ကို တစ်ခါတစ်ရံ 'စားဖိုဆောင်တန်း'ဟူ၍ ဘာသာပြန်ကြသည်။ သို့ရာတွင် 'ကာမိုဒို'သည် အနောက်နိုင်ငံ အိမ်များရှိ စားဖိုဆောင် တန်းနှင့် အလွန်တရာ ကွဲပြားခြားနားသည်။

၂။ ဤနေရာ၌ မူရင်းစာ၌ရှိသောဝါကျနှစ်ပိုဒ်ကို ချန်ထားခဲ့သည်။ ယင်း ဝါကျနှစ်ပိုဒ်မှာ အနောက်တိုင်းသားတို့၏ အရသာခံပုံမျိုးအတွက် ကွက်ကွက်ကွင်းကွင်းပေါ်နေသော်လည်း စိတ်ပါဝင်စားစရာမကောင်း သဖြင့် ချန်ထားခဲ့ခြင်းဖြစ်သည်။ ချန်ထားခဲ့သည့် စာပိုဒ်၏ အနက် အဓိပ္ပာယ်မှာ ဝမ်းဗိုက်အတွင်း၌ပင် ကလေးသည် မိဘအပေါ် သား သမီးများထားရှိသည့် ဝတ္တရားအတိုင်း ဆင်ဆင်ခြင်ခြင် ပြုမူနေထိုင် သည်ဟု ဆိုလိုသည်။



မျိုးမှ မခံစားရဘဲ မွေးလာရတယ်ဆိုတာ ကျွန်တော် သတိရနေ တယ်၊ ဘွားဘွား အခု ကျွန်တော် ပြောပြတာတွေ အမေနဲ့ အဖေကို ဘွားဘွား ပြောပြလို့ရပါတယ်၊ ဒါပေမဲ့ တခြား လူတွေကိုတော့ ဘယ်သူ့ကိုမှ မပြောမပြပါနဲ့'

အဘွားသည် ကာဆူလိုရော ပြောပြသော ဇာတ်လမ်းကို ဂျင်ဇောနှင့် ဂျင်ဇောဇနီးအား ပြောပြလိုက်သည်။ နောက်ပိုင်း တွင်ကား သူငယ်သည် သူ့အတိတ်ဘဝက ဇာတ်ကြောင်းကို သူ့အမေနှင့် အဖေတို့အား ထုတ်ဖော်ပြောပြရမှာ ထိတ်လန့် မနေတော့ဘဲ ရဲရဲရင့်ရင့် လွတ်လွတ်လပ်လပ်ပင် ပြောပြသည်။

'ကျွန်တော် ဟိုဒိုကူဘိုကို သွားချင်တယ်၊ ကျွန်တော့်ကို ကျူဘောဆန်ရဲ့ဂူသင်္ချိုင်း ခေါ်သွားပါလား'ဟူ၍လည်း မကြာ ခဏ ပြောတတ်သည်။

ဂျင်ဇောက စဉ်းစားကြည့်သည်။ ကာဆူလိုရောသည် ထူးဆန်းသော ကလေးသူငယ်ဖြစ်၍ မကြာခင် ကွယ်လွန် သွားချင် သွားနိုင်သည်။ ထို့ကြောင့် ဟိုဒိုကူဘိုရွာ၌ ဟန်ရှိရော ဆိုသူ ရှိ၊ မရှိ အလျင်အမြန် စုံစမ်းမှ သင့်လျော်လိမ့်မည်။ သို့ရာတွင် ဂျင်ဇောသည် သူကိုယ်တိုင်မူ ဟိုဒိုကူဘိုသို့ သွားလိုစိတ်မရှိပေ။ လူတစ်ဦးတစ်ယောက်အနေဖြင့် (ယခု လို အခြေအနေမျိုး၌) ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် မဆင်ခြင် မစဉ်းစားရာ ရောက်နေသလို ဖြစ်နေသည့်အတွက်ကြောင့် ဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်တိုင် သွားမည့်အစား သူ၏ မိခင် ဆူယာအား ယခုနှစ် ပထမလ ၂၀ ရက်နေ့၌ ကာဆူ လိုရောကို ဟိုဒိုကူဘိုရွာသို့ ခေါ်သွားခိုင်းသည်။

ဆူယာသည် ကာဆူလိုရောကို ခေါ်ပြီး ဟိုဒိုကူဘိုရွာသို့

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ရွာထဲရောက်လာသောအခါ အဘွားက သူ့မြေး အား အနီးအနားတွင် တွေ့ရသော အိမ်များကို ညွှန်ပြလျက် 'ဘယ်အိမ်လဲ၊ ဒီအိမ်လား ဟိုအိမ်လား'ဟူ၍ မေးသည်။ 'မဟုတ်သေးဘူး၊ ရှေ့မှာ၊ ရှေ့အတော်လှမ်းလှမ်း သွားရဦး မယ်'ဟု ပြန်ပြောပြီးလျှင် ကာဆူလိုရောသည် သူ့အဘွားရှေ့ က ခပ်သုတ်သုတ်သွားသည်။ နောက်ဆုံး အိမ်တစ်အိမ် ရောက်လာသောအခါ 'ဒီအိမ်ပဲ ဘွားဘွား'ဟု အော်ပြောပြီး လျှင် ကာဆူလိုရောသည် သူ့အဘွားကိုပင် စောင့်မနေတော့ ဘဲ အိမ်ထဲပြေးဝင်သွားသည်။ ဆူယာသည် သူ့မြေးနောက်က လိုက်သွားပြီးလျှင် 'ဒီအိမ်ရှင်နာမည် ဘယ်လိုခေါ်ပါသလဲ'ဟု မေးစမ်းကြည့်သည်။ တစ်ယောက်က 'ဟန်ရှိရော'ဟု ပြန်ပြော သည်။ 'ဟန်ရှိရောဇနီးကရော ဘယ်သူပါလဲ'ဟု မေးပြန် သောအခါ 'ရှစ်ဇု'ဟူသော အဖြေကို ရသည်။ ထို့နောက် တစ်ဖန် 'တောဇောလို့ခေါ်တဲ့ ကလေးတစ်ယောက် ဒီအိမ်မှာ ရှိဖူးပါသလား'ဟူ၍ ဆူယာက မေးလိုက်ပြန်သောအခါ 'ရှိတော့ ရှိခဲ့ဖူးပါတယ်၊ ဒါပေမဲ့ အဲဒီကလေးဟာ လွန်ခဲ့တဲ့ ၁၃ နှစ်ခန့်က ၆ နှစ်သားအရွယ်မှာ ကွယ်လွန် သွားပါတယ်' ဟူသော အဖြေကို ရလေသည်။

ထိုအခါ ဆူယာသည် ကာဆူလိုရော မှန်သောစကားကို ပြောရှာသည်ဟူ၍ ပထမဆုံးအကြိမ် ယုံကြည်သွားပြီးလျှင် မျက်ရည်တွေ စီးကျလာသည်။ ကာဆူလိုရော၏အဘွားသည် ထိုအိမ်ကလူများအား သူ့ကို ကာဆူလိုရော ပြောပြသည့် အတိတ်ဘဝက အကြောင်းကို ပြောပြလိုက်သည်။ ထိုအခါ ဟန်ရှိရောနှင့် ဇနီးတို့သည် အကြီးအကျယ် အံ့ဩသွားကြပြီး လျှင် ကာဆူလိုရောကို ဖက်ငိုကြသည်။ ကာဆူလိုရောသည်



၆ နှစ်သားအရွယ် မသေခင် တောဇောဘဝတုန်းကထက် ပိုလှလာသည်ဟုလည်း သူတို့က ပြောကြသည်။

ထိုအချိန်အတောအတွင်း ကာဆူလိုရောသည် ဘေး ပတ်ဝန်းကျင်ကိုကြည့်ရင်း ဟန်ရှိရောတို့၏အိမ်နှင့် မျက်စောင်း ထိုးက ဆေးလိပ်ဆိုင် အမိုးကို တွေ့မြင်သွားသည်ဖြစ်၍ လက်ညှိုးထိုးပြပြီး 'ဒီဆိုင် အရင်တုန်းက မရှိဘူး'ဟု ပြော လိုက်လေသည်။ ထို့မှသာမက 'ဟောဟိုက သစ်ပင်လည်း မရှိဘူး'ဟူ၍လည်း ပြောလိုက်ပြန်သည်။ အားလုံးပင် မှန် နေသည်။ ထို့နောက် ဟန်ရှိရောတို့ ဇနီးမောင်နှံတို့၏ စိတ် နှလုံးထဲက ယုံမှားသံသယဟူသမျှ အားလုံးပျောက်ကွယ် သွားလေသည်။ (ဂါနိုအိုရှိရှိ)

ထိုနေ့၌ပင် ဆူယာနှင့် ကာဆူလိုရောတို့သည် နာကာ နိမူရာသို့ ပြန်လာကြသည်။ နောက်ပိုင်း၌ကား ဂျင်ဇောသည် သူ၏သားကို ဟန်ရှိရောတို့၏အိမ်သို့ မကြာခဏလွှတ်သည်။ ကာဆူလိုရော၏ အတိတ်ဘဝက ဖခင်အရင်းဖြစ်သူ ကျူဆော ၏ သင်္ချိုင်းဂူသို့လည်း အပို့ခိုင်းသည်။

တစ်ခါတစ်ရံ ကာဆူလိုရောက 'ကျွန်တော်က "နိုရိ ဆမ"[၁] ဖြစ်တယ်။ ကျွန်တော့်ကို ဂရုစိုက်ကြပါ'ဟု ပြော တတ်သည်။ တစ်ခါတစ်ရံကျတော့လည်း 'အသက် ၁၆ နှစ် ကျရင် ကျွန်တော် သေလိမ့်မယ်လို့ ထင်တယ်၊ ဒါပေမဲ့

၁။ နိုရိဆန် (သို့မဟုတ် ဆမ)သည် ကွယ်လွန်သူများ၏ ဝိညာဉ် သို့မဟုတ် လိပ်ပြာကိုလည်းကောင်း၊ ရှင်တော်နတ်များကိုလည်းကောင်း၊ ကလေး သူငယ်တို့က ခေါ်သည့်စကားလုံး ဖြစ်သည်။ နိုရိဆန်ဒိုအိုဂါမု (နိုရိဆန်ကို ရှိခိုးပါ၏)ဟူသော စကားပုဒ်သည် နတ်ဒေဝတာများအား ရှိခိုးသည့် ကလေးသူငယ်များ၏ ဘုရားရှိခိုးစာပိုဒ်ဖြစ်သည်။ ရှင်တိုဘာသာ၏ အယူအဆအရ ဘိုးဘွားများ၏ဝိညာဉ်သည် နိုရိဆန်ဖြစ်လာကြသည်။

www.burmeseclassic.com



‘ဩတ္တကေဆမ’¹ ပြောတဲ့အတိုင်းဆိုရင် ‘သေတာဟာ

၁။ ဩတ္တကေ သို့မဟုတ် မိတ္တကေသည် နိုဂိုးပြည်နယ်ရှိ နာမည်ကျော်သော ဘုရားတောင်မြင့်၏ အမည်ဖြစ်သည်။ ဘုရားဖူးများ အသွားအလာများကြသည်။ ထို ကျောင်းရှိရာတောလမ်းကြောင်း ရှိဘုရားသို့ရောက်ရှိခဲ့မှ နိဗ္ဗာန်ရောက်ရှိ ဘုန်းတော်ကြီးတစ်ပါးသည် ထိုတောင်သို့ဘုရားဖူးကြသည် သူ့အမြင်အသ (ယေဒို့မှ သင်္ကန်းဝတ်ရုံ)သို့ ပြန်လာသောအခါ တရားဓမ္မသင်ကို ဟောကြားပြီးလျှင် ဩတ္တကေသို့ ဘုရားဖူးကြွစဉ်က သိမ့်ပေါက်လာခဲ့သော တန်ခိုးဂုဏ်ပုဒ်စွမ်းအားကြောင့် ထင်ရှားကျော်ကြားလာသည်။ ဘုန်းတော်ကြီးအား အမှုရှင်မြင့်သူအဖြစ် ထင်မှတ်သူတပြီးလျှင် နိဂုံးတော့ ဟဲသိုက်နှင့်သို့ ဆိုတုတ်ခဲ့လိုက်သည်။ နောက်နှစ်ကျ ယေဒိုသို့ ပြန်လာခဲ့ပြီးသည်။ ဘုန်းတော်ကြီးသည် ယေဒို၌ သူ၏ တရားဓမ္မကို ပြန်ဟောသည်။ ဘုန်းတော်ကြီးက သူ၏ တရားဓမ္မကို ‘အဝမရော’ဟု အမည်ပေးထားသည်။ ယင်းတရားသဘောသည် ရှင်တော်ဘုရားဟောကြားခဲ့သော ဗုဒ္ဓတရားဖြစ်သည်။ ယင်းဘာသာဝင်များ အထူးကိုးကွယ်သော ခိုကုနိုကျွန်း ဆရာယုတ်ကိုးတော်သည် ဗုဒ္ဓဘာသာ အဝတရားမှတ်များဖြစ်သည်။ ကိုဂါဗတ္တ နိုက်ဖုဒိုမည်တို့ ယင်းမိုကယ်ဝင်များ ကိုးကွယ် ‘အသေဘာတသည် ရှေ့လျှားနေသော အရာမဟုတ်(ဖူဒိ)၊ သိုးသော်လည်း ရှေ့လျှားနေ၏။ ပြောင်းလဲနေ၏ သို့သော်လည်း မိမိ၏ပြုလုပ်ချက်ကို ဖော်ပြနေ၏။ ယင်းသည် မသိအပ် မသိရသော အကြောင်းဖြစ် သည်။ ကောင်းကင်နှင့် မြေပြင်၌ ယင်းကို ကာမိဟု ခေါ်၏။ အသုံးသော အရာဝတ္ထုတို့၌ ယင်းကို ဝိညာဉ်ဟုခေါ်၏။ လူ၌ ယင်းကို စိတ်ဟုခေါ်၏။ ယင်းမှ အမှန်တရားများသည်သာလျှင် ပေါ်ပေါက်လာကြသည်။ ကောင်းကင်၊ သမုဒ္ဒရာ၊ လေအဟုန်၊ ရေကြောင်းတို့ဆောင်၏ ပဟာထုတ်သည် ချည်နှောင်ကြ၏။ စိတ်တင်းရသည် ပေါက်ထွက်ရုံသာသော ဆိုဆိုကို ပြာပေါ်လာစေ၏ဟူ၍ မှတ်သတ် သရုပ်ပြုလျှင် နိုးကြသည်။ ဘုန်းကောဒယသနေ့နှင့် ယခင်က သိကုန်သည်ကာမိုဗြိမ်းသူ ယေဒို ၌ ယာမနိုးဘုရားကိုးသည့် အိုဇုန်၏ တရားကို အခြေခံလျက် ထိုနိုးယောကိုဘုရားပိုင်ကို ဘာသာရေး အဖွဲ့အစည်းတစ်ခု တည်ထောင်သည်။ ယင်းအဖွဲ့အစည်းသည် အင်အားကောင်းလာပြီးလျှင် ဘာသာတရားတစ်ခုအဖြစ် မဆေးနေရ၊ ရှင်တို့နှင့် ဗုဒ္ဓ ဘာသာ မဆေးရဟူသော အမိန့်ထုတ်သော ရှိုဂုန်အား ဖြစ်ချိုးရသည်အထိ ဖြစ်လာသည်။ ထို့နောက် နိုးယာမ အိုဇုကေသည် ဩတ္တ ကေတောင်ဖြစ် လူသိများသည့် မိတ္တကေတောင်ပေါ် ရှင်တို့ဂိုဏ်းသစ်တစ်ခုအဖြစ် တည်ထောင်ခွင့်ရရှိ အတွက် လျှောက်ထားသည်။ အေဒို ဆင့်မနဲ ၁၈၇၃ ခုနှစ်၌ တည်ထောင်ခွင့်ရရှိ သည်။ ထို့နောက် အိုဇုကေသည် ဗုဒ္ဓဘာသာသုတ် ဖူဒိဆော်ကို ရှင်တို့ဘိုးကိုး အမည်ဖြင့် ရှင်တို့ ထေရ်ပြုအဖြစ် ပုံစံပြောင်းလဲလိုက်သည်။ ယင်းဂိုဏ်းသည် ထွန်းတောက်ဖြစ်ထွန်းနေဆဲဖြစ်သည်။ ယင်းဂိုဏ်း၏ အဓိက ကျောင်းတော်ကျောင်းမှ ယခုခေတ် တိုကျိုမှ တနိုင်းအကွာအဝေးတွင် တည်ရှိနေသည်။ ဩတ္တကေဆမ (သို့မဟုတ် ဆမ)သည် ယင်းဂိုဏ်းဝင်များ ကိုးကွယ်သည့်ဝိညာဉ်တော်များ၏ အမည်များဖြစ်သည်။ မိတ္တကေ သို့မဟုတ် ဩတ္တကေ တောင်ထိပ်၌ နေသောနတ်များဟု အဓိပ္ပာယ်ရသည်။ သို့ရာတွင် တစ်ခါတစ်ရံ ယင်းဂိုဏ်း၏ သိက္ခာတော်ရ ဘုန်းတော်ကြီးများအားလည်း ယင်းအမည်ဖြင့် ခေါ်ခေါ်ကြသည်။ ယင်းဘုန်းတော်ကြီးများသည် ဩတ္တကေနတ်၏ ဂုဏ်သတ္တိများကို ခံယူ ရရှိနေကြသဖြင့် နတ်ဘုရား ကဲ့သို့ဖြစ်ဆောင်ခံထိုက်သူများဖြစ်ကြသည်ဟု ထင်မှတ်ယုံကြည်ခြင်း ခံရသူများဖြစ်သည်။ ထောထောပိုးသည် ပြောသော ‘ဩတ္တကေ ဆမ’သည် ထိုနောက်က တိုကျိုမြေ၏ ဂိုဏ်းဆွယ် အိုဇုကေကိုယ်တိုင် ဖြစ်သည်။



ကြောက်စရာမဟုတ်ဘူး’ဟူ၍ ပြောတတ်သည်။

ရွာသားများက သူ့ကို ကာဆုလိုရောဟူ၍ မခေါ်ကြ တော့ပေ။ ‘ဟိုဒိုကုဘို-ကိုဇော’ (ဟိုဒိုကုဘို ဘိုးသူတော်)¹ ဟူသော အမည်တစ်မျိုးဖြင့်သာ ခေါ်ခေါ်ကြသည်။ တစ်ယောက် ယောက် သူ့ကို ကြည့်လိုသည့်အတွက် သူတို့အိမ်သွားလျှင် သူသည် ရှက်စိတ်ဝင်လာပြီး အိပ်ခန်းထဲ ဝင်ပုန်းနေတတ် သည်။

ထို့ကြောင့် သူနှင့် တိုက်ရိုက်စကားပြောဖို့ရန် မလွယ် တော့ပေ။ ကျွန်ုပ်သည် ယခုအဖြစ်အပျက်ကို သူ့အဘွား ပြောပြသည့်အတိုင်း အတိအကျ ရေးသားမှတ်တမ်းတင်ထား ခြင်း ဖြစ်သည်။

ဂျင်ဇောအနေနှင့်ဖြစ်စေ၊ သူ့ဇနီးအနေနှင့်ဖြစ်စေ၊ သို့မဟုတ် ဆွေယာအနေနှင့်ဖြစ်စေ သူတို့ထဲက တစ်ယောက် ယောက်အနေနှင့် ကုသိုလ် ကောင်းမှုတစ်ခုခု ပြုလုပ်ကြသည် ကို မှတ်မိကြပါသလားဟု ကျွန်ုပ် မေးမြန်းစုံစမ်းကြည့်သော အခါ ဂျင်ဇောနှင့် သူ၏ဇနီးက သူတို့အနေနှင့် ထူးထူးခြားခြား

၁။ ‘ကိုဇော’သည် ဘိုးသူတော် သို့မဟုတ် ရဟန်း၊ရှင်အတွက် စာသင် ကြားအားထုတ်နေသော လူငယ်လူရွယ်ကို ခေါ်သောအမည်ဖြစ်သည်။ သို့ရာတွင် တစ်ခါတစ်ရံ တောက်တိုမယ်ရရိုင်းရသော ကလေးသူငယ် အဓိုင်းအဓေများကိုလည်း ခေါ်သည်။ ရှေးအခါက ကလေးသူငယ် များ ခေါင်းတုံးတုံးထားသည့်အတွက်ကြောင့် ဖြစ်ဟန်တူသည်။ ဤစာ တွင်မူ ဘိုးသူတော် အနက်အဓိပ္ပာယ်ထွက်သည်ဟု ကျွန်ုပ် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကောင်းမှုတစ်ခုခု မပြုလုပ်ခဲ့ဖူးကြောင်း၊ အဘွား ဆူယာအနေနှင့်မူ 'နမ်ဗုတ်ဆု'ဟူသည့် ဘုရားရှိခိုးကို နံနက်တိုင်း ညနေတိုင်း အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိကြောင်း၊ အဘွား ဆူယာသည် ဘုန်းကြီးရဟန်းတစ်ပါးပါးကိုဖြစ်စေ၊ အိမ်တံခါးဝရောက်လာသည့် အလှူခံပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ မည်သည့်အခါမှ 'မွန်း'[၁] တစ်ပြားနှစ်ပြား ပေးလှူဖို့ မမေ့ကြောင်း၊ ယင်းအသေးအဖွဲ့ ကုသိုလ်ကောင်းမှုကလေးများကို ပြုလုပ်သည်မှတစ်ပါး အခြားထူးထူးခြားခြား ကုသိုလ်ကောင်းမှုများကို မပြုလုပ်ကြောင်း ပြောပြလေသည်။

(ဤကား ကာဆူလိုရော၏ လူဝင်စားဘဝအကြောင်း နိဂုံးကမ္ပတ် အပြီးသတ်ဖြစ်၏။)

## ၇။ [ဘာသာပြန်သူ မှတ်ချက်]

အထက်ပါစာမှာ 'ချင်ဆက်ဆူရူကီ' သို့မဟုတ် 'ထူးခြားသော ဝတ္ထုပေါင်းချုပ် လက်ရေးမူ'မှ ကူးယူထားသောစာဖြစ်သည်။ ယင်းလက်ရေးမူသည် ဘွန်ဆေး ဆဋ္ဌမနှစ်၊ စတုတ္ထလနှင့် တင်ပို ဆဋ္ဌမနှစ်၊ ဒသမလအကြား (၁၈၂၃-

၁။ ထိုအချိန်က တန်ဖိုးအနည်းဆုံး ၁ ဆင့်/ ၁/၁၀ ပိုက်ဆံကိုခေါ်သည့် အမည်ဖြစ်သည်။ ယင်းပိုက်ဆံသည် ယခုအခါတွင် 'ရင်း'ဟုခေါ်သောအလယ်တွင် စတုရန်းအပေါက်နှင့် တရုတ်အက္ခရာထိုးထားသည့် ကြေးပြားနှင့် အတူတူပင်ဖြစ်သည်။



၁၈၃၁)တွင် ရေးသားမှတ်တမ်းတင်ထားသည့် လက်ရေးမူဖြစ်သည်။ လက်ရေးမူ၏ အဆုံး၌ 'ဘွန်ဆေးနှစ်များမှ တင်ပိုနှစ်များအထိ မီနာမိဆင်ဝါ၊ ပိုင်ရှင် ကုရမာချော၊ ရှိဘာ၊ ယေဒို'ဟူ၍ ရေးသားဖော်ပြထားသည်။ ယင်း၏ အောက်ပိုင်း၌ 'မေဂျီဒုတိယနှစ် ၁၈၆၉၊ ၂၁ ရက်နေ့တွင် ယာတိုယာ ဆကုဂျီရော ဒိုရှီနောကုဘိုမှ ယူဆောင်လာသည်'ဟူသော မှတ်ချက်ကိုလည်း ရေးသားဖော်ပြထားသည်။ ယင်းကို ထောက်လျက် ဤလက်ရေးမူမှာ မီနာမိဆင်ဝါရေးသားထားသော စာဖြစ်ကြောင်း၊ သူ့အား ပြောပြသည့် ဝတ္ထုများကို စုဆောင်းထားသူ သို့မဟုတ် သူရရှိသော လက်ရေးမူများကို တစ်ဆင့်မိတ္တူကူးယူထားသူ မီနာမိဆင်ဝါသည် ၁၈၂၃ နှင့် ၁၈၃၅ အကြား ၁၃ နှစ်အချိန် ကာလအတွင်း ဤလက်ရေးမူကို ရေးသားထားခြင်းဖြစ်ကြောင်း သိရှိရသည်။

(The Rebirth of Katsugora as reported by Lafcadio Hearm)

❐

www.burmeseclassic.com

www.burmeseclassic.com

# လယ်သမား၏ သား

ဂျပန်နိုင်ငံ၏ ကျွန်းကြီးလေးကျွန်းထဲက ကျွန်းတစ်ကျွန်းဖြစ်သော ကျူးရှူးကျွန်းတွင် 'အာဆို' အမည်ရှိ ကမ္ဘာ့အကြီးဆုံး မီးတောင်ကြီးတစ်တောင် ရှိသည်။ အာဆိုတောင်၏ဝန်းကျင်၌ ဆာကာနာရှီအမည်ရှိ ရွာတစ်ရွာ ရှိသည်။ ဆာကာနာရှီရွာသည် ကျွန်ုပ်၏ ဇာတိရပ်ရွာဖြစ်သည်။

ယခုခေတ်၌ မီးရထားလမ်းနှင့် အဝေးပြေးကားလမ်းမကြီးနှစ်ခုသည် တစ်ချိန်က ခပ်လှမ်းလှမ်း၌ရှိသော ယင်းမီးတောင်နှင့် နံရံများကို ထွင်းဖောက်သွားသော လိုဏ်ခေါင်းများ၏ ဘေးတစ်ဖက်စီက ဖြတ်သွားကြသည်။ ကျွန်ုပ်မှတ်မိသမျှ ရှေးက ယင်းမီးတောင်အဝိုင်းကြီး၏ နံရံအတွင်းဘက်က ဆာကာနာရှီရွာသည် တခြားကမ္ဘာနှင့် တသီးတခြားတည်ရှိနေပြီး ရွာသူရွာသားအများစု၏ လူနေမှုဘဝအဆင့်အတန်းသည် အလွန် အောက်တန်း နောက်တန်းကျသည်။



ကျွန်ုပ်သည် ဆာကာနာရှီရွာက အလွန်ဆင်းရဲသော လယ်သမား မိသားစု၌ မွေးဖွားခဲ့သူဖြစ်သည်။ ကျွန်ုပ်၏ မိသားစုသည် လယ်သမားဖြစ်သော်လည်း အပိုင်နွားလည်း မရှိပေ၊ မြင်းလည်း မရှိပေ။

မည်မျှ ဆင်းရဲပါသနည်းဆိုလျှင် ဆန်ရိုးရိုးကို မစားနိုင်ဘဲ ပြောင်းဆန်၊ သို့မဟုတ် လူး၊ သို့မဟုတ် ဆတ်အမျိုးအစား အညံ့စားဆန်များကိုသာ ချက်ပြီး အသက်မွေးဝမ်းကျောင်း ပြုလုပ်ရသည်။

ကျောင်းမနေခင်အရွယ်က ကျွန်ုပ်တို့သည် လယ်ခင်း၊ ယာခင်းများထဲ၌ အလုပ်လုပ်ကြသော မိမိတို့၏ မိဘများကို ဝိုင်းဝန်းလုပ်ကိုင်ပေးကြပြီးလျှင် လောင်စာအတွက် တောထဲက ထင်းခြောက်များနှင့် သစ်ရွက်ခြောက်များကို လိုက်လံကောက်ကြရသည်။

အထီးကျန်ဘဝမျိုးဖြင့် နေရသည်ဖြစ်၍ ကျွန်ုပ်သည် ကစားဖော်၊ ကစားဖက်ဟူ၍ တစ်ယောက်မျှ မရှိပေ။ မိဘများအတွက် အလုပ်လုပ်မပေးရသော အချိန်များ၌ အဘွားနှင့်သာ အချိန်ကုန်ခဲ့ရသည်။ ရံဖန်ရံခါ ကျွန်ုပ် လိုလိုလားလား အလည်အပတ်သွားသော နေရာများမှာ ကျေးရွာတစ်ဝိုက်ရှိ ဘုရားကျောင်းများ ဖြစ်သည်။ ဆောင်းဦးနှင့် နွေဦး၌ ကျင်းပပြုလုပ်သော 'ပါရမိတာ' ပွဲသဘင် အခမ်းအနားများ၌လည်းကောင်း၊ ကဆုန်ညောင်ရေသွန်းပွဲများ၌လည်းကောင်း ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်မသွားသည်က နည်းသည်။ ယင်းသဘင်ပွဲများ၌ မည်သည့်ဂိုဏ်းက ဘုန်းတော်ကြီး ဟောကြားသောတရားကို ဖြစ်ဖြစ် ကျွန်ုပ် မနာဘဲမနေပေ။

ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် ကျွန်ုပ်၏ မိဘများက အတင်းလုပ်ခိုင်းသောကြောင့် မဟုတ်ဘဲ ကျွန်ုပ် စိတ်သဘောနှင့် ကျွန်ုပ် ပြုလုပ်ခြင်းဖြစ်သည်။ ယင်းအလေ့အကျင့်သည် နောက်ပိုင်း မိမိ၏ဓမ္မနှင့်ပတ်သက်သော သဘာဝကို အဆုံးအဖြတ်ပေးရန်အတွက် တွန်းအားတစ်ခုဖြစ်သည်ဟူ၍ ကျွန်ုပ် ထင်သည်။

တရုတ်-ဂျပန်စစ်ပွဲ (၁၈၉၄-၁၈၉၅)ပြီးသွားချိန်၌ ကျွန်ုပ်၏ မူလတန်းကျောင်းသားဘဝ အဆုံးသတ်သွားသည်။ တရုတ်စစ်ပြေငြိမ်းရေးခေါင်းဆောင် လေဟောင်ချန် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုရန်အတွက် ဆီမိုနိုစကီသို့ လာသောအချိန်ကို ကျွန်ုပ် ကောင်းကောင်းမှတ်မိနေသည်။

ထိုအချိန်က ဂျပန်နိုင်ငံ၏ ခေါင်းဆောင်များသည် နိုင်ငံတကာနယ်ပယ်၌ ဂျပန်၏ စီးပွားရေးအရှိန်အဝါ(ဖူကိုကု)နှင့် စစ်တပ်အင်အား(ကျိုဟေအိ) မြှင့်တင်ရန်အတွက် အလေးအနက်ထားကြသည်။ ယင်းမူဝါဒများသည် ဂျပန်၏ စစ်ဝါဒကို မွေးဖွားပေါ်ပေါက်စေခဲ့သည်။

မူလတန်းကျောင်းမှ ကျောင်းထွက်လာကြပြီးနောက် ကျွန်ုပ်တို့ ကလေးသူငယ်များသည် မိမိတို့ဘဝ၏ ရည်မှန်းချက်တစ်ခုအတွက် စတင် ရှာမှီးကြသည်။ သို့သော်လည်း မည်သို့မည်ပုံ ရှာမည်နည်း။ မိမိတို့၏ ရည်မှန်းချက်သည် 'ဖူကိုကု' အတွက် အကူအညီအထောက်အပံ့ဖြစ်မည် လော။ သို့မဟုတ် 'ကျိုဟေအိ' ပေါ်လစီအတွက် အားပေးအားမြှောက်ဖြစ်မည်လော။



တရုတ်-ဂျပန်စစ်ပွဲအတွင်းက စစ်မှုထမ်းဟောင်းများသည် ထိုအချိန်က စစ်မြေပြင်၌ တာဝန်ကုန်ဆုံးသွားကြပြီဖြစ်၍ ကိုယ့်အိုးကိုယ့်အိမ် ပြန်လည်ရောက်ရှိလာကြသည်။ ယင်းစစ်မှုထမ်းဟောင်းများထဲက အချို့မှာ စစ်ပွဲတွင် စွန့်စွန့်စားစားတိုက်ခိုက်ကြသောကြောင့် သူရဲကောင်းတံဆိပ် ရရှိသူများ ဖြစ်နေကြသည်။ ကလေးသူငယ်များအား ယင်းသူရဲကောင်းစစ်မှုထမ်းများ၏ နမူနာယူကြရန် ညွှန်ကြားပြောပြကြသည်။

သို့သော်လည်း ကျွန်ုပ်၏အကြံမှာ တစ်မျိုးဖြစ်သည်။ လယ်သမားမိသားစု၌ မွေးဖွားလာခဲ့သူဖြစ်၍ လယ်ယာလုပ်ငန်း လုပ်ကိုင်ခြင်းအားဖြင့်လည်းကောင်း၊ အလားတူလုပ်ငန်းတစ်ခုခု လုပ်ကိုင်ခြင်းအားဖြင့်လည်းကောင်း စီးပွားရေးအရှိန်အဟုန်ကို တိုးမြှင့်သည့်ကိစ္စ၌ အကူအညီပေးခြင်းသည် မိမိအတွက် ပိုပြီးသင့်တော်လိမ့်မည်ဟူ၍ တွေးမိသည်။ ထို့ကြောင့် ကျွန်ုပ်သည် မိမိတို့ဒေသနှင့် အလှမ်းဝေးသော အိုအိတာစီရင်စု အစိုးရက တည်ထောင်သော အိုရူကီ

www.burmeseclassic.com



စိုက်ပျိုးရေး အထက်တန်းကျောင်းတက်ရန် လျှောက်လွှာတင်လိုက်သည်။

စိုက်ပျိုးရေးအထက်တန်းကျောင်း၌ တက်ရောက်ပညာသင်ကြားနေချိန်၌လည်း ဗုဒ္ဓဘာသာ ကျောင်းတော်များသို့ သွားရောက်သော အလေ့အထ ရှိမြဲရှိနေပြီးလျှင် စာမေးပွဲဖြေဆိုပြီး ကျောင်းထွက်ချိန် နီးကပ်လာလေလေ မဇ္ဈိမဘာဝအတွက် ကျွန်ုပ်၏ အတွင်းသန္တာန်ထဲက လှုံ့ဆော်အားပေးမှု ပြင်းထန်လာလေလေ ဖြစ်သည်။ ကျွန်ုပ်သည် ဒေသဆိုင်ရာ အုပ်ချုပ်ရေးဝန်ထမ်းအဖြစ် ဝင်ရောက်အမှုထမ်းလိုသောဆန္ဒ ထက်ထက်သန်သန် မရှိပေ။

ကျွန်ုပ်၏ မိဘများကမူ ကျွန်ုပ်အား အစိုးရဝန်ထမ်းအလုပ်လုပ်ရန် မျှော်လင့်ချက်ကြီးစွာထားကြသည်။ ကျွန်ုပ်ကမူ သူတို့ ဆန္ဒရှိသည့်အတိုင်း အစိုးရဝန်ထမ်း လုပ်လိုသည့်ဆန္ဒလည်း မရှိပေ။

မိဘအိမ်ပြန်ပြီး လယ်ယာစိုက်ပျိုးရေးအလုပ် လုပ်လိုသည့်ဆန္ဒလည်း မရှိပေ။ အပြီးသတ်ဆုံးဖြတ်ချက်ကို အချိန်ရွှေ့ထားလိုသည့်အတွက် ကျွန်ုပ်သည် ဆပ်ပိုရိုစိုက်ပျိုးရေး အကယ်ဒမီကျောင်းတွင်ဖြစ်စေ၊ တိုကျို၊ ကိုမာဘာစိုက်ပျိုးရေး ကောလိပ်တွင်ဖြစ်စေ ဆက်လက်ကျောင်းတက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ပညာသင်ပြီး ဆုံးခန်းမရောက်သေးသော လူငယ်များ



သည် တခြားကျောင်းများ၌ ဆက်လက်သင်ကြား ဆည်းပူးစရာများရှိသည်ဟူ၍ ထင်မှတ်ယူဆလေ့ရှိကြသည်။

ကံအားလျော်စွာ အရည်အချင်းရှိသော ဆရာများကို မွေးထုတ်ပေးသော ဆပ်ပိုရို စိုက်ပျိုးရေးအကယ်ဒမီကျောင်းမှ ဘွဲ့ရလာသော ဆရာတစ်ယောက် အိုစုကီစိုက်ပျိုးရေး အထက်တန်းကျောင်း၌ ရှိနေသည်ကို တွေ့ရသည်။ ထိုဆရာက များမကြာမီအတောအတွင်းမှာပင် ကျွန်ုပ်ကို သူ့အယူအဆ ရှင်းလင်းပြောပြသည်။ ဆပ်ပိုရိုအကယ်ဒမီကျောင်းများလို အဆင့်မြင့်ပညာသင်ကျောင်းများ၌ သင်ကြားဆည်းပူးစရာ များများစားစား မကျန်တော့ဟူ၍ ပြောပြသည်။ ထိုဆရာသည် စိုက်ပျိုးရေးပညာနှင့် ပတ်သက်၍လည်း မင်းတိုင်းကြေလောက်သာ သင်ကြားပြောပြပြီး ကန်ဇိုအူချိမူရာ (ခရစ်ယာန်ဘာသာဝင် ပညာရေးပုဂ္ဂိုလ်ကြီး၊ အတွေးအခေါ် ပညာရှင်ကြီး)နှင့် ခရစ်ယာန်အကြောင်းကိုသာ စိတ်ပါလက်ပါ ပြောပြသည်။ ဆရာ၏ ပြောကြားချက်များကို ကျွန်ုပ် စိတ်ပါဝင်စားသွားသည်။

ကျွန်ုပ်၏ဆရာ ပြောပြသော အိုချိမူရာ၏ ဘဝနှင့် ပတ်သက်သော အကြောင်းအရာများသည်လည်းကောင်း၊ ကျွန်ုပ်ကိုယ်တိုင် ဖတ်ရသော ထိုအချိန်က နာမည်အကျော်ကြားဆုံး စာရေးဆရာတစ်ဦးလည်းဖြစ်သော နိချိရင်း ဂျပန်ဗုဒ္ဓဘာသာဝိုဏ်းဝင်လည်းဖြစ်သော ချိုဂျူတာကာယာမာ၏ ဘဝ

www.burmeseclassic.com



နှင့်ပတ်သက်သော အကြောင်းအရာများသည်လည်းကောင်း ကျွန်ုပ်အပေါ်တွင် အကြီးအကျယ် ဩဇာအရှိန်အဝါ သက်ဝင်စူးရှလာသည်။

ထိုအခါ ယေရှုခရစ်နှင့် နိချိရင်း စသော ဘာသာရေးခေါင်းဆောင်ပုဂ္ဂိုလ်များ၏ ဘဝနှင့် အောင်မြင်မှုများကို လေ့လာလိုသောစိတ်ဆန္ဒ ကျွန်ုပ်တွင် ကြီးမားစွာပေါ်ပေါက်လာသည်။

အိုစုကီ၌ နေထိုင်စဉ်အတွင်း ကျွန်ုပ်သည် ဂျပန်ဗုဒ္ဓဘာသာ နိချိရင်းဂိုဏ်း၊ ဟွန်ဂျိကျောင်းသို့ သွားရောက်သောအခါ ကျောင်းထိုင်ပုဂ္ဂိုလ် ဂျပန်ဘုန်းတော်ကြီးသည် ကျွန်ုပ်၏မွေဆရာ ဖြစ်လာသည်။ တစ်နေ့ ယင်းဂျပန်ဘုန်းတော်ကြီးထံသွားပြီး ကျွန်ုပ်ကို ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်သူအဖြစ် လက်ခံရန် အရဲစွန့်ပြီး တောင်းပန်လိုက်သည်။ သာသနာ့ဘောင်ဝင်ရောက်ပြီး နိချိရင်း၏ဘဝကို လေ့လာလိုသည့်အကြောင်း နိချိရင်းဂိုဏ်းဝင် ကျောင်းထိုင်ဘုန်းတော်ကြီးကို လျှောက်ထား ပြောပြလိုက်ခြင်းဖြစ်သည်။ သူ၏အဖြေစကားကို ကြားရသောအခါ ကျွန်ုပ် အံ့အားသင့်သွားသည်။

'သား… မင်း ဒီမှာနေပြီး ငါတို့ နိချိရင်းဂိုဏ်းခေါင်းဆောင် မဟာသူတော်စင်ကြီးရဲ့ ဘဝနေနည်းများကို လိုက်နာကျင့်သုံးနိုင်တယ်၊ နိချိရင်းရဲ့ ဘဝနေနည်းများဟာ



သားတို့လို စိတ်ကောင်း စေတနာရှိသူများရဲ့ ရှေ့မှောက်မှာ ပွင့်ပွင့်လင်းလင်း ဖြစ်နေပါလိမ့်မယ်'

ထိုအချိန်က အခြား နာမည်ကျော် စာရေးဆရာတစ်ယောက်ဖြစ်သော တိုကျိုအင်ပေရီယယ် ယူနီဗာစီတီက ဆရာကောင်းတစ်ယောက် လည်းဖြစ်သော ပရိုဖက်ဆာ ကျာရိုမှ အာနေဆာကီသည် သူ၏စာအုပ် တစ်အုပ်ဖြစ်သော 'ကေဂျို နီးဂျီးဖ နိချိရင်း (သဒ္ဓမ္မပုဏ္ဍရိကသုတ်၏ အနှစ်သာရ ကိန်းအောင်းနေသော နိချိရင်း)အမည်ရှိ စာအုပ်တွင် 'ဟိုကေကျိုသည် သုတ်အားလုံး၏ သုတ္တရာဇာ၊ သုတ်ဘုရင်ဖြစ်သည်'ဟု ရေးသားဖော်ပြထားပြီး 'နိချိရင်းနှင့်ပတ်သက်၍လည်းကောင်း၊ သဒ္ဓမ္မပုဏ္ဍရိကသုတ်ကို နိချိရင်း အသည်းစွဲဖြစ်နေပုံအကြောင်းကိုလည်းကောင်း၊ မည်သည့်အာဏာ၏ လက်အောက်တွင်မှ နိချိရင်း အလျှော့မပေးပုံ အကြောင်းကိုလည်းကောင်း ထိုအချိန်က ရက်စက်ကြမ်းကြုတ်သော ပဒေသရာဇ်ဘုရင်၏ ဖိနှိပ်ညှဉ်းပန်းခြင်းများကို နိချိရင်း အမှုမထားပုံအကြောင်းကိုလည်းကောင်း ရေးသားဖော်ပြထားသည်။

ကာမာကုရ ဗကုဖု၏ စစ်ဘုရင်ဖြစ်သော ဟိုဂျိုတုကိမူနေ (ကာမာကုရ၌ အုပ်စိုးသော ပထမဦးဆုံး ဂျပန်ပဒေသရာဇ်စနစ် အုပ်ချုပ်ရေးဘုရင်)က ကြိုးဒဏ်ပေးမည်ဟု ခြိမ်းခြောက်သောအခါ နိချိရင်းသည် သူ၏အသည်းစွဲ သဒ္ဓမ္မပုဏ္ဍရိကသုတ်ကို မစွန့်လွှတ်ဘဲ အသက်စွန့်ချင် စွန့်ရပါစေ၊ အာအနည်

www.burmeseclassic.com



သူရဲကောင်းအဖြစ် ရပ်တည်သွားမည်ဟူ၍ အဓိဋ္ဌာန်ပြုခဲ့သည်။

နောက်ဆုံး၌ တိုကီမှုနေ၏ ကြိုးဒဏ်အမိန့်သည် အကောင်အထည်ဖော်၍မရ ဖြစ်သွားသည်။ အကြောင်းမှာ ဤသို့ဖြစ်သည်။ ကြိုးဒဏ်ပေးမည့် ပါးကွက်အာဏာသားသည် နီချိရင်း၏ အပြုအမူကို တွေ့မြင်ရသည်ဖြစ်၍ အကြီးအကျယ် အံ့ဩတွေဝေသွားသည်။ ဓားကြိမ်းကြိမ်းနေသည့်ကြားထဲက မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့သော မရွေ့မလျား ကုန္ဒြေမပျက်ထိုင်နေသော နီချိရင်းကို တွေ့ရသည်ဖြစ်၍ ပါးကွက်အာဏာသားကိုယ်တိုင် နီချိရင်း၏ ရှေ့မှောက်၌ ဒူးထောက်ပြီးလျှင် အသက်ကို ပမာဏမထားဘဲ သဒ္ဓမ္မပုဏ္ဍရိကသုတ်ကို သူကိုယ်တိုင် ဖြန့်ဖြူးသည့်အခြေအနေအထိ ရောက်ရှိသွားသည်။

အာနေဆာကီ ရေးထားသော နီချိရင်းအကြောင်းနှင့် နီချိရင်း သဒ္ဓမ္မပုဏ္ဍရိကသုတ် အသည်းစွဲဖြစ်ပုံအကြောင်းသည် ကျွန်ုပ်အတွက် မေးခွန်းပေါင်းများစွာ ဖြစ်ပေါ်လာစေခဲ့သည်။ သဒ္ဓမ္မပုဏ္ဍရိကသုတ်သည် မည်ကဲ့သို့သော သုတ်မျိုးနည်းဟူ၍ သိချင်သည့်စိတ် အပြင်းအထန် ပေါ်ပေါက်လာသည်။

ယင်းပြဿနာကို ဖြေရှင်းရန်အတွက် သဒ္ဓမ္မပုဏ္ဍရိကသုတ်နှင့် နီချိရင်း၏ဘဝကို မစူးစမ်း၊ မလေ့လာဘဲ ဖြစ်နိုင်လိမ့်မည်မဟုတ်ဟူ၍ ကျွန်ုပ် သဘောပေါက်လာသည်။ မိမိ



၏ စိုက်ပျိုးရေးပညာနှင့် ပတ်သက်သော လုပ်ငန်းဆိုင်ရာ ပညာသင်နည်းကို ရပ်တန့်ပြီးလျှင် ဟွန်ဂျီကျောင်းတိုက်၌ ရဟန်းပြုရန် စိတ်ပိုင်းဖြတ်လိုက်သည်။

၁၉၀၃ ခုနှစ်၊ မတ်လတွင် ဟိုက်စကူးစာမေးပွဲ အောင်မြင်ပြီးသောအခါ ကျွန်ုပ်သည် ဆိုင်းမနေတော့ဘဲ ဟွန်ဂျီကျောင်းတိုက်သို့သွားပြီး သာသနာ့ဘောင် ဝင်လိုက်သည်။ အရှင်နီချိအီဒါကျိုသည် ကျွန်ုပ်အား သာသနာ့ဘောင် သွတ်သွင်းပေးသော ဥပဇ္ဈာယ်ဆရာ ဖြစ်သည်။ ထိုအချိန်က ကျွန်ုပ်၏အသက်မှာ ၁၉ နှစ်ရှိနေပြီ။

သာသနာ့ဘောင်ဝင်ရောက်ခြင်းမှာ မိမိအတွက် လွယ်ကူသော အလုပ်တစ်ခု မဟုတ်ပေ။ ကျွန်ုပ်၏ မိဘနှစ်ပါးသည် အပြင်းအထန် ကန့်ကွက်ကြသည်။ ထို့နည်းတူပင် ကျွန်ုပ်၏ ဆွေမျိုးသားချင်းအားလုံးကလည်း ရဟန်းဘောင်မဝင်ရန် ဆန္ဒပြုကြသည်။ ထိုအချိန်သည် ရဟန်း ဘောင်ဝင်ရောက်ရေးအတွက် အားပေးအားမြှောက် ပြုလုပ်ရမည့်အချိန်မျိုးလည်း မဟုတ်ပေ။ အင်ပီရီယယ် အစိုးရ စတင်ချိန်ကာလအတွင်း မေဂျီအစိုးရ၏ ပြင်းထန်သော ဗုဒ္ဓဘာသာ ဆန့်ကျင်ရေးအချိန်နှင့် တိုက်ဆိုင်နေသည့်အတွက်ကြောင့် ဖြစ်သည်။

ရဟန်းဘောင် ဝင်ရောက်ခြင်းသည် ရာဇဝတ်မှုတစ်ခုကျူးလွန်ခြင်းထက်ပင် ကြီးလေးသောအပြစ်ဖြစ်သည်ဟူသော အယူအဆကို ပြည်သူကြားထဲတွင် အတင်းအဓမ္မ ရိုက်သွင်း

www.burmeseclassic.com

www.burmeseclassic.com



နေချိန်ဖြစ်သည်။ ဗုဒ္ဓဘာသာသည် တမလွန်ဘဝနှင့်ပတ်သက်ပြီး အယူရှိသော ဘာသာတရားဖြစ်၍ သဘာဝတရားနှင့် မကိုက်ညီဟူ၍ သတင်းလွှင့်နေကြသည်။ ရဟန်းများကို အတင်းအဓမ္မ လူဝတ်လဲခိုင်းသည်။ ရဟန်းဘောင် ဝင်လိုသူများအားလည်း ဖျက်လိုဖျက်ဆီး လုပ်ကြသည်။

ထိုအချိန်က မကျွေးမွေးနိုင်လောက်အောင် သားသမီးများသော ဆင်းရဲသားမိသားစုများသည် သားများထဲက သားတစ်ယောက်၊ နှစ်ယောက်ကို ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများသို့ ကျောင်းဝေယျာဝစ္စလုပ်ရန် အပ်နှံထားကြသည်။ သို့သော်လည်း ရဟန်းဘဝရောက်လာကြသူများ၏ အရေအတွက်မှာမူ အလွန်တရာ နည်းပါးသည်။ ယင်းအခြေအနေ၌ ကျွန်ုပ်၏ မိဘများသည် ကျွန်ုပ်၏ ဘုန်းကြီးလုပ်ရန် ဆုံးဖြတ်ချက်ကို လက်မခံကြသည်မှာ အံ့သြစရာမဟုတ်ပေ။ နောက်ဆုံး၌ မိသားစုများ တိုင်ပင်ဆွေးနွေးကြပြီး အိုစူကီကျောင်းသို့ ကိုယ်စားလှယ်စေလွှတ်ပြီး ကျွန်ုပ်ကို အိမ်ပြန်ခေါ်ရန် ဆုံးဖြတ်ချက်ချလိုက်ကြသည်။

ကျွန်ုပ်၏ဖခင်သည် ကျွန်ုပ်ကို ကျောင်းထားပြီးလျှင် အစိုးရ ဝန်ထမ်းတစ်ယောက်ဖြစ်လာဖို့ မျှော်လင့်ထားသည်။ မိမိတို့၏သားများကို ခေတ်သစ်အထက်တန်းကျောင်းများတွင် ထားကြသော မိဘများသည် ယင်းကဲ့သို့ မျှော်လင့်ချက်ကြီးသူများကို ရင်ဝယ်ပိုက်ထားကြသူများဖြစ်သည်။ မိမိတို့၏သား



များ ယင်းကဲ့သို့ မိဘများအတွက် ဂုဏ်တက်စရာ ဖြစ်နေသည်။ ကျွန်ုပ် သာသနာ့ဘောင်၌ ရဟန်းပြုလုပ်မည်ဆိုသောအခါ ဖခင်ဖြစ်သူသည် အကြီးအကျယ် စိတ်ပျက်အားလျော့သွားသည်။ မျှော်လင့်ချက်ကြီးစွာဖြင့် ငွေကုန်ကြေးကျခံပြီး ကျောင်းထားခဲ့သော သားက သာသနာ့ဘောင် ဝင်ရောက်ပြီး သူ၏အလိုဆန္ဒကို ဖျက်ဆီးပစ်လိုက်သည် ဟူ၍ ထင်မှတ်ပြီးလျှင် ဖခင်ဖြစ်သူသည် အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်နေသည်။

ထိုအချိန်၌ ကျွန်ုပ်ကို ကယ်တင်သူမှာ ကျွန်ုပ်၏မိခင်ဖြစ်သည်။ အမှန်အားဖြင့် ကျွန်ုပ်၏မိခင်သည် အကယ်၍ သူသာ ဆန္ဒရှိလျှင် ကျွန်ုပ်ကို ဘုန်းကြီးကျောင်းက အင်အားသုံးပြီး အတင်းပြန်ခေါ်နိုင်သည့် အခြေအနေရှိနေသည်။ သို့သော်လည်း ကျွန်ုပ်၏အမေသည် ယင်းကဲ့သို့မလုပ်ပေ။ သူ၏သား ကျွန်ုပ် သာသနာ့ဘောင် ဝင်ရောက်ခြင်းသည်လည်း မကောင်းသောအလုပ်မဟုတ်ဟူ၍ ကျွန်ုပ်၏မိခင်သည် နားလည်သဘောပေါက်ထားသူ ဖြစ်သည်။ ကျွန်ုပ်ကို လယ်သမားတစ်ယောက်အဖြစ် လယ်မြေကို ထွန်ယက်စိုက်ပျိုးရန်အတွက်၊ သို့မဟုတ် ဒေသအစိုးရ၏ ဝန်ထမ်းတစ်ယောက်ဖြစ်ရန်အတွက်၊ သို့မဟုတ် စာသင်ကျောင်းတစ်ကျောင်း၏ ဆရာတစ်ယောက်ဖြစ်ရန်အတွက် အတင်းအဓမ္မ အိမ်ပြန်မခေါ်ရက်ပေ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်နှင့် ကျွန်ုပ် လုံးဝအိုးစားကွဲသွားမှာ စိုးရိမ်သည့်အတွက် မိသားစုများသည် နောက်ဆုံး၌ ကျွန်ုပ် လိုလားသည့်အတိုင်း သာသနာ့ဘောင်ဝင်ရောက်ရန် ခွင့်ပြုလိုက်ကြသည်။ သို့ရာတွင် မိဘများ အလိုမတူဘဲ အိမ်ကစွန့်ခွာသွားသည် ဖြစ်၍ ဖခင်၏ ဒေါသလွှမ်းသော အဆိုပြုချက်အရ ကျွန်ုပ်ကို မိဘအမွေဆက်ခံနိုင်သူတစ်ယောက်အဖြစ် အသိအမှတ်မပြုဘဲ အမွေဖြတ်ရန် ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။

(Nichidatsufujii ၏ My Non-Violence မှ)

□

## သူ့အသက်ကို မသတ်နှင့်

ဟော-ကေ-ကျော(သဒ္ဓမ္မ ပုဏ္ဍရိကသုတ်)၌ ဖော်ပြထားသော မင်္ဂလာအတိတ်ကောင်း နိမိတ်ကောင်းများထဲတွင် ပထဝီမြေကြီးတုန်ခါခြင်း ၆ မျိုးလည်း ပါဝင်သည်။ ယင်း ၆ မျိုးထဲက တစ်မျိုးမှာ အနောက်က မြင့်တက်လာပြီး တစ်ပြိုင်တည်းမှာပင် အရှေ့က နိမ့်ကျသွားခြင်းဖြစ်သည်။ ယင်းအမျိုးအစားကို 'ဆိုင်းယု-တောမုဆု'ဟုခေါ်သည်။ အခြား မြေလှုပ်ခြင်း အမျိုးအစားတစ်ခုမှာ ပထမအမျိုးအစားနှင့် ပြောင်းပြန်ဖြစ်သည်။ ယင်းအမျိုးအစားကို 'တောယု-ဆိုင်းမုဆု'ဟုခေါ်သည်။ ယင်းအမျိုးအစား၌ အရှေ့က မြင့်တက်လာပြီး အနောက်က မြုပ်သွားသည်။

အရှေ့၊ အနောက်၊ တောင်၊ မြောက် တည်းဟူသော အရပ်လေးမျက်နှာ တစ်ခုစီ တစ်ခုစီအတွက် ယင်းကဲ့သို့သော လှုပ်ရှားမှု လေးမျိုးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်းယဉ်ကျေးမှု အရှေ့တိုင်း ကူးစက်လာသောအခါ အရှေ့တိုင်းယဉ်ကျေးမှု ကျဆုံးသွားသည်။ သို့ရာတွင် ဆန့်ကျင်ဘက် အရပ်မျက်နှာ၌ ပထဝီမြေကြီး တုန်ခါသွားသည့်အခါ အရှေ့တိုင်းယဉ်ကျေးမှုက အပေါ်တက်လာပြီး အနောက်တိုင်းယဉ်ကျေးမှုကို အောက်ကျသွားလိမ့်မည်။

မထဝီမြေကြီး လှုပ်ခါခြင်းများသည် ဝေဟင်နှင့် မြေပြင်၌ ပေါ်ပေါက်လာသော မင်္ဂလာအတိတ်ကောင်း နိမိတ်ကောင်းများထဲက တစ်ခုဖြစ်သည်။

ကျွန်ုပ်အသက် ၉၀ ရှိပြီ။ ကျွန်ုပ် မွေးဖွားသောကာလသည် အနောက်တိုင်း လူ့ယဉ်ကျေးမှု ဦးဖွားပထမ အရှေ့တိုင်းရောက်ရှိလာသည့် ကာလဖြစ်သည်။ အရှေ့တိုင်းရောက်လာသော အနောက်တိုင်း လူ့ယဉ်ကျေးမှုသည် ဂျပန်သို့လည်း ရောက်ရှိလာသည်။

ထိုအချိန်ကာလသည် 'ဆိုင်းယု-တောမုဆု' အချိန်ကာလဖြစ်သည်။ အနောက်က မြင့်တက်နေပြီး အရှေ့က နိမ့်ကျသွားသော အချိန်ကာလဖြစ်သည်။ 'လူ့ယဉ်ကျေးမှု' ဟူသော စကားလုံးသည် ထိုခေတ်ကလည်း လူတွေ၏ နှုတ်ဖျားတွင် ရေပန်းစားနေသည့် စကားလုံးဖြစ်သည်။

အနောက်တိုင်းက ယဉ်ကျေးပြီး အရှေ့တိုင်းက ရိုင်းစိုင်းသည်ဟူ၍ ကျွန်ုပ်တို့ကို သွန်သင်ပေးနေကြသည်။ အနောက်တိုင်း၏ ယင်းလူ့ယဉ်ကျေးမှုသည် လွန်ခဲ့သောနှစ်ပေါင်း



၁၀၀ ကြာမျှ ကမ္ဘာတစ်ခုလုံးကို စိုးမိုးလာခဲ့သည်။ အရှေ့ဖျား၌ရှိသော ဂျပန်သည် အနောက်တိုင်း လူ့ယဉ်ကျေးမှု နောက်ဆုံးရောက်ရှိလာသော ဒေသတစ်ခု ဖြစ်ကောင်းဖြစ်လိမ့်မည်။

ဂျပန်နိုင်ငံ၌ ကျွန်ုပ် မွေးဖွားပြီး နှစ်အများဆုံးကာလမှာ ဂျပန်နိုင်ငံတွင် ကုန်ဆုံးလာခဲ့သည်။ ယင်းအချိန်ကာလသည် ကမ္ဘာ့ဝေဟင်၌ အနောက်တိုင်းလူ့ယဉ်ကျေးမှု မိုးတိမ်ဖုံးအုပ်နေသော 'ဆိုင်းယု-တောမုဆု' အချိန်ကာလဖြစ်သည်။

အရှေ့တိုင်း၌ရှိသော တရုတ်နှင့် မြောက်ကိုရီးယားသည် ယခုခေတ်တွင် ကွန်မြူနစ်ဝါဒကို စွဲကိုင်နေကြသည်။ မာတ်စ်ဝါဒ၊ လီနင်ဝါဒကို အကောင်အထည်ဖော်နေကြသည်။ ခေတ်သစ်ကို ချမ်းသာကြွယ်ဝအောင် လုပ်မည်ဟူ၍လည်း ကြွေးကြော်နေကြသည်။

ဂျပန်ကမူ ထိုမျှလောက် ဆးဝေးသို့အထိ မသွားသေးပေ။ သို့သော်လည်း ယခုခေတ် လူငယ်အချို့သည် အရှေ့တိုင်း၌ ရုပ်ဝါဒနှင့်အပြိုင် လူ့ယဉ်ကျေးမှုတစ်ခု တည်ရှိရေးအတွက် စဉ်းစားလာကြသည်။

အရှုံဝတ္ထုအားလုံး 'ဆိုင်းယု-တောမုဆု'၏ အသွင်အပြင်ကို ဖော်ပြနေကြသည်။ ယခု အခြေအနေသည် မည်သည့်အဆင့် ရောက်သွားနိုင်သနည်း။ လူသားမျိုးပြုတ်သွားသည့် အဆင့်အထိ ရောက်ရှိသွားနိုင်သည်။ လူသားမျိုး

www.burmeseclassic.com



ပြုတ်မသွားစေရန်အတွက် အနောက်တိုင်း လူ့ယဉ်ကျေးမှုကို မြေမြှုပ်သင်္ဂြိုဟ်ပြီး ယင်း၏နေရာ၌ အရှေ့တိုင်း လူ့ယဉ်ကျေးမှု အစားထိုးဖြစ်ပေါ်လာအောင် ပြုလုပ်ရမည်။

အရှေ့တိုင်း လူ့ယဉ်ကျေးမှုဟူသည်မှာ မည်သည့်အရာ ဖြစ်သနည်း။ အရှေ့တိုင်းသူတိုင်းသားထဲက မည်သူမှ အရှေ့တိုင်း လူ့ယဉ်ကျေးမှုကို နားမလည်ကြပေ။ ထို့ကြောင့် တစ်ကမ္ဘာလုံး၌ ထိတ်လန့်ကြောက်ရွံ့ဖွယ် လွှမ်းမိုးနေခြင်း ဖြစ်သည်။

အရှေ့တိုင်းလူ့ယဉ်ကျေးမှုသည် သမိုင်းဆိုင်ရာ ရုပ်ဝတ္ထု ယဉ်ကျေးမှု မဟုတ်ပေ။ စိတ်ပြဿနာ၊ နှလုံးသားပြဿနာနှင့် ပတ်သက်ဆက်သွယ်သော ယဉ်ကျေးမှုဖြစ်သည်။ အရှေ့တိုင်း ယဉ်ကျေးမှုကို ငွေကြေးဖန်တီးဖို့အတွက် ရောင်းချ၍မရပေ။ ထို့ပြင် အရှေ့တိုင်း လူ့ယဉ်ကျေးမှုသည် အစားအစာကိုဖြစ်စေ သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကိုဖြစ်စေ ယူဆောင်လာလိမ့်မည် မဟုတ်ပေ။ အရှေ့တိုင်းလူ့ယဉ်ကျေးမှုသည် ကမ္ဘာလောကအား စိတ်နှလုံးသဘောထားပြောင်းရန်အတွက် အားပေးရုံသာလျှင် အားပေးလိမ့်မည်။ အရှေ့တိုင်းလူ့ယဉ်ကျေးမှု၏ သင်ကြားချက်ကို စကားဝါကျတစ်ခုတည်းနှင့် အကျဉ်းချုပ်၍ ပြောရမည်ဆိုလျှင် 'သူ့ တစ်ပါးအသက် မသတ်ခြင်း' ဖြစ်သည်။ ယင်းသင်ကြားချက်သည် 'ဖုစေရှော-ကိုင်း' ဖြစ်သည်။ 'ဖုစေရှော-ကိုင်း'သည် သူ့တစ်ပါးအသက်ကို



မသတ်နှင့်ဟု အနက်အဓိပ္ပာယ်ရသည်။ ယင်းစည်းကမ်းသည် လူက ပြုလုပ်ဖန်တီးထားသော စာချုပ်တစ်ခုလည်း မဟုတ်ပေ။ ဥပဒေတစ်ရပ်လည်း မဟုတ်ပေ။ သဘာဝနိယာမဥပဒေ တစ်ခုသာလျှင် ဖြစ်သည်။

သို့ရာတွင် လူသားများအား ယင်းစည်းကမ်းချက်ကို သိရှိနားလည်အောင် ညွှန်ကြားပြောပြရမည်။ ထို့ကြောင့် ဗုဒ္ဓ ပွင့်တော်မူလာပြီး လူသားတို့၏ ရပ်တည်မှုအတွက်၊ လူသားမျိုးပြုတ်မသွားစေရန်အတွက် 'ပါဏာတိပါတာ ဝေရမဏီ'ဟူသော အခြေခံတရားကို ညွှန်ကြားဟောပြထားတော်မူခြင်း ဖြစ်သည်။

'ပါဏာတိပါတာ ဝေရမဏီ'(သူ့တစ်ပါးအသက်ကို မည်သည့်အခါမှ မသတ်ပါနှင့်။) ယင်းစည်းကမ်းချက်ကို နားလည်သဘောပေါက်ပြီး အပြည့်အဝ ယုံကြည်မှုရှိသော ပုဂ္ဂိုလ်ကြီးတစ်ဦး ရှိခဲ့သည်။ ထိုပုဂ္ဂိုလ်မှာ အသောကဘုရင်မင်းတရားကြီး (ဘီ·စီ ၂၆၉-၂၃၂) ဖြစ်သည်။ အသောကသည် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း ၂၀၀ အကြာ၌ ပေါ်ပေါက်လာသော ဘုရင်မင်းတရားကြီး ဖြစ်သည်။ အသောကဘုရင်လည်း တစ်ကမ္ဘာလုံးကို စိုးမိုးရန် ရည်ရွယ်ချက်ဖြင့် စစ်တိုက်ခဲ့သော ဘုရင်ဖြစ်သည်။

အသောကဘုရင်သည် သူ၏ ဆွေတော်မျိုးတော်များကိုလည်းကောင်း၊ နောက်လိုက်နောက်ပါများကိုလည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီးငယ်မရွေး သုတ်သင်ပစ်ခဲ့သည်။ အသောကသည် လူကြမ်းစိတ်ကြမ်း ဖြစ်သည်။ တရားလက်လွှတ် ဖြစ်သည်။ စစ်တိုက်သည့်နေရာ၌လည်း စစ်ပရိယာယ် ကျွမ်းကျင်သည်။ အသောကဘုရင် ထိန်းနှင်းစိုးစံသော မဂဓတိုင်းပြည်၏ အိမ်နီးနားချင်း တိုင်းပြည်တစ်ပြည်မှာ ကလိင်္ဂတိုင်းပြည် ဖြစ်သည်။ ကလိင်္ဂတိုင်းပြည်သည် မဂဓတိုင်းပြည်နှင့်အပြိုင် ယဉ်ကျေးမှု တိုးတက်ထွန်းကားသော တိုင်းပြည်တစ်ပြည် ဖြစ်သည်။ စစ်ပြုလာသော မဂဓတိုင်းပြည်အား ခုခံတိုက်ခိုက်သော်လည်း အားချင်းမမျှသောကြောင့် ကလိင်္ဂတိုင်းပြည်သည် အသောကဘုရင်အား အရှုံးပေးလိုက်ရသည်။

ကလိင်္ဂတိုင်းပြည် လက်နက်ချသောအခါ အသောကဘုရင်သည် ကလိင်္ဂတိုင်းသား သိန်းပေါင်းများစွာကို သုံ့ပန်းအဖြစ် လက်ရဖမ်းဆီးသည်။ မြေပြင်တွင် အတုံးအရုံးကျဆုံးနေကြသော လူသေအလောင်းများကို မည်သူကမှ မြေမြှုပ်သင်္ဂြိုဟ်ခြင်း မပြုလုပ်နိုင်ကြပေ။

အသောကဘုရင်သည် ထိတ်လန့်ကြောက်ရွံ့ဖွယ် ရှုခင်းကို တွေ့မြင်နေရသည်။ တစ်ပြိုင်တည်းမှာပင် မိမိတို့၏ အမိနှင့်အဖ၊ မိမိတို့၏ လင်ယောကျ်ား၊ မိမိတို့၏ ညီအစ်ကို မောင်နှမ သေဆုံးသွားကြပြီး အသက်မသေဘဲ ကျန်နေခဲ့သူများ၏ ကြိတ်မနိုင်ခဲမရဖြစ်နေပုံနှင့် ဝမ်းနည်းပက်လက်ဖြစ်နေပုံများကိုလည်း အသောကဘုရင် နားလည်သဘောပေါက်



သွားသည်။ အသတ်ခံရသူများ၏ အငြိုးသည်လည်းကောင်း၊ အသက်မသေဘဲ ကျန်ရစ်ခဲ့သူများ၏ ဒေါသနှင့် ပရိဒေဝများ သည်လည်းကောင်း နောက်ဆုံးတစ်နေ့ သတ်သူအတွက် အတုံ့အလှည့်ဖြစ်လာမည်မှာ မလွဲပေ။ ပြည်သူလူထုကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ပြီး ယင်းနည်းဖြင့် တစ်ကမ္ဘာလုံး မိမိလက်အောက်ခံ ဖြစ်လာပြီးသည့်နောက်၌ ယင်းအာဃာတ၊ ဒေါသ၊ ပရိဒေဝများသည်သာလျှင် ကျန်နေပေလိမ့်မည်ဟူ၍ အသောက သဘောပေါက်လာသည်။ ယင်းနည်းလမ်းဖြင့် တစ်ကမ္ဘာလုံးအား အနိုင်ရရှိခြင်းသည် မိမိအတွက် အကောင်းဖြစ်မည်လော၊ အဆိုးဖြစ်မည်လော ဟူ၍ ဘုရင်အသောကသည် မိမိကိုယ်ကို မေးခွန်းထုတ်ကြည့်နေမိသည်။

ထိုအချိန်အတွင်း ရဟန်းတော်တစ်ပါး ကြွလာပြီး အသောကမင်း တရားကြီးအား ဆုံးမစကား ပြောကြားသည်။ အရှင်မင်းကြီး၏ မူဝါဒများကို ပြင်ပါ။ အကယ်၍ အရှင်မင်းကြီး ကမ္ဘာကို စိုးမိုးအုပ်ချုပ်လိုလျှင် ကမ္ဘာပေါ်ရှိ လူသားများကို သတ်ပစ်မည့်အစား အသက်ရှင်နေခွင့် ပေးရလိမ့်မည်။ ကမ္ဘာပေါ်ရှိ လူသားများကို အသင်မင်းကြီး မည်သို့မည်ပုံ အသက်ရှင်အောင် လုပ်မည်နည်း။ သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း ပါဏာတိပါတကံကို မကျူးလွန်ပါနှင့်။ ဗုဒ္ဓ ညွှန်ကြားဟောပြထားသော ယင်းသီလကို ကျင့်သုံးဆောက်

www.burmeseclassic.com



တည်ရမည်။ ဗုဒ္ဓဟောကြားထားတော်မူသော တရားတော်ကို ကျင့်သုံးလိုက်နာပြီး နောင်အနာဂတ်ကာလတွင် သူတစ်ပါး အသက်သတ်ဖြတ်ခြင်း မပြုလုပ်ပါနှင့်တော့။

အသောကမင်းတရားကြီးသည် ဗုဒ္ဓ၏ တရားဒေသနာ တော်ကို လိုက်နာကျင့်သုံးသော ဗုဒ္ဓဘာသာဝင် သူတော်စင် တစ်ယောက် ဖြစ်လာသည်။ မိမိ၏နိုင်ငံ၌ လူအချင်းချင်း သတ်ဖြတ်မှုဝေးစွ တိရစ္ဆာန်များကိုပင် မသတ်ဖြတ်ရန် ပိတ်ပင် တားမြစ်ထားလိုက်သည်။ သူတစ်ပါးအသက်ကို မသတ်ရ ဟူသော ဘုရင်မင်းကြီး၏ အာဏာစက်သည် ကျေးငှက် တိရစ္ဆာန်များနှင့်ပင် ပတ်သက်သွားသည်။

ဘုရင်အသောကခေတ်မတိုင်ခင် ၁ ရာစုအလွန်လောက် က ဂရိနိုင်ငံတွင် လူယဉ်ကျေးမှု ထွန်းကားနေသည်။ ထိုအချိန် က စစ်ဘုရင် အလက်ဇန္ဒား (၃၅၆-၃၂၃ ဘီ-စီ) ပေါ်ပေါက် လာသည်။ အလက်ဇန္ဒားလည်း ကမ္ဘာတစ်ခုလုံးကို စိုးမိုးလို သော ရည်မှန်းချက်ရှိသူဖြစ်၍ အာဖရိကတိုက်နိုင်ငံများမှ အရှေ့အလယ်ပိုင်းဒေသများအထိ ဒေသများကို အနိုင်ရရှိ အောင် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ သူ၏အင်ပိုင်ယာအကျယ် အဝန်းသည် အိန္ဒိယအထိ ရောက်ရှိလာသည်။

အသောကဘုရင်မင်းတရားကြီးသည် အလက်ဇန္ဒား၏ စစ်တပ်အကျန်အကြွင်းများနှင့် ရင်ဆိုင်ရမည့် အခြေအနေ ရောက်ရှိလာသည်။ ဘုရင်မင်းကြီးသည် ငြိမ်းချမ်းရေးတမန်



တော်အဖြစ် ရဟန်းတော်တစ်ပါးကို လွှတ်လိုက်သည်။ ရဟန်းတော်သည် "ဖူစေရှော-ကိုင်း" တရားတော်ကို ဂရိများ အား ဟောကြားသည်။ အလက်ဇန္ဒားစစ်တပ်သည် ပြန်ဆုတ် သွားသည်။ တစ်ကမ္ဘာလုံး စစ်မီးငြိမ်းသွားသည်။ စစ်ပြေငြိမ်း သွားသူ ဂရိဘုရင် အလက်ဇန္ဒားအကြောင်းကို အသောက ဘုရင်မင်းတရားကြီးသည် ကျောက်စာတိုင်တစ်ခုတွင် ရေး ထိုး မှတ်တမ်းတင်ထားသည်။ ယင်းသို့အားဖြင့် လူသား အနေနှင့် သူတစ်ပါးအသက်ကိုမသတ်ဘဲ ဗုဒ္ဓညွှန်ကြားတော် မူသည့် ပါဏာတိပါတာ ရှောင်ကြဉ်မှုပြုလုပ်နိုင်လိုက် သောအခါ ငြိမ်းချမ်းရေးအစစ်အမှန် ပေါ်ပေါက်လာသည်။

ဗုဒ္ဓ၏ ယင်းတရားတော်သည် ယခုအခါ၌ ကမ္ဘာ တစ်ဝန်းလုံး ကျင့်သုံးလိုက်နာသင့်သည့် တရားတော်ဖြစ် သည်။ ယင်းကဲ့သို့ ကျင့်သုံး လိုက်နာခြင်း၌ အခက်အခဲ တွေ့စရာအကြောင်း မရှိပေ။ အကယ်၍ လူသားအနေနှင့် ဆက်လက်ရပ်တည်နေနိုင်ရန်အတွက် မျှော်လင့်ချက်ထား သည်ဆိုလျှင် ကျွန်ုပ်တို့သည် သူတစ်ပါးအသက်ကို သတ် ဖြတ်ခြင်းမပြုဘဲ ဗုဒ္ဓ၏ တရားဒေသနာတော်အတိုင်း လိုက်နာ ကျင့်သုံးသင့်သည်။ ယင်းသို့ပြုလုပ်လျှင် ကမ္ဘာကြီး ငြိမ်းချမ်း သာယာလာလိမ့်မည်။ သို့ရာတွင် ဗုဒ္ဓ၏ တရားဒေသနာတော် သည် အလွန်တရာ သိမ်မွေ့နက်နဲသည်။ ယခုခေတ်အထိ တည်မြဲလာခဲ့သော ဗုဒ္ဓ၏ တရားဒေသနာတော်မှန်သမျှသည်

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာလောကကြီးကို တစ်နည်းမဟုတ်တစ်နည်း အကျိုးပြုသည့် တရားဒေသနာတော်များ ဖြစ်သည်။ သို့ရာတွင် ယခုခေတ် ကမ္ဘာကြီး၏ ရောဂါဝေဒနာသည် နောက်ဆုံးအဆင့်ရောက်နေပြီ။ ရောဂါကျွမ်းနေပြီ။ ယင်းရောဂါကို ကုစားရန်အတွက် တစ်နာရီ တစ်ဗီဇနာမျှ အချည်းနှီး အလဟဿဖြစ်မသွားစေသင့်ပေ။ ယင်းကဲ့သို့ သေရေးရှင်ရေး အရေးကြီးနေသော ယခုလိုအချိန်ကာလမျိုးအတွက် ရောဂါဝေဒနာကိုကုစားရန် ဗုဒ္ဓသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ကျော်က ရာဇဂြိုဟ်တွင် ဆေးတစ်လက်ထားခဲ့သည်။

'ဤအကျိုးအာနိသင် ထက်မြက်သောဆေးကို ငါထားခဲ့မည်။

ဤဆေးကို မှီဝဲကြလော့၊ ဤဆေးသည် ရောဂါဝေဒနာပျောက်ကင်းသွားအောင် လုပ်လိမ့်မည်မဟုတ်ဟူ၍ သင်တို့မစိုးရိမ်ကြနှင့်'

နီချီရင်း-ရှောနင်း-ဆမသည် 'ဟော-ကျော' (သဒ္ဓမ္မပုဏ္ဍရိက)၌ပါသော ယင်းစကားဝါကျကို လေ့လာလျက်ယင်းတန်ခိုးအာနိသင်ထက်သော ဆေးတည်းဟူသော တရားဒေသနာတော်ကို လူတိုင်း လိုက်နာနိုင်သည့် နည်းလမ်းကိုတွေးခေါ်ကြံဆကြည့်သည်။ ယင်းဆေးသည် တစ်ခုတည်းသော အသက်ကယ်ဆေး ဖြစ်သည်။ ဆေး၏တန်ခိုးအာနိသင်သည် 'နံ-မု-မျော-ဟော-ရင်-ဂေ-ကျော'ဟူသော



စကားလုံးနှင့် ချည်နှောင်ရစ်ပတ်ထားသည်။ ယခုအခါ၌လူသားတို့၏ ရောဂါဝေဒနာသည် ကျွမ်းနေပြီ။ ယခုခေတ်ကမ္ဘာလောကကြီး ရောဂါဝေဒနာ ပျောက်ကင်းသွားမည့်နည်းလမ်းသည် 'နံ-မု-မျော-ဟော-ရင်-ဂေ- ကျော'ကိုမိမိကိုယ်တိုင် ရွတ်ဆိုပြီး သူတစ်ပါးတို့အား နာကြားစေခြင်းဖြစ်သည်။ ကမ္ဘာကြီးအား ဒုက္ခကင်းဝေးအောင် လုပ်မည်။ အရှေ့တိုင်း ယဉ်ကျေးမှုသည် ကမ္ဘာကြီးအား 'နံ-မု-မျော-ဟော-ရင်-ဂေ- ကျော'ကို ရွတ်ပြခြင်းဖြစ်သည်။

ကမ္ဘာ့ခေါင်းဆောင်ကြီးများအနေနှင့် သူတစ်ပါးအသက်ကို သတ်ဖြတ်ပြီး မိမိ လုံခြုံမှုကိုရှာသော လွဲမှားသည့်အယူအဆကို မစွန့်ပစ်မချင်း မိမိကိုယ်ကို စွန့်လွှတ်ခြင်းအားဖြင့်သူတစ်ပါးတို့၏ ချမ်းသာမှုကို မပြုလုပ်မချင်း အနာဂတ်ကာလ၌ လူသားတို့ ရပ်တည်နေနိုင်ဖို့ မလွယ်ချေ။

ယင်းညွှန်ကြားချက်သည် 'ဗုပေါ'ဖြစ်သည်။ ဗုဒ္ဓ၏ဓမ္မဖြစ်သည်။ ဂျပန်နိုင်ငံ၏ ဗုဒ္ဓဘာသာဖြစ်သည်။ ဂျပန်နိုင်ငံမှတစ်ပါး အခြား မည်သည့်နိုင်ငံများမှ အနောက်တိုင်းယဉ်ကျေးမှုကို ခေါ်ဆောင်သွားသည့် အယူအဆကို လက်ကိုင်ထားသော ဘာသာတရားမျိုး မရှိပေ။ မကြာသေးသောအချိန်ကာလက 'ဘာသာတရား'ဟူသော ဝေါဟာရကိုကိုယ်ရေးကိုယ်တာ နှစ်သိမ့်ဖျော်ဖြေမှု ကိစ္စတစ်ရပ်အဖြစ်ဘာသာပြန်နေကြသည်။ လူတော်တော်များများကလည်း

www.burmeseclassic.com



ယင်းအချက်ကို လက်ခံနေကြပုံရသည်။ သို့ရာတွင် ဘာသာတရားမရှိလျှင် လူသားမျိုးပြုတ်သွားနိုင်သည်ဆိုသော အချက်မှာမူ လူသားတို့၏ ရှေ့မှောက်၌ ဘူးပေါ်သလို ပေါ်နေသည်။

(February 15, Kudon DoJo, Tokyo)

[Nichi datsa Fujii ၏

"Buddhism for World Peace" မှ]

## နိုင်ငံတကာ ဟိန္ဒူဘာသာ-ဗုဒ္ဓဘာသာ အလုပ်ရုံဆွေးနွေးပွဲ

ကမ္ဘာ့ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော နိုင်ငံတကာ ဟိန္ဒူဘာသာ-ဗုဒ္ဓဘာသာ အလုပ်ရုံဆွေးနွေးပွဲကြီးကို ၁၉-၃-၉၄ နေ့က စတင်ပြီး သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲကြီး ကျင်းပပြုလုပ်သောနေရာမှာ ဆာရနတ် (မိဂဒါဝုန်)ရှိ 'တိဗက်'အဆင့်မြင့် ပညာသင်ကြားရေးဗဟိုဌာန (Central Institute of Tibetan Higher Studies)၌ ဖြစ်သည်။

၁၉ ရက်၊ နံနက်အချိန်၌ပင် ကျွန်တော်နှင့် ရာမပရကာရှ်တို့ မြန်မာကျောင်းတိုက်မှ ထိုင်းကျောင်းတိုက် ပြောင်းရွှေ့သွားကြသည်။ ဆွေးနွေးပွဲ ကမကထ ပြုလုပ်သူများက ကျွန်တော်တို့ကို ထိုင်းကျောင်းတိုက်၌ နေရာချပေးသည်။ ထိုင်းကျောင်းတိုက်ကို အုပ်ချုပ်သူမှာ ထိုင်းဘုန်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ ဘီက္ခုသာသနာ ရသို့ဘွဲ့အမည်ရှိ အိန္ဒိယအမျိုးသား ဘုန်းတော်ကြီးဖြစ်သည်။ မြန်မာနိုင်ငံသို့လည်း ရောက်ဖူးသည်။

ကျွန်တော်တို့ကို ပျူပျူငှာငှာ ဧည့်ခံကြိုဆိုသည်။ သူ့ကို လူတစ်ယောက် လှူသွားသော ငါးသုံးလုံး စီးကရက်ဘူးပင် ကျွန်တော့်ကို ပေးသည်။ ဘုန်းကြီးကျောင်းဆိုသော်လည်း ထိုကျောင်း တိုက်တာအဆောက်အအုံများနှင့် နေစရာများမှာ အဆင့်အတန်းမြင့်သည်။

တခြားကိုယ်စားလှယ်အချို့လည်း ထိုကျောင်းတိုက်၌ နေရာရကြသည်။ ကျွန်တော်တို့ နှစ်ယောက်ကို ရေချိုးခန်းနှင့်တွဲထားသော နှစ်ယောက်ခန်း သီးသန့်ပေးသည်။ နေရထိုင်ရသည်မှာ အဆင်ပြေသည်။

**အလုပ်ရုံဆွေးနွေးပွဲကြီး၏ ရည်ရွယ်ချက်မှာ**

- ဗုဒ္ဓအဘိဓမ္မာနှင့် ဗုဒ္ဓဒေသနာတော်၏ အရင်းအမြစ်ကို သုတေသနပြုရန်နှင့် မဇ္ဈိမဒေသတွင် သန္တနမဓမ္မဟု ခေါ်ဆိုထားသည့် တရားဓမ္မနှင့် ဟိန္ဒူဘာသာ ဆက်သွယ်မှုကို လေ့လာရန်၊
- ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာအကြားတွင်ရှိသော ကွာဟနေမှုကို ရင်ကြားစေ့ရန်အတွက် ဘာသာနှစ်ရပ်၏ ကြားထဲက တူညီသော အခြေခံကို ရှာထုတ်ရန်၊



- အရှေ့တိုင်းသူ တိုင်းသားများ၏ အချင်းချင်း စိတ်ပိုင်းဆိုင်ရာဆက်သွယ်မှုကို ယင်းတို့၏ တောက်ပြောင်သော အမွေအနှစ်၊ အခြေခံအရ တိုးတက်မှုရှိလာဖို့အတွက် နည်းလမ်းရှာရန် စသည်တို့ဖြစ်သည်။

၁၉ ရက်နေ့ နေ့လယ်ပိုင်းတွင် အစည်းအဝေးကို စတင်ကျင်းပသည်။

တိဗက်တက္ကသိုလ်ကျောင်းတိုက်ကြီး၏ ခန်းမကြီးထဲတွင် အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပပြုလုပ်သည်။ ခန်းမကြီး၏ စင်မြင့်ပေါ်တွင် ထိုနေ့အခမ်းအနား၌ မိန့်ခွန်းပြောမည့် ပုဂ္ဂိုလ်များ ရောက်ရှိလာကြသည်။ စင်မြင့်၏နောက်ခံမှာ အသောက၏ ဓမ္မစကြာတစ်ဝက် ပုံသဏ္ဍာန်ဖြစ်သည်။

စကြာ၏ နောက်ဘက်တွင် လျှပ်စစ်မီးထွန်းထားသည်ဖြစ်၍ စကြာသည် အနီရောင် ထွက်နေသည်။ စင်မြင့်ပေါ်၌ ကုလားထိုင်ချမထားပေ။ အိန္ဒိယနိုင်ငံ ရှေးရှေးဓလေ့ထုံးစံအတိုင်း ဖုံအခင်းထူထူ နေရာအပြည့်ခင်းထားသည်။ ဖုံအခင်းပေါ်၌ မှီအုံးများ ချပေးထားသည်။ ဖုံအခင်းများ၏ ရှေ့၌ 'မိုက်'ခွက် ချပေးထားသည်။

ဆွေးနွေးပွဲကြီးမစခင် အဖွင့်အနေဖြင့် ဆာရီဝတ်ထားသော ဂျပန်မလေးနှစ်ယောက် တစ်ယောက်က အော်ဂင်တီးပြီး တစ်ယောက်က 'နမောတဿ ဘဂဝတော သမ္မာသမ္ဗုဒ္ဓဿ' နှင့် 'ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ

www.burmeseclassic.com



ဂစ္ဆာမိ'ကို စည်းကိုက်ဝါးကိုက် သီဆိုသည်။ ဂျပန်ဂီတသံ သွင်း၍ သီဆိုတီးမှုတ်သည်မှာ သာယာငြိမ့်ညောင်းလှသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကြီးနှင့် ပတ်သက်၍ မိတ်ဆက် စကားပြောသူမှာ ဆွေးနွေးပွဲကြီးကို ဦးစီးဦးဆောင် ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဖောင်ဒေးရှင်း ဥက္ကဋ္ဌ-ဒေါက်တာဘူပိန္ဒရာ ကုမာမိုဒီ ဖြစ်သည်။ ဒေါက်တာ မိုဒီသည် အိန္ဒိယနိုင်ငံ လုပ်ငန်းရှင်ကြီးများ အနက် နံပါတ် ၅ တွင်ရှိသည်ဟု ပြောကြသည်။

ဒေါက်တာမိုဒီနောက်တွင် အဖွင့်မိန့်ခွန်းပြောသူမှာ ကွယ်လွန်သူ ဂျပန်ဧကရာဇ်၏ ညီအစ်ကို ဝမ်းကွဲတော်သူ နီဟွန်ဂျိကျောင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ အိပ်ချ်အိပ်ချ် နီရိုဟိုကိုမာ ရှင်နိုမိုတို ဖြစ်သည်။

ထိုပုဂ္ဂိုလ်သည် မြန်မာနိုင်ငံသို့လည်း လာသွားသည်။ ထိုအလုပ်ရုံ ဆွေးနွေးပွဲကြီးတွင် ဩဇာအလွှမ်းဆုံးနိုင်ငံမှာ ဂျပန်နိုင်ငံ ဖြစ်သည်။ ခန်းမကြီးထဲတွင် ဂျပန်ကိုယ်စားလှယ် ၂၀ ကျော်လောက်က နေရာယူထားကြသည်။ အိမ်ရှင်နိုင်ငံ၏ ဦးစားအပေးအခံရဆုံးနိုင်ငံမှာလည်း ဂျပန်နိုင်ငံ ဖြစ်သည်။ အဝတ်အစား တောက်တောက်ပြောင်ပြောင် ဝတ်ထားသော ဂျပန်ကိုယ်စားလှယ်များကို ဆွေးနွေးပွဲကျင်းပသည့် တိဗက် တက္ကသိုလ် ကျောင်းဝင်းအတွင်း နေရာအနှံ့အပြား တွေ့ရ သည်။



သို့သော်လည်း ဂျပန်ကိုယ်စားလှယ်များသည် ပထမ နေ့၌သာ အလုံးအရင်းနှင့် တက်လာကြပြီး နောက်ပိုင်း ၂ ရက်၌ကား တစ်ယောက်စ နှစ်ယောက်စလောက်သာ တက် ရောက်လာသည်ကို တွေ့ရသည်။

အဖွင့်မိန့်ခွန်းပြောပြီးနောက် ဆွေးနွေးပွဲ ခေတ္တနားသည်။ တကယ့် ဆွေးနွေးပွဲစသည်မှာ ထိုနေ့က ၄း၃၀ မှ ၇း၃၀ အထိဖြစ်သည်။ ထိုနေ့ ဆွေးနွေးသောအကြောင်းအရာမှာ 'ကမ္မနှင့် ပုနဇ္ဇနမ'ဖြစ်သည်။ ပထမဦးဆုံး စာတမ်းတင်သူမှာ လည်း ဂျပန်ဘုန်းကြီး ဖြစ်သည်။ ဒီ-အက်စ်-ခုချိုခ အမည်ရှိ ထိုဂျပန်ဘုန်းကြီးသည် ဂျပန်နီဟွန်ဂျိကျောင်း ညွှန်ကြားရေးမှူး ချုပ်လည်း ဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓစာပေပညာရှင်လည်း ဖြစ်သည်။ အိန္ဒိယပညာရှင် (၆)ဦးတို့က ပါဝင်ဆွေးနွေးကြ သည်။

၂၀ ရက်နေ့ နံနက်ပိုင်း ဆွေးနွေးသော အကြောင်းအရာ မှာ 'အတ္တမနှင့် စေတနာ'ဖြစ်သည်။ ပထမစာတမ်း တင်ပြ ဆွေးနွေးသူမှာ 'ရှရီ ရှရီ ရဗိ ရှန်ကာ'အမည်ရှိ ဟိန္ဒူဘုန်းကြီး ဖြစ်သည်။ ဒုတိယ စာတမ်းတင်ပြဆွေးနွေးသူမှာ ရင်နိုဟိုရိုအို အမည်ရှိ ဂျပန်ဘုန်းကြီး ဖြစ်သည်။ ထိုဂျပန်ဘုန်းကြီးသည် ဂျပန် အိန္ဒိယ ယဉ်ကျေးမှုဖလှယ်ရေး အသင်း(တိုက်ကျို)၏ ဥက္ကဋ္ဌ၊ နီချိရင်းဂိုဏ်း ဗုဒ္ဓဘာသာအုပ်စု 'ဒိုက်ဆွန်းဇိုင်'၏ ဥက္ကဋ္ဌဖြစ်သည်။ ထိုဂျပန်ဘုန်းကြီးသည် ဆွေးနွေးပွဲကြီးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



လုံး၌ လူထူးလူဆန်းကြီး ဖြစ်နေသည်။ ရိုးရိုးလူသုံးယောက်စာလောက်ဝသော ပုဂ္ဂိုလ်ကြီး ဖြစ်နေသည်။ ထိုစည်းဝေးသဘင်၌ အိန္ဒိယပညာရှင်သုံးဦး ပါဝင်ဆွေးနွေးကြသည်။

နေ့လယ်ပိုင်း ဆွေးနွေးပွဲ၏ အကြောင်းအရာမှာ 'မောက္ခနှင့် နိဗ္ဗာန်'ဖြစ်သည်။ ပထမစာတမ်းတင်သူမှာ နိုဂယူမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီး ဒေါက်တာ မေခေါ်ရဖြစ်သည်။ ဒေါက်တာ မေခေါ်ရသည် ဗုဒ္ဓစာပေကျမ်းစာအုပ်များကို ရေးသားပြုစုသည်။ ဘိက္ခုအာနန္ဒကောသလ္လာယန၏ တပည့်လည်း ဖြစ်သည်။ ဒုတိယဦးဆောင်ဆွေးနွေးသူမှာ ဆွာမိကျင်နမနယဆရဆွတီ အမည်ရှိ ဟိန္ဒူဘုန်းတော်ကြီး ဖြစ်သည်။ အိန္ဒိယပညာရှင်လေးဦး ပါဝင်ဆွေးနွေးကြသည်။

ညနေပိုင်း ဆွေးနွေးပွဲ၏ အကြောင်းအရာမှာ 'ပရဗြဟ္မနှင့်သုညတာ'ဖြစ်သည်။ ဆွေးနွေးသော ပုဂ္ဂိုလ်မှာ ဆွာမိနန္ဒဆရဆွတီအမည်ရှိ ဟိန္ဒူဘုန်းကြီးဖြစ်ပြီး အိန္ဒိယပညာရှင်သုံးဦးတို့က ပါဝင်ဆွေးနွေးကြသည်။

၂၁ ရက်နေ့ နံနက်ပိုင်း ဆွေးနွေးပွဲ၏ အကြောင်းအရာမှာ 'ယုဂဝတာရနှင့် ဘဂဝန်ဗုဒ္ဓ'ဖြစ်သည်။ နံပါတ် ၁ ဆွေးနွေးသူမှာ ဂျဂတ်ဂုရု ရှန်ကရကျာရယ အမည်ရှိ ဟိန္ဒူဘုန်းကြီးဖြစ်သည်။ နံပါတ် ၂ ဆွေးနွေးသူမှာ ဂယာန်ဂျဂတ်အမည်ရှိ အိန္ဒိယလူမျိုး ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးဖြစ်သည်။ အိန္ဒိယပညာရှင်သုံးဦး ပါဝင်ဆွေးနွေးကြသည်။



၂၀ ရက်နေ့ နံနက်ပိုင်း ဆွေးနွေးပွဲ၌ နံပါတ် ၂ ဆွေးနွေးသော ဂျပန်ဘုန်းကြီး ထူးခြားမှုရှိသလို ၂၁ ရက်နေ့ နံနက်ပိုင်း ဆွေးနွေးပွဲတွင် နံပါတ် ၁ ဆွေးနွေးသူ ဟိန္ဒူဆာဒူးလည်း ထူးခြားမှုရှိသည်။ နဖူးတွင် အဖြူစင်း သုံးစင်းတန်းထားသည်။ အဖြူကြောင်း၏ အလယ်တွင် အနီစက်ကြီးရှိသည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ဖြိုးဖြိုးဖြက်ဖြက် ဖြစ်နေသည်။ လည်ပင်းတွင် ပုတီးနှစ်လုံး ဆွဲထားသည်။ ကြက်သွေးရောင်ဝတ်ရုံသင်္ကန်းကို ဝတ်ရုံထားသည်။ စကားမပြောခင် သူ့တပည့်များက ဂါထာမန္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

သူ စကားပြောနေစဉ် သူ့တပည့် လူဝတ်ကြောင်အဘိုးကြီးတစ်ယောက်နှင့် တပည့် ဆာဒူးငယ်နှစ်ပါးတို့က သူ့နောက်က ရပ်နေကြသည်။ စကားကိုမူ အင်္ဂလိပ်လို ပြောသည်။

ဘာသာတရားနှစ်ခု၏ ညီညွတ်စည်းလုံးမှုကို ရှာမှီးသော ထိုဆွေးနွေးပွဲ၌ ထိုကဲ့သို့ မိမိဘာသာတရားအဖွဲ့၏ အသွင်လက္ခဏာကို အပြည့်အဝ ဆောင်ကြဉ်းလာသည်မှာ အံ့ဩဖွယ်ပင် ဖြစ်သည်။

ထိုနေ့ နေ့လယ်တွင် ဒေါက်တာမိုဒီ၏ နိဂုံးချုပ်စကားဖြင့် ဆွေးနွေးပွဲကြီးကို ရပ်သိမ်းလိုက်သည်။ ထိုဆွေးနွေးပွဲကြီး အောင်မြင်မှု ရရှိသလော။ သူ့အတိုင်းအတာနှင့်သူ အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



မှု ရရှိသလောက်တော့ ရှိလိမ့်မည်။ သို့သော်လည်း အပြည့်အဝ အောင်မြင်မှု ရရှိပါ၏လော။ ယင်းမေးခွန်းမှာမူ ဆွေးနွေးပွဲကြီး ပြီးဆုံးသွားသည်အထိ မပြေမလည် လိပ်ခဲတည်းလည်း ကျန်ရှိနေခဲ့သည့် မေးခွန်းဖြစ်သည်။

ဒေါက်တာ မိုးဒီသည် စီးပွားရေးပုဂ္ဂိုလ် ဖြစ်သည်။ နိုင်ငံရေး နောက်ခံလည်း ရှိသည်။ ထို့ကြောင့် ယခုဆွေးနွေးပွဲကြီးမှာ စီးပွားရေးနှင့် နိုင်ငံရေးနောက်ခံမကင်းဟူ၍ စွပ်စွဲကြပြီးလျှင် တချို့က အားမပေးကြပေ။ သတင်းစာတချို့ကပင် ဆွေးနွေးပွဲကြီးကို ဝေဖန်ထိုးနှက်ကြသည်။ ဆွေးနွေးပွဲ၏ ညှိခံကော်မတီတွင် ပါသော မိဂဒါဝုန် မဟာဗောဓိအသင်း အကြီးအကဲ ဒေါက်တာထေရောသည် ဆွေးနွေးပွဲ သုံးရက်လုံးလုံး တက်ရောက်လာသည်ကို မတွေ့ရပေ။ ညှိခံကော်မတီ၌ပင် ပါဝင်သော အိမ်ရှင် တိဗက်တက္ကသိုလ် ပါမောက္ခ အက်စ်ရင်းပိုချီသည် ဆွေးနွေးပွဲ ကျင်းပချိန် ရက်များ၌ တိဗက်ကျောင်း၌ ရှိမနေပေ။

ဆွေးနွေးပွဲ နောက်ဆုံးနေ့ အပြီးသတ်ချိန်၌ ကျွန်တော် မိတ်ဆက်စကားပြောရန် အစီအစဉ်လုပ်ထားသည်။ အကယ်၍ ပြောဖြစ်မည်ဆိုလျှင် ပြောမည်ဟု ရည်ရွယ်ထားသော အကြောင်းအရာလည်း ရှိနေသည်။ ယခု ဆွေးနွေးပွဲသည် ဘာသာတရားနှစ်ခု ရင်ကြားစေ့ရန် ကျင်းပပြုလုပ်သော ဆွေးနွေးပွဲဖြစ်သည်။ ရည်ရွယ်ချက်မှာ အလွန်မွန်မြတ်သည်။



သို့သော်လည်း ရင်ကြားစေ့သွားသည့် အရိပ်လက္ခဏာ ပေါ်လာသည်ကို မတွေ့ရပေ။ အကြောင်းမှာ ဆွေးနွေးပွဲ၌တင်သော စာတမ်းများ၊ ဟောပြောချက်များသည် ဘာသာတရားနှစ်ခု၏ 'ဒဿန'များသာ ဖြစ်သည်။ ဒဿနကို အခြေခံလျှင် ဘာသာတရားနှစ်ခု ရင်ကြားစေ့နိုင်ဖို့ လမ်းကြည့်မမြင်။

ဘာသာတရားတိုင်းသည် မိမိတို့၏ဒဿနအား ဝေဖန်လာသည်ကို လက်ခံလိုစိတ်မရှိပေ။ ဤဆွေးနွေးပွဲ၌ ဗုဒ္ဓသည် နဝမအဝတာရ ဖြစ်သည်ဟူသော ဟိန္ဒူအယူအဆကို ရှေ့တန်းတင်လာကြသည်။ ယင်းအယူအဆကို ဗုဒ္ဓဘာသာဝင်များက လုံးဝလက်ခံလိမ့်မည် မဟုတ်ပေ။

ဘာသာတရားနှစ်ခု ရင်ကြားစေ့နိုင်ဖို့ နည်းလမ်းတစ်လမ်းသာ ရှိသည်။ တူညီသော အခြေခံကို ရှာရမည်။ 'ကွန်မောင်း ပလက်ဖောင်း'ကို ရှာရမည်။ တူညီသော အခြေခံမှာ၊ 'ကွန်မောင်းပလက်ဖောင်း'မှာ လူတို့အား ဒုက္ခကင်းဝေးစေပြီး ကမ္ဘာလောကကြီး ငြိမ်းအေးမှုရရှိရေးဖြစ်သည်။ ယင်းအခြေခံသည် ဘာသာတရားတိုင်း၌ရှိသည့် အခြေခံ ဖြစ်သည်။

ယင်းအခြေခံပေါ်တွင် ရပ်တည်လျက် ဘာသာတရား တစ်ခုနှင့်တစ်ခု ရင်ကြားစေ့အောင်၊ ညီညွတ်မှုရှိအောင် ကြိုးစားအားထုတ်သင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ ထို့ကြောင့် ပုဂ္ဂလိကကျောင်းများ၌သာ ဘာသာရေးတစ်ခုခုနှင့် ပတ်သက်သော ပညာရေးစနစ်ကို တွေ့မြင်သိရှိရခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရ တက္ကသိုလ်များနှင့် ကောလိပ်များ၌မူ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်မှု ဘာသာတရားတစ်ခုအနေနှင့်မဟုတ်ဘဲ အကက်ဒမစ် လေ့လာမှုဘာသာရပ်အနေနှင့်သာ သင်ကြားပို့ချပေးကြသည်။

ဂျပန်ပြည်ရှိ ဗုဒ္ဓဘာသာဂိုဏ်းဂဏ အသီးသီးတို့က ဖွင့်လှစ်တည်ထောင်ထားကြသော ဗုဒ္ဓတက္ကသိုလ်များကို ကျိုတိုနှင့် တိုကျိုမြို့များတွင် အများအားဖြင့် တွေ့မြင်ရသည်။ ယင်းတက္ကသိုလ်များသည် ၁၉ ရာစုနှင့် ၂၀ ရာစု ဂျပန်ပညာရေးနှင့် ယဉ်ကျေးမှုသမိုင်း၏ ယေဘုယျ အစဉ်အလာအားလျော်စွာ တိုးတက်ထွန်းကားလာကြခြင်း ဖြစ်သည်။ တိုင်းပြည်အနေဖြင့် အနောက်တိုင်းယဉ်ကျေးမှု၊ သိပ္ပံပညာ၊ နည်းပညာများ ဩဇာလွှမ်းမိုးမှုအတွက် တံခါးဖွင့်ထားချိန်ဖြစ်သော မေဂျီခေတ်အတွင်း ဂျပန်သည် ဥရောပပုံစံအတိုင်း ခေတ်မီပညာရေးစနစ်ကို တည်ဆောက်ရန် အလျှင်အမြန် ကြိုးစားအားထုတ်ခဲ့သည်။ ဂျပန်ပြည်၌ ဂျာမန် တက္ကသိုလ်ပုံစံနှစ်ခုကို ရောကျိုပြီး နိုင်ငံတော်တက္ကသိုလ်များတွင် ပုံဖော်ဖို့ ကြိုးစားအားထုတ်ကြသည်။ ယင်းကြိုးစားအားထုတ်မှုများ၌ ရှေးဟောင်း ဗုဒ္ဓဘာသာကျောင်းတိုက်များလည်း တစ်တစ်တစ်အား ပါဝင်ကြသည်ကို တွေ့မြင်ရသည်။



အိုတာနီ ဒိုက်ဂကု (အိုတာနီတက္ကသိုလ်)သည် သာဓကတစ်ရပ် ဖြစ်သည်။ ဂျပန်ဘာသာဖြင့် ယူနီဗာစတီကို 'ဒိုက်ဂကု'ဟု ခေါ်သည်။ အိုတာနီ တက္ကသိုလ်သည် ဂျပန်ဗုဒ္ဓဘာသာ လောက၌ရှိသော အကြီးမားဆုံး ဗုဒ္ဓဘာသာ ပညာသင်ကြားရေး ဗဟိုဌာနတစ်ခု ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးမီးရှူးတန်ဆောင်ဖြစ်ခဲ့သော ဦးဥတ္တမသည် ဒုတိယကမ္ဘာစစ်မဖြစ်မီ စောစောပိုင်းက အိုတာနီတက္ကသိုလ်တွင် လအတန်ကြာ ပါဠိပါမောက္ခ လုပ်ခဲ့ဖူးသည်ဟု သိရသည်။

အိုတာနီတက္ကသိုလ် တည်ထောင်သည်မှာ နှစ်ပေါင်းသုံးရာကျော်လာခဲ့ပြီ။ ၁၆၅၅ ခုနှစ်၌ ကျိုတိုမြို့၌ရှိသော 'ရှင်'ဗုဒ္ဓဘာသာဂိုဏ်း၏ အဓိကကျောင်းတိုက်ကြီးများထဲက ကျောင်းတိုက်ကြီးတစ်တိုက်ဖြစ်သော ဟီဂရှိ ဟွန်ဂန်ဂျိသည် ဗုဒ္ဓတရားဒေသနာတော်ကို သင်ကြားပို့ချပေးရန်အတွက် ဗဟိုဌာနတစ်ခု တည်ထောင်ဖွင့်လှစ်ခဲ့သည်။

ဆယ့်ရှစ်ရာစုနှစ်၊ ဆယ့်ကိုးရာစုနှစ်အတွင်း၌ ယင်းဗဟိုဌာန၏ သင်ရိုးညွှန်းတမ်းကို အကြိမ်များစွာ ပြုပြင်ပြောင်းလဲခဲ့သည်။ အထူးအားဖြင့် ၁၈၅၆ ခုနှစ် ဥရောပနှင့် အမေရိကန်တက္ကသိုလ်များ၏ ဩဇာအရှိန်ဝါ ရောက်ရှိလာသောအခါ ၁၉၀၅ ခုနှစ်၌ အိုတာနီတက္ကသိုလ်၏ ဥက္ကဋ္ဌသစ် မန်ရှိကိုယိုဇာဝါသည် အိုတာနီတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းကို ထူးထူးခြားခြား ပြောင်းလဲပစ်လိုက်သည်။ မန်ရှိကိုယိုဇာဝါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြောခဲ့သည် ရည်ရွယ်ထားသော ကျွန်တော့် ယုံကြည်ချက်ကို မပြောလိုက်ရပေ။ ဆွေးနွေးပွဲပြီးခါနီး အစီအစဉ်တွေ ကျပ်နေသဖြင့် ကျွန်တော်နှင့်ပတ်သက်သော အစီအစဉ်ကို ဖျက်လိုက်ရသည်။ သို့သော်လည်း ကြိုဟ်တုကလွှင့်သော "စီး"တီဗွီက ကျွန်တော့်ကို အင်တာဗျူး လုပ်သည်။ အင်တာဗျူးတွင်မှ မိမိပြောလိုသည်ကို အကျဉ်းရုံး၍ ပြောပြလိုက်သည်။

❒

## ဂျပန်ဗုဒ္ဓတက္ကသိုလ်

ထိုအချိန်က ဂျပန်ဗုဒ္ဓဘာသာ ဂိုဏ်းကွဲအမျိုးမျိုးတို့သည် ကလေးသူငယ်များနှင့် လူငယ်လူရွယ်များကို ဗုဒ္ဓဘာသာ မူဝါဒများနှင့် ကိုက်ညီသော ပညာရေးစနစ်ဖြင့် သင်ကြားပို့ချပေးရန် မူလတန်းကျောင်း၊ အထက်တန်းကျောင်းများ၊ ကောလိပ်များကို တည်ထောင်ဖွင့်လှစ်ကြသည်။ ယင်း အထက်တန်းကျောင်းများ၊ ကောလိပ်ကျောင်းများ၌ ဗုဒ္ဓဘာသာ အခြေခံမူဝါဒများကို ပညာသင်ကြားရေး အခြေခံမူဝါဒများအဖြစ် သတ်မှတ်ထားကြသည်။

သို့ရာတွင် ၁၉၄၇ ခုနှစ်က အတည်ပြုခဲ့သော ယခုမျက်မှောက် ဂျပန်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူများအတွက် ဘာသာရေးလွတ်လပ်ခွင့် အာမခံချက်ပေးထားသောကြောင့် ပြည်သူ့ကျောင်းများ၌ ဘာသာရေးတစ်ခုခု၏ ယုံကြည်ချက်အရ ပညာရေးစနစ် သတ်မှတ်မထားဖို့ ပိတ်ပင်ထားမြစ်

www.burmeseclassic.com



သည် ဗုဒ္ဓဘာသာ၏ဘာသာရေးအစဉ်အလာနှင့်လည်းကောင်း၊ ဒဿနအစဉ်အလာနှင့်လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးထားသော ပုဂ္ဂိုလ်ဖြစ်ရုံသာမက ခေတ်မီအနောက်တိုင်း ပညာရေးစနစ်နှင့် သုတေသနလုပ်ငန်းများကိုလည်း ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ ဆယ့်ကိုးရာစုနှစ် ဒုတိယပိုင်း၌ ဂျပန်ပြည်ကို ဝါးမျိုဖို့ကြိုးစားသော နည်းနိဿရည်းများကို ဂျပန်ဗုဒ္ဓဘာသာလောကထဲ ဝင်ရောက်နေရာယူခွင့်မပေးဖို့ မန်ရှိကိယိုဇာဝါက နိုင်မာစွာဆုံးဖြတ်ချက်ချထားသည်။ ထို့ကြောင့် သူ၏ ဗုဒ္ဓဘာသာ သင်ကြားလေ့လာမှု ဗဟိုဌာနကို ခေတ်မီတက္ကသိုလ်တစ်ခုအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ သူ၏ ရည်ရွယ်ချက်မှာ များသောအားဖြင့် 'ရှင်'ဗုဒ္ဓဘာသာဂိုဏ်းဝင်စာသင်များအား အနောက်တိုင်း၏ ပညာပိုင်းဆိုင်ရာ အမြွေအနှစ်နှင့် အရှေ့တိုင်း၏ အစဉ်အလာကို သမအောင်ပြုလျက် ယင်းကျယ်ပြန့်သော အခြေခံပေါ်တွင် ရပ်ပြီးလျှင် 'ရှင်'ဗုဒ္ဓဘာသာ၏ တရားဓမ္မနှင့် အစဉ်အလာကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် သင်ပြပို့ချပေးရန် ဖြစ်သည်။

အိုတာနီတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းသည် နောက်ပိုင်း ဥက္ကဋ္ဌအဖြစ်တက်လာသော ဂေရှိဆာဆာကီ၏လက်ထက်တွင် ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာသည်။ 'ရှင်'ဗုဒ္ဓဘာသာဂိုဏ်းဂဏကိုသာ ကွက်ပြီးအာရုံမထားဘဲ သင်ရိုးညွှန်းတမ်းထဲတွင် အခြား ဗုဒ္ဓဘာသာဂိုဏ်းဂဏအသီးသီး၏



ဒဿနများနှင့် နည်းနိဿရည်းများကိုပါ ထည့်သွင်းထားသည်။

ဗုဒ္ဓဘာသာသည် ခေတ်မီကမ္ဘာ့ဒဿန တိုးတက်ကြီးထွားလာမှုအတွက် အရေးပါအရာရောက်သော အထောက်အပံ့ဖြစ်နိုင်သည်ဟူ၍ မန်ရှိကိယိုဇာဝါက ယုံယုံကြည်ကြည် မျှော်လင့်ထားသည်။

ယခုအခါ၌ အိုနီတာတက္ကသိုလ်တွင် မဟာဌာနခွဲ သုံးခုရှိသည်။ ပထမ မဟာဌာနမှာ ဘွန်းဂကု-ဘု (ဗုဒ္ဓဘာသာဌာန)ဖြစ်ပြီး ဒုတိယ မဟာဌာနမှာ ဒိုက်ဂကု-အင်(ဘွဲ့လွန်ဌာန)ဖြစ်သည်။ တတိယမဟာဌာန မှာမူ တန်ကိဒိုက်ဂကု-ဘု (အချိန်တို သင်တန်းဌာန)ဖြစ်သည်။ ဗုဒ္ဓဘာသာ မဟာဌာနခွဲ၌ ဌာနသုံးခုရှိသည်။ (၁) 'ရှင်'ဗုဒ္ဓဘာသာနှင့် အခြားဗုဒ္ဓဘာသာ ဂိုဏ်းကွဲများအကြောင်းကို သင်ကြားပို့ချသောဌာန၊ (၂) အနောက်တိုင်း ဒဿန၊ နီတိ၊ ဘာသာရေးသိပ္ပံ၊ ဆရာဖြစ်သင်၊ လူမှုရေးသိပ္ပံပညာ၊ (၃) သမိုင်းနှင့် စာပေပညာ မဟာဌာန-အဓိကအားဖြင့် ဂျပန်ဗုဒ္ဓဘာသာ၊ ဂျပန်စာပေ၊ အရှေ့တိုင်းပညာ (အရှေ့ဖျားသမိုင်း၊ တရုတ်သမိုင်း၊ ဗုဒ္ဓဘာသာသမိုင်း၊ တရုတ်ဆိုင်ရာပညာ၊ အိန္ဒိယဆိုင်ရာပညာ)၊ အနောက်တိုင်းစာပေ (အဓိကအားဖြင့် ဂျာမန်စာပေနှင့် အင်္ဂလိပ်စာပေ) ယင်းဘာသာရပ်များကို သင်ကြားပို့ချပေးသောဌာန။

www.burmeseclassic.com

www.burmeseclassic.com



ဒိုက်ဂကု-အင်သည် လေးမျိုးလေးစားသော ဘွဲ့လွန်သင်တန်းကို ပို့ချပေးသည်။ (၁) 'ရှင်'ဗုဒ္ဓဘာသာတရားနှင့် ပတ်သက်သော သင်ကြားလေ့လာခြင်း၊ (၂) အခြားဗုဒ္ဓဘာသာဂိုဏ်းဂဏများ၏ တရားကို လေ့လာသင်ကြားခြင်း၊ (၃) အနောက်တိုင်းဒဿနနှင့် ဗုဒ္ဓဒဿနကို နှိုင်းယှဉ်လေ့လာခြင်း၊- (၄) ဗုဒ္ဓဘာသာအနုပညာ၊ နိုင်ငံရေးနှင့် လူမှုရေးနီတိများအပါအဝင် ဗုဒ္ဓဘာသာယဉ်ကျေးမှုကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာခြင်းတို့ ဖြစ်သည်။

ရက်တိုသင်တန်းအတွက် သတ်မှတ်ထားသော မဟာဌာနခွဲ၏ ရည်ရွယ်ချက်မှာ ကျောင်းတိုက်များ၌ စီမံခန့်ခွဲရန်အတွက်လည်းကောင်း၊ သင်ကြားရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများအတွက်လည်းကောင်း၊ ရဟန်းငယ်များကို ဖန်တီးပေးရန် ဖြစ်သည်။

❐

## ဝတ္ထုသုံးပုဒ်

'ခုမောနော့အိတော'အမည်ရှိ ဂျပန်ဝတ္ထုတစ်ပုဒ်ရှိသည်။ 'ပင့်ကူချည်မျှင်'ဟူ၍ အနက်အဓိပ္ပာယ်ရသည်။ ဝတ္ထုရေးဆရာ၏ အမည်မှာ 'ယယုနောဆူကေ အကုတဂါဝါ'ဖြစ်သည်။

ဂျပန်ဘာသာ 'ခုမောနော့ အိတော'ဝတ္ထုကို ၁၉၅၇ ခုနှစ်က ဂျပန်ပြည်၌ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော "The Young East" မဂ္ဂဇင်းတွင် 'အိုဗိယိုဟိရာနို'က အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသည်။ ထို့နောက် ၁၉၆၂ ခုနှစ် တိုကျိုမှ ထုတ်ဝေသော "Buddhist Plays from Japanese Literature" စာအုပ်ထဲတွင်လည်း 'ခုမောနော့အိတော'၏ အင်္ဂလိပ်ဘာသာပြန် ထည့်သွင်းဖော်ပြထားသည်။

'ခုမောနော့အိတော'ဝတ္ထု၏ ဇာတ်လမ်းအကျဉ်းချုပ်မှာ ဤသို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါ၌ သကျမုနိဗုဒ္ဓသည် နတ်ပြည် ပဒုမ္မာကြာရေကန်ပေါင်ရိုးပေါ်၌ စင်္ကြံလျှောက်နေတော်မူ၏။ ရေကန်တွင်း၌ ပွင့်လန်းနေသော ပဒုမ္မာကြာပွင့်တို့သည် ပုလဲလုံးများပမာ ဆွတ်ဆွတ်ဖြူနေကြသည်။ ရွှေရောင်ဝတ်မှုန်ဝတ်ဆံများမှ သင်းပျံ့သောရနံ့များသည် ပတ်ဝန်းကျင်တစ်ခွင်တွင် ကြိုင်လှိုင်နေသည်။ အချိန်ကား နံနက်ခင်းဖြစ်သည်။ ဗုဒ္ဓသည် ရေပြင်ပေါ်ရှိ ကြာရွက်များကြားမှ အောက်ဘက်ငုံ့ကြည့်တော်မူလိုက်သည်။

နတ်ရေကန် အောက်တည့်တည့်၌ ငရဲပြည်ရှိသည်။ ငရဲကျနေသော ကဏ္ဍတနှင့် တခြားလူများကို လှမ်းမြင်တော်မူသည်။ ကဏ္ဍတသည် လူသတ်၊ အိမ်မီးရှို့ စသည့် ဒုစရိုက်များကို ကျူးလွန်ပြုလုပ်ခဲ့သည့် ဓားပြလူဆိုးကြီး ဖြစ်သည်။ သို့သော် ကဏ္ဍတ ပြုလုပ်ခဲ့သော ကောင်းမှုတစ်ခုရှိသည်။ တစ်နေ့ တောအုပ်ကြီးတစ်ခုအတွင်း ဖြတ်သွားစဉ် လမ်းပေါ်တွင် တွားသွားနေသော ပင့်ကူတစ်ကောင်ကိုတွေ့သည်။ ပင့်ကူကို နင်းမည်ပြုပြီးကာမှ ခြေထောက်မ,လျက် မနင်းတော့ဘဲ 'ဒီသတ္တဝါငယ် လေးမှာလည်း အသက်ရှိတယ်၊ သူ့အသက်ကို အလကား ဘာလို့သတ်မလဲ' ဟုတွေးလျက် ကဏ္ဍတသည် ပင့်ကူကို လွှတ်လိုက်သည်။

ငရဲကို လှမ်းမျှော်ကြည့်တော်မူရင်း ဗုဒ္ဓသည် ပင့်ကူကို ကယ်ခဲ့ဖူးသော ကဏ္ဍတအား သတိရသွားသည်။ ယင်း



ကောင်းမှုကို စဉ်းစားဆင်ခြင်ပြီးလျှင် အကယ်၍ ဖြစ်နိုင်ပါက ကဏ္ဍတအား ငရဲမှထုတ်ဆယ်ကယ်တင်လိုသည့်ဆန္ဒ ဖြစ်လာသည်။

ဘေးပန်းကို ကြည့်တော်မူလိုက်သည့်ခါ ကံအားလျော်စွာ ပင့်ကူတစ်ကောင် ကြာရွက်များကြားထဲတွင် ချည်မျှင်ရက်နေသည်ကို တွေ့မြင်တော်မူသည်။ ဗုဒ္ဓသည် ပင့်ကူချည်မျှင်ကို ရုတ်တရက် ဆွဲယူတော်မူပြီးလျှင် ပဒုမ္မာကြာပွင့်များကြားထဲမှ ပင့်ကူချည်မျှင်ကို ငရဲသို့ ချပေးလိုက်သည်။

ငရဲ၌ကား သွေးကန်ထဲတွင် ကဏ္ဍတသည် တခြားငရဲခံနေရသူများနှင့်အတူ မြုပ်ချည်ပေါ်ချည် ဖြစ်နေသည်။ တစ်ချိန်တွင် ကဏ္ဍတသည် သွေးကန်ထဲမှ ကောင်းကင်ပေါ်မော့ကြည့်လိုက်သည်တွင် ကောင်းကင်မှ ပင့်ကူချည်မျှင်တစ်မျှင် သူ့ဆီတန်းကျလာသည်ကို တွေ့ရသည်။ ဝမ်းသာအားရဖြစ်သွားပြီးလျှင် ကဏ္ဍတသည် ပင့်ကူချည်မျှင်ကို လက်နှစ်ဖက်ဖြင့် လှမ်းကိုင်လျက် ရှိသမျှအားကို သုံးပြီး တွယ်တက်သွားသည်။

ခရီးအတော်လှမ်းလှမ်း တက်သွားပြီးသောအခါ မောလာသည်ဖြစ်၍ တစ်အောင့်နားလိုက်သည်။ ထိုအတွင်း အောက်ဘက်ငုံ့ကြည့်လိုက်သောအခါ တခြားငရဲခံရသူများလည်း ပင့်ကူချည်မျှင်အစွန်းကို ကိုင်လျက် သူ့နောက်က တွယ်တက် လိုက်ပါလာကြသည်ကို တွေ့မြင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကဏ္ဍာတက 'ဟော့ကောင်တွေ ဘယ်သူက ခွင့်ပြုလို့ လိုက်လာကြတာလဲ၊ အခုချက်ချင်းပြန်ဆင်းကြ' ဟူ၍ ဟစ် အော်ပြောလိုက်သည်။ ယင်းသို့ပြောလိုက်သည်နှင့်တစ်ပြိုင်နက် ထိုအချိန်ထိ ဘာမှချွတ်ယွင်းခြင်းမရှိသော ပင့်ကူချည်မျှင် သည် ကဏ္ဍာတ တွဲလွဲခိုထားသည့်နေရာမှ ထောက်ခနဲ ပြတ် သွားသည်။ ကဏ္ဍာတလည်း ဒလိမ့်ခေါက်ကွေး ငရဲပြန်ကျ သွားသည်။

နတ်ရေကန်ဘောင်တွင် ရပ်နေတော်မူသော ဗုဒ္ဓသည် မိမိတစ်ဦးတည်း ကိုယ်လွတ်ရုန်းလိုသော၊ ကိုယ်ကျိုးကိုသာ ကြည့်သော၊ အတ္တစွဲကြီးသောစိတ်ထားကြောင့် ငရဲ၏ သွေး ကန်ထဲ ပြန်ကျသွားသော ကဏ္ဍာတကို မဟာကရုဏာတော် ဖြင့် ကြည့်လိုက်ပြီးလျှင် စင်္ကြံလျှောက်မြဲ လျှောက်နေတော် မူသည်။

ယင်းဝတ္ထုနှင့် ဦးတည်ချက်ချင်းတူသော အခြားဝတ္ထု တစ်ပုဒ်လည်း ရှိသေးသည်။ ထိုဝတ္ထုမှာ ရာမတိရထ ဆွာမိ၏ အိန္ဒိယပုံဝတ္ထု ဖြစ်သည်။

ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်သည့်အချိန်တွင် သူဆင်းရဲမိန်းမ ကြီးတစ်ယောက် ကွယ်လွန်သွားသည်။ ယမမင်းက ထိုမိန်းမ ကြီး ပြုခဲ့သော ကောင်းမှု၊ မကောင်းမှုများကို စစ်ဆေးကြည့် သောအခါ ကုသိုလ်ကောင်းမှု ဘာတစ်ခုမှ ပြုခဲ့သည်ကို မတွေ့ရဘဲ တစ်ချိန်က ထမင်းငတ်နေသည့် သူတောင်းစား



တစ်ဦးအား မုန်လာဥတစ်ဥ ပေးကမ်းဖူးသည်ဆိုသည့် အချက် တစ်ချက်ကိုသာ တွေ့ရသည်။

ယမမင်း၏ အမိန့်ဖြင့် မုန်လာဥ ပေါ်လာသည်။ မုန်လာဥက မိန်းမကြီးကို နတ်ပြည်သယ်ဆောင်သွားလိမ့် မည်။

မိန်းမကြီးသည် မုန်လာဥကို ကိုင်ထားလိုက်သည်။ မုန်လာဥက မိန်းမကြီးကို သယ်ဆောင်ပြီး အပေါ်မြောက်တက် သွားသည်။

ထိုအခိုက် ယခင် သူတောင်းစား ပေါ်လာသည်။ သူတောင်းစားသည် မိန်းမကြီး၏ ထဘီအနားစကို ဆွဲကိုင် ပြီး တက်လိုက်သွားသည်။ ထိုမျှမကသေးပေ။ တတိယလူ ပေါ်လာပြီး တတိယလူက သူတောင်းစား၏ ခြေထောက်ကို ကိုင်လိုက်သွားသည်။ ထို့မျှသာမက နောက်ထပ် တစ်ယောက် ပြီးတစ်ယောက် တွယ်ကပ်လိုက်လာကြသည်မှာ တသီ တတန်းကြီး ဖြစ်နေသည်။

ထူးဆန်းသည်မှာ မိန်းမကြီးသည် သူ့ကိုဆွဲပြီး လူပေါင်း များစွာ တက်လိုက်လာကြသော်လည်း နည်းနည်းလေးမှ ဝန်မလေးပေ။ နောက်ကလူတွေ လိုက်ပါလာမှန်းပင် မသိ ရပေ။

နတ်ပြည်တံခါးဝ ရောက်သွားကြသည်။ နတ်ပြည် တံခါးဝအရောက်တွင် မိန်းမကြီးသည် အောက်ဘက်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ငုံ့ကြည့်လိုက်သောအခါ နောက်ကလူတွေ တသီတတန်းကြီး ပါလာသည်ကို တွေ့မြင်သွားသည်။

ဤတွင် ဘာစိတ်ကူးပေါက်လာသည်မသိ အော်ပြော လိုက်သည်။

'ဟော့... ဒါ ငါ့မုန့်လာဥ၊ ဆင်းကြအကုန်'

မိန်းမကြီးသည် နောက်ကလိုက်ပါသည့် လူများကို လက်ပြလိုသည့်အတွက် ကိုင်ထားသောလက်ကို အမှတ်တမဲ့ လွှတ်လိုက်ရာ လက်ထဲက မုန်လာဥ လွှတ်သွားပြီး မိန်းမကြီး နှင့်အတူ တခြားလူများပါ တသီတတန်းကြီး အောက်ဘက် ပြုတ်ကျသွားသည်။

ယင်းဝတ္ထုနှစ်ပုဒ်ကဲ့သို့ 'အတ္တ'ကိုသာ မကြည့်ဘဲ 'ပရ'ကိုလည်း ကြည့်ရှုသင့်ကြောင်း ရေးသားဖော်ပြထား သော ဝတ္ထုတစ်ပုဒ်မှာ ပေါလ်ကာရု(ပေါလ်ကောရပ်)၏ 'ကဲ' ဝတ္ထုဖြစ်သည်။ ('ကဲ'ဝတ္ထုကို ကျွန်ုပ်၏ 'နိဗ္ဗာန်'စာအုပ်တွင် မြန်မာပြန်ဆိုရေးသား ဖော်ပြထားသည်။) ယင်း 'ကဲ'ဝတ္ထုနှင့် ပတ်သက်၍ လီယိုတော်စတွိုင်းက ဤသို့ ရေးသားထား သည်။

'ဤဝတ္ထု၌ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သုခသည် မိမိတို့ အပေါင်းအဖော်အားလုံး၏ သုခနှင့် ချည်နှောင်မထား သရွေ့ အတုအယောင်သာဖြစ်၏ ဟူ၍ ရှင်းလင်းဖော်ပြထား ချက်သည် အလွန်နှစ်သက်ဖွယ်ကောင်းသည်။ ဓားပြသည်



ငရဲမှလွတ်လာပြီး သူတစ်ဦးတည်း၏ သုခကို စဉ်းစားသည့် အချိန်မှစ၍ သူ၏ သုခ ပျောက်ကွယ်သွားသည်'

ဤဗုဒ္ဓဘာသာဝတ္ထုသည် ခရစ်ယာန်ဘာသာတရားက ဖော်ပြထားသော အခြေခံ အမှန်တရားနှစ်ခုကိုလည်း မီးမောင်း ထိုးပြထားသည်။ ယင်း အခြေခံအမှန်တရားနှစ်ခုမှာ ဤသို့ ဖြစ်သည်။ ပုဂ္ဂိုလ်ရေးကို စွန့်လွှတ်မှသာလျှင် တည်မြဲသည်။ မိမိ၏ ဘဝကိုစွန့်လွှတ်သူသည် မိမိ၏ဘဝကို တွေ့လိမ့်မည်။ (Matt X.39) ထို့ပြင် လူတို့၏ကောင်းကျိုးသည် ဘုရား သခင်နှင့် လူတို့ ပေါင်းစည်းမှသာလျှင်လည်းကောင်း၊ ဘုရား သခင်မှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး ပေါင်းစည်းမှသာလျှင် လည်းကောင်း တည်ရှိနိုင်ပေသည်။ 'သင်သည် ကျွန်ုပ်၌ ရှိသကဲ့သို့လည်းကောင်း၊ ကျွန်ုပ်သည် သင်၌ ရှိသကဲ့သို့ လည်းကောင်း သူတို့လည်း ကျွန်ုပ်တို့တွင် ရှိကြ၏။ (John XVII.21)

အထက်ပါ ဝတ္ထုသုံးပုဒ်သည် လူတို့အား တစ်ဦးနှင့် တစ်ဦး ကိုယ်ချင်းစာနာ မေတ္တာထားကြရန် အချင်းချင်း ကူညီရိုင်းပင်းကြရန် ညီအစ်ကိုသားချင်းစိတ် မွေးမြူကြရန်၊ ပရဟိတစိတ်ထားကြရန် ဦးတည်ချက်ထားပြီး ရေးသားထား ကြသော ဝတ္ထုများဖြစ်သည်။ ပေါလ်ကာရု၏ 'ကဲ'ဝတ္ထုနှင့် ပတ်သက်၍ တော်လစတွိုင်း ဝေဖန်သုံးသပ်သည့်အတိုင်းပင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ချမ်းသာသုခသည် လူ့အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



အစည်း၏ ချမ်းသာသုခနှင့် ယှဉ်တွဲနေသည်။ လူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာမှ လူတစ်ယောက်၏ ဘဝလည်း ငြိမ်းချမ်းသာယာမှု ရှိလိမ့်မည်။

ထို့ကြောင့် မိမိ ပတ်ဝန်းကျင် မိမိလူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာအောင်လုပ်ရန်မှာ လူတိုင်း၏တာဝန်ဝတ္တရားဖြစ်သည်။

□

## ဖူဂျီ-တောင်လား ငြိမ်းချမ်းရေးသမန်လား

"ဖူဂျီ"

ဤအမည်နာမကို ကြားလိုက်ရသည်နှင့် ဂျပန်ပြည်တွင် ထင်ရှား ကျော်ကြားသော ဂျပန်လူမျိုးတို့ လေးစားမြတ်နိုးသော ဂျပန်ပြည်၏ အလှအပဆုံး အထိမ်းအမှတ်ဖြစ်သော ဖူဂျီတောင်ကို ပြေးပြီးသတိရကြလိမ့်မည်။ သို့သော် ဂျပန်ပြည်တွင် ထင်ရှားကျော်ကြားသော ဂျပန်လူမျိုးတို့ လေးစားမြတ်နိုးသော အခြား "ဖူဂျီ"ရှိသေးသည်။ ယင်း "ဖူဂျီ"ကား ဖူဂျီတောင်ကဲ့သို့ သက်မဲ့မဟုတ်ပေ။ သက်ရှိလူသား ဖြစ်သည်။ သာမန် သက်ရှိလူသားမျှသာမက လျှော်တေသင်္ကန်းဝတ်ရုံဝတ်ထားသည့် ဘုရားသားတော် ဗုဒ္ဓဘာသာဘုန်းတော်ကြီး ဖြစ်သည်။

သူ့အမည်ကို "ဖူဂျီ"ဟုခေါ်သည်။ သူသည် ဖူဂျီတောင်လို ထင်ရှားကျော်ကြားနေသည်။ ဖူဂျီတောင်လိုပင် ဂျပန်

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးတို့၏ လေးစားမြတ်နိုးမှု ခံနေရသည်။ သူ့ကို ဂျပန်လူမျိုးများကသာမက ကမ္ဘာ့နိုင်ငံအတော်များများကလည်း အသိအမှတ်ပြုကြသည်။ သူ အဘယ်ကြောင့် ယင်းသို့ ထင်ရှားကျော်ကြားသနည်း။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် သူ၏ ဆောင်ရွက်ချက်များကြောင့် ထင်ရှားကျော်ကြားနေခြင်းဖြစ်သည်။

စက်တင်ဘာလအတွင်း တစ်ခုသောနေ့ရက်၌ အင်္ဂလန်တွင် ဗုဒ္ဓဘာသာနှင့်ပတ်သက်သည့် ပွဲသဘင်တစ်ခု ကျင်းပပြုလုပ်သည်။

ယင်းပွဲသဘင်သည် ထိုနိုင်ငံ၌ တစ်ခါမျှ မကြုံဖူးသည့် ပွဲသဘင်မျိုးဖြစ်သည်။ လန်ဒန်မှ မိုင်ငါးဆယ်လောက်ဝေးသည် မိလတန် ကီယွန်စ်အရပ်၌ ကိုးကွယ်တည်ထားသော ကမ္ဘာ့အေးစေတီဖွင့်ပွဲအခမ်းအနား ကျင်းပသည့် ပွဲသဘင်ဖြစ်သည်။

ယင်းပွဲသဘင်သို့ အင်္ဂလန်တွင် ရှိနေကြသည့် ကမ္ဘာ့အရပ်ရပ်မှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် ဗုဒ္ဓဘာသာဝင်များ တစ်ခဲနက် တက်ရောက်ကြသည်။ အင်္ဂလန်တွင် စေတီကြီးတစ်ဆူ တည်မိသွားလေပြီ။

ယင်း ကမ္ဘာ့အေးစေတီကို တည်သူမှာ ဂျပန်ဘုန်းတော်ကြီး ဖူဂျီ ဖြစ်သည်။ ယင်းစေတီကို ၁၉၇၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့က အုတ်မြစ်ချသည်။ တစ်နှစ်ကျော်ကျော်အကြာ



တွင် စေတီကြီး ပြီးစီးသွားသည်။ ယင်းစေတီ ပြီးမြောက်အောင်မြင်သွားသဖြင့် အင်္ဂလန်ရှိ ဗုဒ္ဓဘာသာဝင်မှန်သမျှ နှစ်ထောင်းအားရ ဝမ်းသာမဆုံး ဖြစ်နေကြသည်။ စေတီဖွင့်ပွဲအခမ်းအနားကို စေတီတည်သူ ဘုန်းတော်ကြီး ဖူဂျီနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာဝင်များ အင်တိုက်အားတိုက် တက်ရောက်ကြသည်။

ဘုန်းတော်ကြီး ဖူဂျီတည်သည့် ကမ္ဘာ့အေးစေတီများသည် ယခု အင်္ဂလန်ပြည်ရှိ စေတီနှင့်ဆိုလျှင် ကမ္ဘာ့အရပ်ရပ်တွင် စုစုပေါင်း အဆူပေါင်း ခြောက်ဆယ်ရှိသွားပြီဟု သိရသည်။ သူ့မိခင်တိုင်းပြည် ဂျပန်ပြည်တွင်လည်း စေတီတည်သည်။

အိန္ဒိယပြည် ရာဇဂြိုဟ်တွင်လည်း ဘုန်းတော်ကြီး ဖူဂျီတည်သည့် ကမ္ဘာ့အေးစေတီတစ်ဆူရှိသည်။ အိန္ဒိယနိုင်ငံ ဗီဟာရ်ပြည်နယ် ပတ္တနားမြို့မှ မိုင်ခြောက်ဆယ်အဝေးရှိ ရာဇဂြိုဟ် ရတနာဂိရိတောင်ပေါ်၌ ပေ ၁၆၀ ဉာဏ်တော်အမြင့်ရှိသည့် ကမ္ဘာ့အေး စေတီကြီးကို ဖူဂျီသည် ၁၉၆၅ ခုနှစ်လောက်ကတည်းက တည်သည်။ စေတီအုတ်မြစ်ချသူမှာ ထိုစဉ်က အိန္ဒိယနိုင်ငံသမ္မတဖြစ်သည့် ရာဇကရိရှ်နန်ဖြစ်သည်။ ၁၉၆၈ ခုနှစ်တွင် စေတီတည်၍ပြီးသည်။

ဘုန်းတော်ကြီး ဖူဂျီသည် ဂျပန်ပြည် ကျူရှူကျွန်းဒေသ တောင်အနီးရှိ ဆာကာနာရှိအမည်ရှိ ရွာတွင် ၁၈၈၅ ခုနှစ်က

www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားခဲ့သည်။ ယခု အသက် ၈၅ နှစ်ရှိပြီ။ ဤမျှ အသက်အရွယ် အိုမင်းရင့်ရော်နေပြီဖြစ်သော်လည်း ကမ္ဘာကြီးငြိမ်းချမ်းသာယာရေးအတွက် ကမ္ဘာ့နိုင်ငံ အသီးသီးသို့ လှည့်လည်ပြီး ကမ္ဘာ့အေးစေတီများကို တစ်ဆူပြီးတစ်ဆူ တည်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေး၊ လက်နက်လျှော့ပေါ့ရေးတို့အတွက် လှုံ့ဆော်သည်။

အိန္ဒိယအစိုးရက ၁၉၇၈ ခုနှစ်၊ နိုဝင်ဘာတွင် ဂျပန်ဘုန်းတော်ကြီး ဖူဂျီအား ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာအချင်းချင်း နားလည်မှု ရရှိရေးအတွက် လုံးပန်းသောကြောင့် နေရူးဆုကို ချီးမြှင့်ပေးအပ်သည်။ ဆုအတွက် ချီးမြှင့်ငွေမှာ ရူပီငွေတစ်သိန်းဖြစ်သည်။ ထိုအချိန်က အိန္ဒိယ ဒုသမ္မတ ဘီ.ဒီ.ဂျတ္တီက ဤသို့ ကြေညာခဲ့သည်။

"ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့လူသားများ တစ်ဦးနှင့်တစ်ဦး နားလည်ရေး မေတ္တာထားရေးကို ကြိုးစားအားထုတ်သည့်အတွက် ဖူဂျီအား နေရူးဆုချီးမြှင့်ခြင်း ဖြစ်သည်။ ဘုန်းတော်ကြီးဖူဂျီသည် နှစ်ပေါင်းများစွာ ဖောက်ချပြီး ကိုယ်ကျိုးလုံးဝမငဲ့ဘဲ ငြိမ်းချမ်းရေးအတွက် ကမ္ဘာ့လူသားများ စိတ်ကောင်းမွေးမြူရေးနှင့် လက်နက်လျှော့ပါးရေးအတွက် ကြိုးပမ်းအားထုတ်လာခဲ့သူဖြစ်သည်။ ယင်းရည်မှန်းချက် အောင်မြင်ရေး အတွက် အာရှနိုင်ငံ လှည့်လည်ပြီး မနေမနား တရားဓမ္မဟောကြားသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့လူ



သားများ တစ်ဦးနှင့်တစ်ဦး နားလည်ရေးအတွက် ဖူဂျီသည် ဆထက်တပိုး တိုးတက်ပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေ။

မဟာကရုဏာတော်ရှင် ဗုဒ္ဓသည် ငြိမ်းချမ်းရေးကို အထူး လိုလားတော်မူသည်။ ဗုဒ္ဓလက်ထက်တော်အခါက တစ်နေ့သောအခါ၌ သကျနှင့် ကောလိယတို့သည် မြစ်ရေကို သူပိုင်သည် ငါပိုင်သည်ဟု အချင်းများပြီး စစ်မက်ဖြစ်ပွားသည်။

ရေကို အကြောင်းပြုပြီး သွေးချောင်းစီးခဲ့ကြသည်။ ထိုအခါ ဗုဒ္ဓက ကြားဝင်ပြီး ဖျန်ဖြေပြောကြားစေတော်မူသည်။ ဗုဒ္ဓ၏ တရားဒေသနာတော်တစ်ခုလုံးကို ခြုံကြည့်လျှင် သတ္တဝါတို့၏ အဇ္ဈတ္တနှင့် ဗဟိဒ္ဓငြိမ်းချမ်းရေးကို ဦးတည်ချက်ထားသည့် တရားဒေသနာ များသာလျှင် ဖြစ်သည်။

ဗုဒ္ဓ၏ထုံးကို နှလုံးမူလျက် ဖူဂျီသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အသက်အရွယ် အိုကြီးအိုမ ဖြစ်လင့်ကစား ကမ္ဘာအနှံ့အပြား လှည့်လည်သွားလာနေသည်။ ကမ္ဘာ့အနှံ့အပြားတွင် ကမ္ဘာ့အေးစေတီကြီးများကို တည်သည်။ ငြိမ်းချမ်းရေးနှင့် လက်နက်လျှော့ပေါ့ရေးကို လှုံ့ဆော်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တစ်ခုတည်းသောနည်းလမ်းမှာ လက်နက်ဖျက်သိမ်းရေးဖြစ်သည်ဟု သဘောပိုက်ပြီး လက်နက်နိုင်ငံကြီးများအား လက်နက်လျှော့ပေါ့ကြရန်နှင့် လက်နက်ဖျက်သိမ်းကြ

www.burmeseclassic.com

www.burmeseclassic.com



ရန် ပန်ကြားသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဖူကျီ၏ ကြိုးပမ်းချက်သည် မည်မျှအရာရောက် မည်နည်း။ ဖူကျီကမူ ကမ္ဘာ့လူသားများ ငြိမ်းချမ်းရေးအသိတရား ပေါ်သလောက် ပေါ်လာလျှင် သူ ကြိုးပမ်းရကျိုးနပ်သည်ဟု အယူရှိသည်။

ဖူကျီကို အိန္ဒိယနိုင်ငံက 'ဖူကျီဝုရုကျီ'ဟု ခေါ်ကြသည်။

ဖူကျီယာမတောင် ပြိုလဲသွားချင်သွားမည်ဖြစ်သော်လည်း ဘုန်းတော်ကြီးဖူကျီ၏ ငြိမ်းချမ်းရေးကြိုးပမ်းချက်ကား ပြိုလဲသွားလိမ့်မည် မဟုတ်ပေ။

□

## ပန်းချီသရာ၏ မျိုးချစ်စိတ်

ပဉ္စဝဂ္ဂီရဟန်းငါးပါးအား မြတ်စွာဘုရား ဓမ္မစကြာတရားဦးဟောရာ ဗာရာဏသီမြို့အနီးက မိဂဒါဝုန်သည် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓနှင့်ပတ်သက်သော သံဝေဇနီယလေးဌာန နေရာမြတ် လေးပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ ဘီစီသုံးရာစုက အသောကမင်းတရားကြီးသည် သံဝေဇနီယ လေးဌာနတွင် အထိမ်းအမှတ် ကျောက်တိုင်များ စိုက်ထူထားခဲ့သည့်အတွက်ကြောင့်သာ နောင်းလူများ ဤနေရာကား ဗုဒ္ဓဂယာ၊ ဤနေရာကား မိဂဒါဝုန်၊ ဤနေရာကား လုမ္ဗိနီဟူ၍ သိကြရခြင်း ဖြစ်သည်။

ဆာရနတ် ခေါ် မိဂဒါဝုန်၌ ယခင်က ရှေးဟောင်းအမှတ်အသား အဖြစ် အသောကကျောက်တိုင်၊ ဓမ္မေခပုထိုးတော်ကြီး၊ ကျောင်းတော်ရာများ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သောနှစ် ၁၀၀ ခန့်က အနာဂါရိက ဓမ္မပါလသည် မိဂဒါဝုန်၌ ဗုဒ္ဓဂယာက မဟာဗောဓိ စေတီပုံသဏ္ဌာန် 'မူလ ဂန္ဓကုဋီ ဝိဟာရ'အမည်ရှိ ကျောင်းတော် အဆောက်အအုံ အသစ်တစ်ခု ဆောက်လုပ်သည်။

အိန္ဒိယဘုရားဖူး ခရီးသည်များသည် မိဂဒါဝုန်တွင် 'မူလ ဂန္ဓကုဋီဝိဟာရ'ကို တွေ့ကြလိမ့်မည်။ မူလ ဂန္ဓကုဋီ ဝိဟာရအတွင်း၌ ဘုမိဖဿမုဒြာဖြင့် ထုလုပ်ထားသော ရှေး အကျဆုံး မူလဓမ္မစကြာဟောဟန် ရုပ်တုတော်ကိုလည်း ဖူးတွေ့ရလိမ့်မည်။

မူလ ဂန္ဓကုဋီဝိဟာရ၏ အခြား ထူးခြားချက်တစ်ခုမှာ အတွင်းနံရံနှစ်ဖက်၌ ရှိသော ဗုဒ္ဓဝင် ပန်းချီလက်ရာများ ဖြစ်သည်။

ယင်းပန်းချီလက်ရာများကို ပုံဖော်သူမှာ ဂျပန်အနုပညာ ရှင် ဖြစ်သည်။

မူလ ဂန္ဓကုဋီဝိဟာရ ဆောက်ပြီးစက ကျောင်းတော်၏ နံရံတွင် ဗုဒ္ဓဝင်ပန်းချီရေးဆွဲရန် ဂျပန်နိုင်ငံမှ ပန်းချီဆရာတစ်ဦး ရောက်ရှိလာသည်။

ဂျပန်ပန်းချီဆရာသည် တစ်နေ့လုံး အာရုံစူးစိုက်ပြီး နံရံ ပန်းချီကားကို ရေးဆွဲသည်။

ညနေချမ်းအချိန်ရောက်လာမှသာ တစ်နေ့တာ ပန်းချီ



ရေးဆွဲသည့် အလုပ်ရပ်နားပြီး သူကိုယ်တိုင် ထမင်းချက် စားသည်။

ထမင်းကလည်း ထွေထွေထူးထူး မဟုတ်ပေ။ အိုးထဲ တွင် ဆန်၊ ပဲ၊ အာလူးရောထည့်ပြီး ပဲထမင်း၊ အာလူးထမင်း ချက်စားခြင်း ဖြစ်သည်။

တစ်နေ့ အနုပညာရှင် ဂျပန် ထမင်းချက်ဖို့ ပြင်ဆင် နေချိန် ရဟန်းတစ်ပါး ပန်းချီဆရာအနီး ရောက်သွားသည်။ ပန်းချီဆရာသည် ပုံးတစ်ပုံးထဲက ဆန်အနည်းငယ်ကို ထမင်း ချက်မည့် အိုးထဲက ဆန်ထဲ ရောထည့်နေသည်။

ရဟန်းသည် ပန်းချီဆရာ၏ ထူးခြားသော အပြုအမူကို တွေ့ရ၍…

'ထမင်းချက်မယ့်ဆန်ထဲ ပုံးထဲက ဆန်အနည်းငယ် ဘာဖြစ်လို့ရော ထည့်သလဲ၊ ပုံးထဲက ဆန်က ဘယ်လိုထူးခြား မှုရှိလို့လဲ'

ဟု မေးလိုက်သည်။

ပန်းချီဆရာက ထမင်းအိုးကို မီးဖိုပေါ်တင်ရင်း ပြောပြ သည်။

'ပုံးထဲကဆန်က တပည့်တော်တို့ ဂျပန်ပြည်မှာ စိုက်တဲ့ ဆန်စပါးပါ၊ အမိနိုင်ငံတော်ကို လေးစားတဲ့အနေနဲ့ ဂျပန်ပြည် က ဆန်ကို အနည်းအကျဉ်းဖြစ်ဖြစ် တပည့်တော် ထည့်ထည့် ချက်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ပန်းချီဆရာ၏ အဖြေစကား ကြားရသောအခါ စုံစမ်းမေးမြန်းသော ရဟန်းသည် ဂျပန်အနုပညာရှင်၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို သိရသည့်အတွက် အကြီးအကျယ် အံ့သြသွားသည်။

❒

## အလင်းနှင့် အမှောင်

အသောကမင်းတရားကြီး၏ ဘဝတွင် အမှောင်ပိုင်းနှင့် အလင်းပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းရှိသည်။

ထီးနန်းစိုးစံပြီးနောက် ပထမပိုင်းတွင် အသောကသည် စစ်သွေးစစ်မာန်ကြွနေပြီး လက်နက်အားကိုးနှင့် နယ်ချဲ့လိုသောစိတ်ဓာတ် ကိန်းအောင်းနေသည့်ဘုရင်ဖြစ်သည်။

ထို့ကြောင့် သူ့ဘဝ အပိုင်းနှစ်ပိုင်း ရှိသည့်အနက် စစ်သွေးစစ်မာန်ကြွပြီး နယ်ချဲ့စိတ်ဓာတ် ကိန်းအောင်းနေသော အမှောင်ပိုင်းက အသောကကို 'စဏ္ဍာသောက'ဟု ခေါ်ကြသည်။

စဏ္ဍာသောကဟူသော အမည်နာမမှာ စိတ်ကြမ်းကိုယ်ကြမ်းရမ်းချင်တိုင်း ရမ်းနေသော အသောကဟု ဆိုလိုခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့လိုသော စိတ်ဓာတ်ကိန်းအောင်းနေသည့်အတွက် အမှောင်ပိုင်းက မထွက်နိုင်သေးသော အသောကသည် တစ်ချိန်တွင် သူ့ဘုရင် သူ့ထီးနန်းနှင့် တသီးတခြားတည်ရှိနေသော ကလိင်္ဂတိုင်းပြည်ကို အလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

ယင်းစစ်ပွဲ၌ ကလိင်္ဂပြည်သူပြည်သား တစ်သိန်းခန့် သေကျေပျက်စီးသွားသည့်အပြင် ထိုမျှမကသော ပြည်သူပြည်သားများသည်လည်း အိုးမဲ့အိမ်မဲ့ဘဝ ရောက်သူကရောက်၊ ဒုက္ခရာအနှာတရ ရသူကရပြီး စကားဖြင့် ထုတ်ဖော်ပြောပြ၍ မရနိုင်လောက်အောင်ပင် အတိဒုက္ခရောက်ကြရသည်။

အဆိုးထဲက အကောင်းပေါ်လာသည်။ နွံထဲက ကြာပေါက်လာသည်။

အနိဋ္ဌာရုံထဲက ဣဋ္ဌာရုံ ပေါ်လာသည်။

အမှောင်ထဲက အလင်းရောင် ပြက်လာသည်။ ကလိင်္ဂစစ်ပွဲသည် အသောကမင်းတရားကြီး၏ ဘဝကို ပြောင်းပစ်လိုက်သည်။

ဘုရင် အသောကကို အမှောင်ထဲက ဆွဲထုတ်ပြီး အလင်းသို့ ပို့လိုက်သည်။

ကလိင်္ဂစစ်ပွဲကြောင့် ကလိင်္ဂနယ်မြေတွင် ကလိင်္ဂပြည်သူပြည်သားများ သွေးချောင်းစီးသွားပုံကို တွေ့မြင်ရသော



အခါ အသောက ဘုရင်မင်းတရားကြီးသည် ထိတ်လန့်တုန်လှုပ်သွားသည်။

စစ်၏ အနိဋ္ဌာရုံများသည် အသောကအား သတိသံဝေဂ ရစေပြီးလျှင် 'စဏ္ဍာသောက' ဘဝမှ 'ဓမ္မာသောက' ဘဝ ရောက်အောင် ပြုပြင်ပြောင်းလဲ ပစ်လိုက်သည်။

အသောက၏ နောက်ပိုင်းဘဝသည် အမှောင်ထဲက ထွက်လာပြီး အလင်းရောင်ထဲ ရောက်လာသောဘဝဖြစ်သည်။

ထိုအချိန်မှအစပြု၍ အသောကမင်းတရားကြီးသည် စစ်စည်တော်ကို ယွန်းမည့်အစား ဓမ္မစည်တော်ကိုသာ ယွန်းလေတော့သည်။

မီးလောင်မြေထဲက ငြိမ်းချမ်းရေးကြာပန်းများ ပွင့်လာသည်။

စစ်မီး လောင်ကျွမ်းသဖြင့် အကိုင်းအခက် ဝေဝေဆာဆာမရှိတော့သော သစ်ငုတ်ပေါ်၌ နားနေသော ငြိမ်းချမ်းရေးချိုးငှက်သည် ငြိမ်းချမ်းရေးတေးကို သီဆိုကျူးရင့်နေသည်။

သူ့ဘဝ၏ အလင်းပိုင်းရောက်လာသောအခါ သီရိဓမ္မာသောက မင်းကြီးသည် တိုင်းပြည်အနှံ့အပြား စေတီပုထိုးများကို ကိုးကွယ်တည်ထားသည်။ ဓမ္မကျောက်စာများကို စိုက်ထူထားသည်။

www.burmeseclassic.com



ယင်းစေတီပုထိုးများနှင့် ဓမ္မကျောက်စာများသည် စစ်မီးလောင်ကျွမ်းသော နယ်မြေမှ ပြန်ရောက်လာသော အသောကမင်းတရားကြီး၏ စစ်ရိုပ်စစ်ငွေ့မရှိတော့ပြီဖြစ်သည့် ပိုင်နက်နယ်မြေ၌ ပေါက်လာသော ငြိမ်းချမ်းရေးကြာပန်း ကြာပွင့်များနှင့် တူသည်။

ယင်းငြိမ်းချမ်းရေး ကြာပန်းကြာပွင့်များ၌ ကိန်းအောင်း နေသော ငြိမ်းချမ်းရေးရနံ့များသည် ပြည်တွင်း၌သာမက ပြည်ပသို့ ပျံ့နှံ့ကြိုင်လှိုင်နေသည်။

အသောက မင်းတရားကြီး၏ တတိယသင်္ဂါယနာတွင် ဓမ္မနှင့် ဝိနယကို စုပေါင်းရွတ်ဖတ်သရဇ္ဈာယ်ကြသော ရဟန်းတော်များ၏ အသံတော်သည် ငြိမ်းချမ်းရေးတေးသံသဖွယ် လေလှိုင်းထဲတွင် ပျံ့နှံ့နေသည်မှာ ခေတ်အဆက်ဆက်အထိ ဖြစ်သည်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီး နိဂုံးချုပ်ချိန်ရောက်ခါနီးကျမှ အမေရိကန်တို့ ကြဲချသော အဏုမြူဗုံးကြောင့် နာဂါစကီမြို့သည် မြာပုံ ဘ၀ ရောက်သွားရသည်။

နာဂါစကီကဲ့သို့ပင် ဟီရိုရှီးမားလည်း လူသားမဆန် သော ရက်စက်ကြမ်းကြုတ်မှု၏ သားကောင် ဖြစ်သွားပြီးလျှင် အဏုမြူဗုံးဒဏ်ကြောင့် လူတွေ မရေမတွက်နိုင်လောက် အောင်ပင် ဒုတိယကမ္ဘာစစ်တွင် စတေးသွားကြရသည်။



သို့သော်လည်း ထိုမျှလောက် အထိနာပြီး မြာပုံဘ၀ ရောက်သွားရသော်လည်း ဂျပန်လူမျိုးတို့၏ မဆုတ်နစ်သော လုံ့လဝီရိယကြောင့် မြာပုံပေါ်က နာဂါစကီသည် နာဂါစကီ အသစ် ပြန်ဖြစ်လာသည်။

သို့သော်လည်း ဂျပန်လူမျိုးတို့သည် အမေရိကန်၏ အဏုမြူဗုံးဒဏ်ကို ကမ္ဘာကျေသော်လည်း ဥဒါန်းကျေလိမ့် မည် မဟုတ်ပေ။

ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေသည့် အထိမ်း အမှတ်အဖြစ် နှစ်စဉ်နှစ်တိုင်း ဩဂုတ် ၉ ရက်တွင် ငြိမ်းချမ်း ရေးခေါင်းလောင်းကြီးကို ထိုးကြသည်။

ယင်း ခေါင်းလောင်းသံသည် အဏုမြူဗုံးကျသည့် အတွက် မီးလောင်ကျွမ်းသွားသော နာဂါစကီ သစ်ပင်ငုတ်တို ပေါ်၌ နားနေသည့် ငြိမ်းချမ်းရေးချိုးငှက် ကျူးရင့်လိုက်သော ငြိမ်းချမ်းရေးတေးသံ ဖြစ်သည်။

ယင်း ငြိမ်းချမ်းရေးတေးသံသည် နာဂါစကီမြို့၌ သာမက ဂျပန်ပြည်တစ်ပြည်လုံး၌သာမက ကမ္ဘာအနှံ့ ပျံ့နှံ့ သွားပြီးလျှင် စစ်လိုလားသူတိုင်းအား သတိပေးနေသကဲ့သို့ ဖြစ်နေသည်။ စစ်၏ အန္တရာယ်ကို ဟစ်ကြွေးပြောပြနေသကဲ့ သို့ ဖြစ်သည်။

ပါရဂူ

www.burmeseclassic.com